မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

အကျိုးထူးတရားလေးပါး

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)

၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက် ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၇ ရက်၊ စနေနေ့ အတွဲ(၆၆)၊ အမှတ်(၀၃၈)

ကရင်ပြည်နယ်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားလူမျိုးစုများအကြား ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်လေးစားမှုနှင့် ယုံကြည်မှုတို့ကို ပိုမိုခိုင်မာအောင် တည်ဆောက်ကြရန် လိုအပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသေရစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးမင်းအောင်လှိုင်ထံမှ (၇၁) နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

(၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်)


ချစ်ခင်လေးစားရပါသော ကရင်ပြည်နယ်အတွင်းရှိ မိဘပြည်သူ တိုင်းရင်းသားညီအစ်ကိုမောင်နမများ ခင်ဗျား -

ပြည်ထောင်စုတစ်ဝန်းလုံးနှင့် ကရင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နမများ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ လူမှုရေး၊ ပညာရေး၊ ယဉ်ကျေးမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍအသီးသီးတွင် ပါဝင်ဆောင်ရွက်နေကြသူများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာပထမ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ယနေ့ကျရောက်သည့် (၇၁)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်အခါသမယသည် ကရင်တိုင်းရင်းသားတို့၏ သမိုင်းအစဉ်အလာ၊ အမျိုးသားရေးလက္ခဏာ၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်နှင့် စည်းလုံးညီညွတ်မှုတို့ကို ပြန်လည်အောက်မေ့ဂုဏ်ယူစေသည့် နေ့ထူးနေ့မြတ်တစ်နေ့ဖြစ်ပါသည်။ ဤနေ့ထူးနေ့မြတ်တွင် ကရင်တိုင်းရင်းသားပြည်သူများအပါအဝင် ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများအားလုံး ဘေးရန်ကင်းရှင်း၍ အေးချမ်းသာယာသော လူမှုဘဝများ ပိုင်ဆိုင်နိုင်ကြပါစေ၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ အသီးသီးတွင် အောင်မြင်မှုများ ရရှိကြပါစေကြောင်း လေးနက်စွာဆုတောင်းမေတ္တာပို့သရင်း ဂုဏ်ပြုသဝဏ်လွှာ ပေးပို့အပ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❐





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး ပြုပြင်ထိန်းသိမ်းဆောင်ရွက်ထားရှိမှုအခြေအနေများ ကြည့်ရှုစစ်ဆေးစဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးနှင့် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေသို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဗိုလ်ချုပ်ကြီး ကိုကိုဦး၊ ဦးတင်ဦးလွင်၊ ဦးမျိုးသန့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရေး ပြုပြင်ထိန်းသိမ်းဆောင်ရွက်ထားရှိမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၄ ကော်လံ ၁ ❖

ကျောင်းသား ကျောင်းသူ လူငယ်များအတွက် ဒေသန္တရဗဟုသုတလေ့လာရေးခရီးစဉ်များ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိပြီး သက်ဆိုင်ရာကျောင်းများအလိုက် ပုံမှန်အလှည့်ကျ သွားရောက်နိုင်ရန် စီမံထားရှိ



နေပြည်တော် နိုဝင်ဘာ ၆

နိုင်ငံတော်၏ မူဝါဒများ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲရေးတို့ကို လေ့လာသိရှိနိုင်စေရန် ဒေသန္တရ ဗဟုသုတလေ့လာရေးခရီးစဉ်များကို ကျောင်းသား ကျောင်းသူ လူငယ်များအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိပြီး သက်ဆိုင်ရာကျောင်းများအလိုက် ပုံမှန်အလှည့်ကျ သွားရောက်နိုင်ရန် စီမံထားရှိကြောင်း သိရသည်။

ထိုသို့ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ

စာမျက်နှာ ၅ ကော်လံ ၁ ❋

မြန်မာနိုင်ငံနှင့် အိုမန်နိုင်ငံတို့အကြား လေကြောင်းပို့ဆောင်ရေးသဘောတူစာချုပ် လက်မှတ်ရေးထိုး

နေပြည်တော် နိုဝင်ဘာ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် အိုမန်စော်ဘွားနိုင်ငံတို့အကြား လေကြောင်းပို့ဆောင်ရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲကို နိုဝင်ဘာ ၂ ရက်က အိုမန်နိုင်ငံ မက်စကတ်မြို့ရှိ မြို့ပြလေကြောင်းအာဏာပိုင်အဖွဲ့ရုံးချုပ်၌ ပြုလုပ်ခဲ့ပြီး

စာမျက်နှာ ၈ ကော်လံ ၁ ❂

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားသူကြီးများ၏ တရားစီရင်ရေးမှားယွင်းမှုအပြင် ကျင့်ဝတ်၊ စီမံခန့်ခွဲမှုနှင့် လုပ်ထုံးလုပ်နည်း မလိုက်နာခြင်း၊ အားနည်းခြင်းတို့ကို သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိ

လွှတ်တော်ရေးရာ စာ ၉

ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်း နိုင်ငံ့သမိုင်းတွင် မှတ်ကျောက်တင်ခံ

နိုဝင်ဘာ ၃ ရက်က ကျင်းပခဲ့သည့် အမေရိကန် သက်တမ်း၀က် ရွေးကောက်ပွဲတွင် သမ္မတဒေါ်နယ်ထရမ့်၏ ရီပတ်ဘလီကန်ပါတီ အကြီးအကျယ်ရှုံးနိမ့်ခဲ့ခြင်း၏ အဓိကအကြောင်းရင်းမှာ ဆီရင်္ဂန်နှင့် ဖြစ်ပွားနေသည့် စစ်ပွဲနှင့် ယင်း၏နောက်ဆက်တွဲ ဂယက်ရိုက်ခတ်မှုများကြောင့်ဖြစ်သည်ဟု သမ္မတထရမ့်က ဝန်ခံပြောကြားခဲ့သည်။

အမေရိကန် ပြည်သူများသည် စစ်ပွဲဖြစ်ပွားနေခြင်းနှင့် စစ်ပွဲ၏ အကျိုးဆက်ဖြစ်သော စက်သုံးဆီဈေးနှုန်းများကြီးမြင့်မှုတို့အပေါ် အလိုမကျမှုတို့က ရီပတ်ဘလီကန်ပါတီကို မဲပေးဘဲ ဆန့်ကျင်ဘက် ဒီမိုကရက်ပါတီကို မဲပံ့အောပေးရန် တွန်းအားဖြစ်စေခဲ့သည်။ နိုင်ငံရေး လေ့လာဆန်းစစ်သူများ၏ အချက်အလက်များအရ ရီပတ်ဘလီကန်ပါတီသည် ရွေးကောက်ပွဲကို အဆုံးအဖြတ်ပေးနိုင်သည့် ကြားနေ မဲဆန္ဒရှင်များကြားတွင် ၂၀ ရာခိုင်နှုန်းခန့်အထိ အရေးနိမ့်ခဲ့ပြီး ၂၀၂၄ ခုနှစ်က ထရမ့်ကို အားပေးခဲ့ကြသည့် လက်တင်နွယ်ဖွားမဲဆန္ဒရှင်များနှင့် ကောလိပ်ဘွဲ့မရရှိထားသည့် လူဖြူမဲဆန္ဒရှင်များ၏ ထောက်ခံမှုလည်း သိသိသာသာကျဆင်းသွားခဲ့သည်ဟု ဆိုသည်။ ဒီမိုကရက်ပါတီသည် အမေရိကန်အထက်လွှတ်တော်နှင့် အောက်လွှတ်တော် နှစ်ရပ်လုံးကို ပြန်လည်လွှမ်းမိုးခဲ့ပြီး တက္ကဆက်နှင့် ကန်းဆပ်စ်ကဲ့သို့သော ရီပတ်ဘလီကန်ပါတီ အစဉ်အဆက်အားကောင်းခဲ့သည့် ပြည်နယ်ကြီးများ၌ပါ အနိုင်ရရှိသွားခဲ့ခြင်းဖြစ်သည်။ အမေရိကန် မဲဆန္ဒရှင်များအနေဖြင့် ရီပတ်ဘလီကန် အစိုးရ၏ လုပ်ဆောင်ချက်များအပေါ် စိတ်ပျက်လက်ပျက်ဖြစ်မှုက ၎င်းတို့၏ မူလထောက်ခံမှုကို လွှဲပြောင်းကာ ဒီမိုကရက်ပါတီကို အခွင့်အရေးပေးရန် ဆုံးဖြတ်စေခဲ့ခြင်းပင် ဖြစ်သည်။

“မိမိတို့ အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတကာနှင့် မိမိတို့နိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် ဖြစ်စဉ်ဖြစ်ရပ်များကို သင်ခန်းစာယူ၍ တိုင်းပြည် သာယာဝပြောရေးနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဦးတည်ချက်ထား၍ အမြဲမပြတ် ကြိုးပမ်းအကောင် အထည်ဖော်ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံ့သမိုင်း တွင် မှတ်ကျောက်တင်ခံနိုင်သည့် အစိုးရတစ်ရပ်ဖြစ်စေရေး မိမိတို့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှနှင့် နိုင်ငံ၏ရေခဲမြေခံကောင်းများ၊ အရင်း အမြစ်များကို မှန်မှန်ကန်ကန်ပေါင်းစပ်အသုံးချ၍ ကြိုးပမ်းဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း” အောက်တိုဘာ ၂၈ ရက်က ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က အမှာစကားပြောကြားရာ၌ ထည့်သွင်း ပြောကြားခဲ့သည်။

မဲဆန္ဒရှင်ပြည်သူများက ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးရွေးချယ်မှု သည် တိုင်းပြည် သာယာဝပြောရေးနှင့် မိမိတို့၏လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေး စသည့်ကောင်းမွန်သော အနာဂတ်ကို မျှော်မှန်း၍ ယုံကြည်မှုဖြင့် တာဝန်ပေးအပ်ခဲ့ကြခြင်းဖြစ်သည်။ နိုင်ငံ၏စီးပွားရေး သည် ပို့ကုန်များတင်ပို့နိုင်မှုအပေါ်တွင် တည်မှီခေနေခြင်းဖြစ်ရာ ကုန်ထုတ်လုပ်မှုကဏ္ဍမြင့်မားလာစေရန် လိုသည်။ နိုင်ငံအတွက် အဓိကဝင်ငွေရှာဖွေပေးနေသည့်ကဏ္ဍများ စွမ်းအားပြည့် အလုပ် လုပ်ကိုင်နိုင်ရေးအတွက် အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရန် လိုအပ်သကဲ့သို့ မဖြစ်မနေလိုအပ်သည့် သွင်းအားစုများကိုလည်း ဖြည့်ဆည်းပေးနိုင်ရန် လိုသည်။

“နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ယခင်က ကြုံတွေ့ခဲ့ရသော စီးပွားရေးနှင့်ပတ်သက်သည့် အခက်အခဲနှင့် သင်ခန်းစာများကိုဆန်းစစ်ဖော်ထုတ်ပြီး သုံးသပ်အဖြေရာဆောင်ရွက် သွားကြရန်လိုကြောင်း” နိုင်ငံတော်သမ္မတက ပြောကြားခဲ့သည်နှင့် အညီ အလေးအနက်ဆောင်ရွက်ကာ နိုင်ငံ၏စီးပွားရေးနှင့် ပြည်သူ လူထု၏ လူမှုစီးပွားဘဝတို့ဖွံ့ဖြိုးတိုးတက်အောင် အစွမ်းကုန် ကြိုးပမ်းကြရမည်ဖြစ်သည်။ နိုင်ငံ၏ အဓိကစီးပွားရေးဖြစ်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများမှ တန်ဖိုး မြှင့် ထုတ်ကုန်ပစ္စည်းများတိုးမြှင့်ရရှိရေး၊ ပြည်ပပို့ကုန်များ တိုးမြှင့် ရရှိရေးနှင့် မိမိတို့နိုင်ငံ၏ထုတ်ကုန်များစွေးကွက်ရရှိရေးတို့အတွက် အစိုးရ၊ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် စီးပွားရေးလုပ်ငန်းရှင် များအားလုံး လက်တွဲညီညီဆောင်ရွက်ကြရမည်လည်းဖြစ်သည်။

မိမိတို့နိုင်ငံသည် ရေခဲမြေခံကောင်းများ၊ အရင်းအမြစ်နှင့် အခွင့် အလမ်းများစွာ ပိုင်ဆိုင်ထားသကဲ့သို့ စိန်ခေါ်မှုများလည်း များစွာရှိနေ သည်။ ပြည်သူလူထုက ရွေးချယ်တင်မြှောက်သည့် အစိုးရတစ်ရပ်အနေ ဖြင့် မိမိ၏သက်တမ်းအတွင်း နိုင်ငံနှင့်ပြည်သူအကျိုးစီးပွားကို မြင့်မားသည်ထက် မြင့်မားအောင် သိသာထင်ရှားစွာ မြှင့်တင်ပေးနိုင် ရေးအတွက် နိုင်ငံ၏ အရင်းအမြစ်များကို အကျိုးရှိရှိ အထိရောက်ဆုံး အသုံးချနိုင်ရန်လိုသည်။ အထူးသဖြင့် လူသားအရင်းအမြစ်ကို အကျိုး ရှိစွာအသုံးချနိုင်ရန် စည်းရုံးမှုနှင့် စိမ်ခန်လွှဲမှုတို့ အကောင်းဆုံး ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

နိုင်ငံနှင့် ပြည်သူအတွက် အမှန်တကယ်အလုပ်လုပ်ခြင်းနှင့် စွမ်းအားပြည့်အလုပ်လုပ်ကိုင်နိုင်ရေးအတွက် အခွင့်အလမ်းများကို အမှန်တကယ်ဖော်ဆောင်ပေးခြင်းတို့ဖြင့် ရလဒ်ကောင်းများ ထွက်ပေါ်ကာ နိုင်ငံသာယာဝပြောပြီး လူမှုစီးပွားဘဝများ မြင့်မား သည်နှင့်အမျှ နိုင်ငံ့သမိုင်းတွင် မှတ်ကျောက်တင်ခံရမည်သာ ဖြစ်သည့်အကြောင်း။ ။

မြန်မာနိုင်ငံပြန်တမ်း

အမြဲတမ်းအတွင်း၀န်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာ၀န်ပေးအပ်ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှု၀န်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး၀န်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်လဲ့လဲ့အေး အား အမြဲတမ်းအတွင်း၀န်/ညွှန်ကြားရေးမှူးချုပ်တာ၀န်များကို ထမ်းဆောင်ရန် တာ၀န်ပေး အပ်လိုက်သည်။

၆ - ၁၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၅၉၃၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၁၀၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေး၀န်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘော တူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အဓိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ၃၀-၁၀-၂၀၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပြန်ကြားရေး၀န်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီအစည်းအဝေး၌ ၂၈-၉-၂၀၂၆ ရက်နေ့မှ ၁၆-၁၀-၂၀၂၆ ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် နှစ်ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် မဂ္ဂဇင်းတစ်ဦးနှင့် အထွေထွေ ၁၅ ဦး စုစုပေါင်း ၁၈ ဦးတို့အား လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါ သည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၈၇၃ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၇၈၄ ဦးနှင့် သတင်းအေဂျင်စီ လုပ်ငန်း ၅၅၂ ဦး စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၆၂၀၉ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါသည်။

ပြန်ကြားရေး၀န်ကြီးဌာန

(၆-၁၁-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်း၀ယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၆၄.၅ ~ ၃၆၇၀	၅၅၈.၂ ~ ၅၅၈.၇	၁၂၅.၅ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ရောင်း၀ယ်သည့် ပမာဏ	၁,၇၅၃,၈၅၃.၈၄	၅၃၉,၈၅၃.၇၃	၇၈,၁၀၅,၄၇၂.၆၈	

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၇ - ၁၁ - ၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၅၀၀	၄၆၈၅	၄၆၃၅	၄၅၄၅	၄၆၈၅	၄၇၀၀	၄၇၃၅	၄၆၁၅	၄၉၈၀	၅၀၁၀	၄၆၃၅	၄၇၀၀	၄၇၂၅	၄၆၈၅	၄၆၈၅	၄၉၂၅
95 Ron	၄၅၅၀	၄၇၀၅	၄၆၆၀	၄၅၆၅	၄၇၁၀	၄၇၂၅	၄၇၆၀	၄၆၃၅	၅၀၀၅	၅၀၃၅	၄၆၆၀	၄၈၀၅	၄၇၅၀	၄၇၀၅	၄၇၀၅	၄၉၃၅
HSD (500 ppm)	၄၅၅၅	၄၇၀၅	၄၆၅၅	၄၅၇၀	၄၇၁၀	၄၇၂၀	၄၇၄၅	၄၆၄၀	-	၅၁၂၀	၄၆၅၅	၅၂၂၀	၄၇၄၅	၄၇၀၅	၄၇၀၅	၄၉၃၅
HSD (50 ppm)	၅၀၂၀	၅၀၆၅	၅၀၂၂	၅၀၃၅	၅၀၆၅	၅၀၂၂	၅၀၆၅	၅၀၆၅	၅၀၃၅	၆၀၀၅	၅၀၂၂	၅၁၀၀	၅၀၂၀	၅၀၆၅	၅၀၆၅	၅၀၃၅
HSD (10 ppm)	၅၀၂၀	၅၀၆၅	၅၀၂၂	၅၀၃၅	၅၀၆၅	၅၀၂၂	၅၀၆၅	၅၀၆၅		၆၀၀၅	၅၀၂၂	၅၁၀၀	၅၀၂၀	၅၀၆၅	၅၀၆၅	၅၀၃၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၃၀၄	၄၄၂၄
95 Ron	၄၃၂၇	၄၄၄၈
HSD (500 ppm)	၄၃၄၆	၄၄၆၂
HSD (50 ppm)	၅၂၆၅	၅၃၀၀
HSD (10 ppm)	၅၂၆၅	၅၃၀၀

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ် ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂။ ၀၉-၆၈၀၅၈၉၈၈၈
စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်ဇေယျာဖြင့်၊ နေစာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန်ခွန်း၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
အကြီးတန်းသတင်းထောက် - ကျော်သူဝင်း၊ တင်မောင်လွင် ဟိန်းထက်ဇော်၊ နေ၀င်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မိုမိုအေးနှင့် ခွန်ဖွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့်အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့

နေပြည်တော်-ခုတိယစာတည်းမှူးချုပ် ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၃၊ ဖက်စ် ၀၆၇-၃၆၁၄၄၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၀၄၊ စီမံ ၀၁-၅၄၄၃၀၅၊ ဌေးရင်း ၀၁-၅၄၄၃၀၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၀၊ ၀၁- ၅၅၉၁၁၀။ Fax ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၄၀၊ ဖြန့်ချိရေး ၀၁-၅၄၄၃၀၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

E-paper

❖ ငြိမ်းချမ်းရေးသည် ဒေသဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံအုတ်မြစ်ဖြစ်သကဲ့သို့ အပြန်အလှန်ယုံကြည်မှုနှင့် နားလည်မှုတို့သည်လည်း ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးကို တည်ဆောက်ရာတွင် အဓိကကျသည့် အင်အားများဖြစ်

❖ သဘောထားကွဲလွဲမှုများကို အပြန်အလှန်လေးစားမှု၊ သည်းခံနားလည်မှုနှင့် တွေ့ဆုံဆွေးနွေးမှုတို့ဖြင့် ဖြေရှင်းနိုင်ရေး၊ အကြမ်းဖက်မှုများနှင့် ပဋိပက္ခများ လျော့နည်းပပျောက်ရေး၊ လူမှုအသိုက်အဝန်းအတွင်း ယုံကြည်မှု ပြန်လည်တည်ဆောက်ရေးတို့အတွက် သက်ဆိုင်သူအားလုံးက စိတ်ရင်းစေတနာမှန်ဖြင့် ပူးပေါင်းဆောင်ရွက်ကြရန်လို

❐ ရွှေဖုံးမှ

ကရင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အရှေ့တောင်ပိုင်းတွင် တည်ရှိပြီး သဘာဝအလှတရားများ၊ မြစ်ချောင်းအင်းအိုင်များ၊ ရေတံခွန်များ၊ စိမ်းလန်းစိုပြည်သော သစ်တောများနှင့် မြင့်မားလှပသည့် တောင်တန်းများ ပေါကြွယ်ဝသော ပြည်နယ်တစ်ခုဖြစ်ပါသည်။ အထူးသဖြင့် ဓွန်ကပင်တောင်သည် ကရင်ပြည်နယ်၏ ထင်ရှားသော သဘာဝအထိမ်းအမှတ်တစ်ခုအဖြစ် တည်ရှိနေပြီး ရှားဟောင်းစေတီပုထိုးများ၊ သဘာဝလိုဏ်ဂူများနှင့် တန်ဖိုးမဖြတ်နိုင်သော ယဉ်ကျေးမှုအမွေအနှစ်များကလည်း ပြည်နယ်၏ ဂုဏ်ကျက်သရေကို ပိုမိုထင်ရှားစေပါသည်။ ထို့ပြင် ကရင်တိုင်းရင်းသားတို့၏ ရိုးရာအနုပညာနှင့် ယဉ်ကျေးမှုလက္ခဏာများဖြစ်သည့် ကရင်ဒုံးအက၊ ဖားစည်သံနှင့် ရိုးရာဓလေ့ထုံးတမ်းများသည် ပြည်တွင်းမြို့သာမက နိုင်ငံတကာတွင်ပါ သိမှတ်ဂုဏ်ပြုခံရသည့် အဖိုးတန်အမွေအနှစ်များဖြစ်ပါသည်။

ကရင်ပြည်နယ်သည် သမိုင်းကြောင်းအရလည်း ထူးခြားအရေးပါသည့် ပြည်နယ်တစ်ခုဖြစ်ပါသည်။ ၁၉၅၁ ခုနှစ်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ချက်အက်ဥပဒေအရ သံလွင်ခရိုင်၊ ဖာပွန်ဒေသကို ကရင်ပြည်နယ်အဖြစ် သတ်မှတ်ခဲ့ပြီး ၁၉၅၂ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့တွင် ကရင်ပြည်နယ် တိုးချဲ့သတ်မှတ်ရေး အက်ဥပဒေအရ သက်ဆိုင်ရာဒေသများကို ထပ်မံထည့်သွင်း၍ မြို့နယ် ၆ မြို့နယ်ဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ၁၉၆၀ ပြည့်နှစ်၊ မတ်လ ၁ ရက်နေ့တွင် မြဝတီမြို့ကို မြို့နယ်အဖြစ် သတ်မှတ်ခဲ့သဖြင့် မြို့နယ် ၇ မြို့နယ် ရှိလာခဲ့ပါသည်။

ကရင်ပြည်နယ်နေ့ကို ၁၉၅၅ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့မှ စတင်၍ နှစ်စဉ်ကျင်းပလာခဲ့ရာ ယနေ့တွင် (၇၁) နှစ်မြောက်သို့ ရောက်ရှိခဲ့ပြီဖြစ်ပါသည်။ ဤသမိုင်းဝင်နေ့သည် ပြည်နယ်တစ်ခု၏ ပေါ်ပေါက်လာမှုကို အမှတ်ရစေရုံမျှမက ကရင်တိုင်းရင်းသားတို့၏ သမိုင်းကြောင်း၊ ရိုးရာဓလေ့ထုံးတမ်း၊ စာပေ၊ ဘာသာစကားနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားထိန်းသိမ်းရန်၊ မျိုးဆက်သစ်များထံ လက်ဆင့်ကမ်းရန်နှင့် ပြည်နယ်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့၏ တာဝန်များကို ပြန်လည်သုံးသပ်ရန် အရေးပါသည့် အချိန်အခါလည်း ဖြစ်ပါသည်။

ကရင်ပြည်နယ်အတွင်း ကရင်တိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားလူမျိုးစုအသီးသီးသည် ရှေးယခင်ကတည်းက တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် အတူတကွ နေထိုင်လာခဲ့ကြပြီး အချင်းချင်းချစ်ခင်ရင်းနှီးမှု၊ ရိုင်းပင်းကူညီမှုတို့ဖြင့် လူမှုအသိုက်အဝန်းကို တည်ဆောက်ခဲ့ကြပါသည်။ ယင်းသို့ အတူတကွယှဉ်တွဲနေထိုင်လာခဲ့သည့် အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဖြင့်တင်ပြီး အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုနှင့် လေးစားမှုတို့ကို အခြေခံသော လူမှုအသိုက်အဝန်းတစ်ရပ် တည်ဆောက်နိုင်ရေးသည် အားလုံး၏ ဘုံတာဝန်ဖြစ်ပါသည်။

လက်ရှိကာလတွင် ကရင်ပြည်နယ်အတွင်းရှိ အချို့ဒေသများ၌ ကာလကြာရှည်စွာ ဖြစ်လာသော လက်နက်ကိုင်ပဋိပက္ခများနှင့် အကြမ်းဖက်မှုများကြောင့် ဒေသခံပြည်သူများ၏ နေ့စဉ်လူမှုဘဝ၊ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးလုပ်ငန်းများအပေါ် ထိခိုက်မှုများရှိနေသည်ကို တွေ့မြင်နေရပါသည်။ သဘာဝအရင်းအမြစ်များနှင့် ဖွံ့ဖြိုးတိုးတက်ရေး အလားအလာကောင်းများ ပိုင်ဆိုင်ထားသည့် ကရင်ပြည်နယ်၏ အရင်းအမြစ်များကို အကျိုးရှိထိရောက်စွာ အသုံးချနိုင်ရန်၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရန်နှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ရန် ကရင် ပြည်နယ် တည်ငြိမ်အေးချမ်းမှုရှိရေးသည် အခြေခံလိုအပ်ချက်တစ်ရပ် ဖြစ်ပါသည်။

ငြိမ်းချမ်းရေးသည် ဒေသဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံအုတ်မြစ်ဖြစ်သကဲ့သို့ အပြန်အလှန်ယုံကြည်မှုနှင့် နားလည်မှုတို့သည်လည်း ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးကို တည်ဆောက်ရာတွင် အဓိကကျသည့် အင်အားများဖြစ်ပါသည်။ ထို့ကြောင့် သဘောထားကွဲလွဲမှုများကို အပြန်အလှန်လေးစားမှု၊ သည်းခံနားလည်မှုနှင့် တွေ့ဆုံဆွေးနွေးမှုတို့ဖြင့် ဖြေရှင်းနိုင်ရေး၊ အကြမ်းဖက်မှုများနှင့် ပဋိပက္ခများ လျော့နည်းပပျောက်ရေး၊ လူမှုအသိုက်အဝန်းအတွင်း ယုံကြည်မှု ပြန်လည်တည်ဆောက်ရေးတို့အတွက် သက်ဆိုင်သူအားလုံးက စိတ်ရင်းစေတနာမှန်ဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။ ကရင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများ၏ အေးချမ်းလုံခြုံမှုနှင့် ဘဝအနာဂတ်ကောင်းမွန်ရေးကို ရှေးရှု၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အားလုံးပါဝင်ကြိုးပမ်းကြရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။

ကရင်ပြည်နယ်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရေးသည် အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်နေပါသည်။ လူငယ်များသည် မိမိတို့၏ အမျိုးသားရေးစိုက်လက္ခဏာနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားထိန်းသိမ်းရင်း ခေတ်မီပညာရပ်များကို လည်း ကျွမ်းကျင်တတ်မြောက်အောင် ကြိုးပမ်းကြရမည် ဖြစ်ပါသည်။ အခြေခံအားဖြင့် ပညာသင်ကြားသည့် လူငယ်လူရွယ်များအနေဖြင့် နိုင်ငံတော်က မူဝါဒချမှတ်ထားသော KG +9 ပြီးမြောက်သည်အထိ ပညာသင်ကြားရန် လိုအပ်ပါသည်။ ဒါ့အပြင် သိပ္ပံနှင့်နည်းပညာ၊ ဆေးပညာ၊ အင်ဂျင်နီယာ၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ ပညာရေး၊ အနုပညာနှင့် အခြားပညာရပ်နယ်ပယ်အသီးသီးတွင် အရည်အချင်းပြည့်ဝသော လူစွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရန် အားပေးဖြင့်တင် သင့်ပါသည်။ အထူးသဖြင့် ဉာဏ်ရည်တုနည်းပညာ (AI) အပါအဝင် ဒီဂျစ်တယ် နည်းပညာနှင့် ခေတ်မီနည်းပညာရပ်များသည် အနာဂတ် ပညာရေး၊ အလုပ်အကိုင်နှင့် စီးပွားရေးကဏ္ဍများတွင် ပိုမိုအရေးပါလာမည်ဖြစ်သဖြင့် လူငယ်များအနေဖြင့် စဉ်ဆက်မပြတ် လေ့လာသင်ယူ၍ လက်တွေ့အသုံးချနိုင်စွမ်း မြှင့်တင်ထားကြရန် လိုအပ်ပါသည်။

ကရင်ပြည်နယ်၏ လူမှုစီးပွားရေးအခြေခံတွင် စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးတို့သည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများသည် ဒေသခံပြည်သူများ၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြစ်သည့်အပြင် ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် စီးပွားရေးတိုးတက်ရေးအတွက်လည်း အခြေခံအင်အားများ ဖြစ်ပါသည်။ ထို့ကြောင့် ရိုးရာစိုက်ပျိုးနည်းစနစ်များကို ခေတ်မီနည်းပညာများနှင့် ပေါင်းစပ်အသုံးချခြင်း၊ ရေသွင်းရေထုတ်စနစ်များ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ သီးနှံအရည်အသွေးနှင့် ထုတ်လုပ်မှုစွမ်းအား မြှင့်တင်ခြင်း၊ ထုတ်ကုန်တန်ဖိုးမြှင့်တင်ခြင်းနှင့် ဈေးကွက်ချိတ်ဆက်မှုများ တိုးချဲ့ဆောင်ရွက်ခြင်းတို့ကို အလေးထားဆောင်ရွက်ရန် လိုအပ်ပါသည်။ ယင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပါက ကျေးလက်နေပြည်သူများ၏ ဝင်ငွေတိုးတက်လာစေပြီး အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုရရှိလာမည်ဖြစ်ပါသည်။

ထို့အပြင် အသေးစား၊ အလတ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ(MSMEs)သည် ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော အင်အားစုများဖြစ်ပါသည်။ ကရင်ပြည်နယ်၏ ရိုးရာလက်မှုလုပ်ငန်းများ၊ ရိုးရာအစားအစာထုတ်လုပ်မှု၊ စိုက်ပျိုးရေးထွက်ကုန်များ၊ မွေးမြူရေးလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ဒေသခံများ၏ အသိပညာ၊ အတတ်ပညာနှင့် စွမ်းဆောင်ရည်တို့ ပေါင်စပ်၍ တိုးတက်အောင် ဆောင်ရွက်နိုင်ပါသည်။ အထူးသဖြင့် ကရင်ရိုးရာယဉ်ကျေးမှုနှင့် ဆက်စပ်သည့် ဒေသထွက်ကုန်များကို အရည်အသွေးမြှင့်တင်ပြီး ခေတ်မီဈေးကွက်များနှင့် ချိတ်ဆက်နိုင်ပါက ဒေသခံများ၏ ဝင်ငွေတိုးတက်ရေးနှင့် ဒေသစီးပွားရေး ခိုင်မာရေးတို့အတွက် အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

ကရင်ပြည်နယ်သည် နယ်စပ်ဒေသတစ်ခုဖြစ်သည့်အတွက် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများ ချောမွေ့ရေး၊ တရားဝင်ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်လာစေရေး၊ ဒေသထွက်ကုန်များအတွက် ဈေးကွက်ချိတ်ဆက်မှု ပိုမိုကောင်းမွန်လာစေရေးတို့ကို အလေးထားဆောင်ရွက်ရန် လိုအပ်ပါသည်။ ထိုသို့ ဆောင်ရွက်နိုင်ရန် နယ်မြေတည်ငြိမ်အေးချမ်းမှု၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုနှင့် စီးပွားရေးလုပ်ငန်းများအတွက် အဆင်ပြေသည့် ပတ်ဝန်းကျင်ကောင်းတစ်ရပ် ရှိရန် အရေးကြီးပါသည်။ ထို့ပြင် ဥပဒေနှင့်အညီ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ တရားမဝင်ကုန်စည်ကူးသန်းမှုများကို တားဆီးကာကွယ်ခြင်းနှင့် ဒေသတွင်း စီးပွားရေးလုပ်ငန်းများ တရားဝင်ဖွံ့ဖြိုးတိုးတက်လာစေရေးတို့တွင် သက်ဆိုင်သူအားလုံး ပူးပေါင်းပါဝင်ကြရန် လိုအပ်ပါသည်။

ဒေသဖွံ့ဖြိုးတိုးတက်ရေးသည် စီးပွားရေးကဏ္ဍတစ်ခုတည်းဖြင့် ပြည့်စုံနိုင်မည်မဟုတ်ဘဲ ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုဘဝအရည်အသွေးတို့ တစ်ပြိုင်နက်တည်း မြင့်မားလာရန် လိုအပ်ပါသည်။ ကျန်းမာသန်စွမ်းသော လူသားအရင်းအမြစ်သည် နိုင်ငံနှင့် ဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအင်အားဖြစ်သကဲ့သို့ အရည်အသွေးပြည့်ဝသော ပညာရေးသည်လည်း အနာဂတ်မျိုးဆက်များ၏ အောင်မြင်မှုကို ပုံဖော်ပေးမည့် အဓိကအရင်းအမြစ်ဖြစ်ပါသည်။ ထို့ကြောင့် ဒေသခံပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးဝန်ဆောင်မှုများ လက်လှမ်းမီစေရေးအပြင် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အား၊ သန့်ရှင်းသော သောက်သုံးရေနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဒေသ၏ လိုအပ်ချက်နှင့်အညီ အလေးထားဆောင်ရွက်ရပါမည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန် ဒေသတည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်ပါသည်။

ကရင်ပြည်နယ်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတွင် သဘာဝပတ်ဝန်းကျင်နှင့် အရင်းအမြစ်များကို ထိန်းသိမ်းစောင့်ရှောက်ရေးသည်လည်း အရေးကြီးပါသည်။ သစ်တောများ၊ မြစ်ချောင်းများ၊ ရေအရင်းအမြစ်များနှင့် သဘာဝဂေဟစနစ်များကို ရေရှည်တည်တံ့စွာ အသုံးချထိန်းသိမ်းခြင်းဖြင့် နောင်လာနောက်သားများအတွက် ကောင်းမွန်သောပတ်ဝန်းကျင်ကို လက်ဆင့်ကမ်းပေးနိုင်မည် ဖြစ်ပါသည်။ ထို့ပြင် သဘာဝအလှအပနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို အခြေခံသည့် ခရီးသွားလုပ်ငန်းများကိုလည်း သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံလူမှုအသိုက်အဝန်း၏ အကျိုးစီးပွားကို မထိခိုက်စေဘဲ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သင့်ပါသည်။

ယနေ့ကမ္ဘာကြီးသည် နည်းပညာနှင့် ဆက်သွယ်ရေးကဏ္ဍများတွင် လျင်မြန်စွာ ပြောင်းလဲတိုးတက်လျက်ရှိသော်လည်း မိမိတို့၏ အမျိုးသားယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကားနှင့် ရိုးရာဓလေ့ထုံးတမ်းများကို တန်ဖိုးထားထိန်းသိမ်းခြင်းသည် အရေးပါလျက်ရှိပါသည်။ ကရင်တိုင်းရင်းသားတို့၏ စာပေနှင့် ဘာသာစကားများ၊ ရိုးရာအနုပညာများ၊ ဝတ်စားဆင်ယင်မှုများ၊ ရိုးရာပွဲတော်များနှင့် လူမှုဓလေ့ထုံးတမ်းများသည် အမျိုးသားရေးလက္ခဏာကို ဖော်ပြနေသည့် တန်ဖိုးကြီးမားသော အမွေအနှစ်များဖြစ်ပါသည်။ ယင်းအမွေအနှစ်များကို ထိန်းသိမ်းခြင်းသည် မိမိတို့၏ မူလအမှတ်လက္ခဏာကို ခိုင်မာစွာ ထိန်းသိမ်းလျက် ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲနိုင်ခြင်းပင် ဖြစ်ပါသည်။

ထို့ကြောင့် ကရင်ပြည်နယ်နေ့၏ သမိုင်းကြောင်းနှင့် အနှစ်သာရကို မျိုးဆက်သစ်လူငယ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်စေရန်၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို စိတ်ပါဝင်စားစွာ လေ့လာထိန်းသိမ်းလာစေရန် မိသားစု၊ လူမှုအသိုက်အဝန်းနှင့် ပညာရေးအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။ အတိတ်သမိုင်းမှရရှိလာသော အတွေ့အကြုံနှင့် သင်ခန်းစာများကိုအခြေခံကာ ပိုမိုကောင်းမွန်သော အနာဂတ်ကို တည်ဆောက်နိုင်ရေးသည် မျိုးဆက်သစ်တို့၏ အရေးကြီးသော တာဝန်တစ်ရပ်လည်း ဖြစ်ပါသည်။

ချစ်ခင်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ မိဘပြည်သူ တိုင်းရင်းသားညီအစ်ကိုမောင်နမများခင်ဗျား။

ကရင်ပြည်နယ်၏ အနာဂတ်ကို ပိုမိုတောက်ပကောင်းမွန်စေရန် ကလေးငယ်များ လုံခြုံစွာ ပညာသင်ယူခွင့်ရရှိရေး၊ လူငယ်များ၏ အရည်အချင်းနှင့် အိပ်မက်များကို အကောင်အထည်ဖော်နိုင်ရေး၊ အမျိုးသမီးများအတွက် တန်းတူညီမျှသော အခွင့်အလမ်းများ ဖန်တီးပေးရေး၊ ဒေသခံပြည်သူများ၏ စိုက်ပျိုးမွေးမြူရေးနှင့် ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ရေး၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တီထွင်ဆန်းသစ်မှုကို အားပေးမြှင့်တင်ရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ရှင်သန်တည်တံ့ရေးတို့ကို အားလုံးက စုပေါင်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ပြည်နယ်တစ်ခု၏ အင်အားသည် သဘာဝအရင်းအမြစ်များနှင့် စီးပွားရေးအလားအလာများတွင်သာ တည်မှီနေခြင်းမဟုတ်ဘဲ ယင်းပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော ပြည်သူများ၏ စည်းလုံးညီညွတ်မှု၊ အသိပညာ၊ အတတ်ပညာ၊ စိတ်ဓာတ်နှင့် ပူးပေါင်းဆောင်ရွက်နိုင်စွမ်းတို့တွင်လည်း တည်ရှိနေပါသည်။ ထို့ကြောင့် ကရင်ပြည်နယ်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားလူမျိုးစုများအကြား ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်လေးစားမှုနှင့် ယုံကြည်မှုတို့ကို ပိုမိုခိုင်မာအောင် တည်ဆောက်ကြရန် လိုအပ်ပါသည်။ ငြိမ်းချမ်းရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးတို့ကို ဟန်ချက်ညီညီ

စာမျက်နှာ ၄ သို့





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် ဗုဒ္ဓပြတိုက်အတွင်း ကြည့်ရှုစဉ်။

❖ ရှေ့ဖုံးမှ

ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီးအတွင်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် ဗုဒ္ဓပြတိုက်အတွင်း ရှိ ဗုဒ္ဓဖြစ်တော်စဉ် ပြခန်းများ၊ ပထမသင်္ဂါယနာတင်၊ ဒုတိယ သင်္ဂါယနာတင်နှင့် တတိယသင်္ဂါယနာတင် ပြခန်း၊ ပေထက်အက္ခရာတင်ခဲ့သည့် စတုတ္ထသင်္ဂါယနာတင်ပြခန်းနှင့် မင်းတုန်းမင်းကြီး လက်ထက် ကျောက်ထက်အက္ခရာတင်ခဲ့သည့် ပဉ္စမသင်္ဂါယနာတင်ပြခန်း၊ ဆဋ္ဌသင်္ဂါယနာတင်ရန် မဟာပါသာဏ လိုဏ်ဂူတော်နှင့် ဖွားဖက်တော်အဆောက်အအုံ ၉ ခု တည်ဆောက်ခဲ့မှုမှတ်တမ်းနှင့် ဆဋ္ဌသင်္ဂါယနာတင် အခမ်းအနားကျင်းပခဲ့မှု မှတ်တမ်းဓာတ်ပုံများပြခန်း၊ ထေရဝါဒ ၅ နိုင်ငံမှ သံဃရာဇာ ၆ ပါးနှင့် ဆဋ္ဌ ဝန်ဆောင်ဆရာတော်ကြီး ၂၄ ပါး၊ ညောင်ရမ်း ဆရာတော်၊ မစိုးရိမ်ဆရာတော်၊ မဟာစည်ဆရာတော်နှင့် မင်းကွန်းဆရာတော်တို့၏ ရုပ်တုများ၊ ဒါယကာ ဦးနု၏ ကိုယ်တစ်ပိုင်းရုပ်တု၊ ဆာဦးသွင်၏ ကိုယ်တစ်ပိုင်း ရုပ်တုပြခန်းများ၊ ဆဋ္ဌသင်္ဂါယနာတင်ပွဲတွင် တပ်ဆင် အသုံးပြုခဲ့သည့် တံဆိပ်များနှင့် အသုံးအဆောင် ပစ္စည်းများပြခန်းများ၊ ပြည်ပနိုင်ငံများမှ လှူဒါန်းထား သောပစ္စည်းများပြခန်း၊ ရှေးခေတ်ပုံနှိပ်စက်များ၊ ခဲစာလုံးများ၊ ပိဋကတ်တော်ဆိုင်ရာ ပုံနှိပ်စာအုပ်မူများပြခန်း၊ ဆဋ္ဌသင်္ဂါယနာတင် ပဋ္ဌကသုံးပုံ အဋ္ဌကထာစာအုပ်များကို ကွန်ပျူတာစာမူဖြင့် ပုံနှိပ် ထုတ်ဝေခြင်းနှင့် အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုမှု မှတ်တမ်းပြခန်းများ၊ သာသနာတော် ဆက်လက် အခွန့်ရှည်တည်တံ့ခြင်း အထိမ်းအမှတ်ကို ရည်ရွယ်၍ မြန်မာနိုင်ငံအနှံ့တွင် တည်ထားကိုးကွယ်ပူဇော် ထားရှိသော ဘုရား၊ စေတီပုထိုးများနှင့် သာသနိက အဆောက်အအုံများပြခန်းများအား လိုက်လံကြည့်ရှုရာ သာသနာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ယခုပြတိုက်သို့လာရောက်လေ့လာကြသည့် ကျောင်းသား ကျောင်းသူများနှင့် အများပြည်သူများ ဗုဒ္ဓဖြစ်တော်စဉ်များနှင့် ဆဋ္ဌသင်္ဂါယနာတင် အခမ်း အနားကျင်းပခဲ့မှုများကို ရှင်းလင်းစွာဖြင့် သိရှိ လေ့လာနိုင်စေရေး တာဝန်ရှိသူများက စနစ်တကျ ဖြင့် ရှင်းလင်းပြောကြားပေးရန်လိုကြောင်း၊ ပြတိုက် အတွင်းခင်းကျင်းပြသထားသည့် ရှေးဟောင်းသမိုင်း ဝင်မှတ်တမ်းဓာတ်ပုံများအား ကြည်လင်ပြတ်သားစွာ ဖြင့် ပြသနိုင်ရေး ခေတ်မီနည်းပညာများ အသုံးပြု၍ ရှေးမူမပျက် ပြန်လည်ပြုပြင်ထိန်းသိမ်းပြသနိုင်ရေး ပညာရှင်များဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ သမိုင်းဝင် ဆဋ္ဌသင်္ဂါယနာတင်အခမ်းအနားကျင်းပ ခဲ့သည့် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး တည်ဆောက်ခဲ့မှု မှတ်တမ်းဓာတ်ပုံများကို ပြည်စုံစွာ ဖြင့် ထားရှိနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ သမိုင်းဝင်အမွေအနှစ် အဆောက်အအုံများကိုမိမိတို့ဘိုးဘေးများကတည်ဆောက်ခဲ့သကဲ့သို့ အဆိုပါ သမိုင်းဝင်အမွေအနှစ်များ ဆက်လက် တည်တံ့ခိုင်မြဲစေရေး မိမိတို့ ပစ္စုပ္ပန်တွင်နေထိုင်ကြ သူများတွင် တာဝန်ရှိကြောင်း၊ ပြခန်းအတွင်းပြသ ထားသည့် သမိုင်းဝင်ရှေးဟောင်းပစ္စည်းများ၊ ပဋ္ဌကတ်စာအုပ်များ ပျက်စီးယိုယွင်းမှုမရှိစေရေး အတွက်လည်း ထိန်းသိမ်းဆောင်ရွက်သွားရန် လိုကြောင်း၊ မိမိတို့နိုင်ငံရှိ ရှေးဟောင်းသမိုင်းဝင်နှင့် အထင်ကရ ဘုရား၊ စေတီများနှင့် ပုထိုးတော်ကြီးများ ၏ မှတ်တမ်းဓာတ်ပုံများကိုလည်း ပြသနိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် အခြားလိုအပ် သည်များကို လမ်းညွှန်မှာကြားသည်။


အာဂန္တုကျောင်းဆောင်များ ပြုပြင်မွမ်းမံထိန်းသိမ်းထားရှိမှု

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ သာသနာရေးဆိုင်ရာအခမ်းအနားများ ဆောင်ရွက်ရာတွင် ကြွရောက်ချီးမြှင့်တော်မူကြသည့် ပြည်တွင်း၊ ပြည်ပ ဆရာတော်၊ သံဃာတော်ကြီးများ သီတင်းသုံးတည်းခို နိုင်ရေးအတွက် မဟာပါသာဏလိုဏ်ဂူတော်ကြီးနှင့် အတူ တည်ဆောက်ခဲ့ကြသည့် ဖွားဖက်တော် အဆောက်အအုံ ၉ ခုမှ အာဂန္တုကျောင်းဆောင် ၄ဆောင်အနက် အပရဂေါယာန အာဂန္တုကျောင်း ဆောင်သို့ရောက်ရှိကြပြီး ပြုပြင်ထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူ များက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက သာသနာရေးဆိုင်ရာအခမ်းအနားများသို့ ကြွရောက်ချီးမြှင့်တော်မူကြမည့် ပြည်တွင်းပြည်ပမှ ဆရာတော်၊သံဃာတော်များစိတ်နှလုံးချမ်းမြေ့စွာဖြင့် တည်းခိုနေထိုင်နိုင်ရေး အာဂန္တုကျောင်းဆောင် များကို လိုအပ်သည့် ပြုပြင်ထိန်းသိမ်းမှုများ

စာမျက်နှာ ၅ သို့





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် ဗုဒ္ဓပြတိုက်အတွင်း ကြည့်ရှုစဉ်။

စာမျက်နှာ ၃ မှ

ဖော်ဆောင်နိုင်မှသာ ပြည်နယ်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အောင်မြင်စွာ တည်ဆောက်နိုင်မည် ဖြစ်ပါသည်။

ယနေ့ကျရောက်သည့် (၇၁) နှစ်မြောက် ကရင်ပြည်နယ်နေ့သည် ကရင်ပြည်နယ်၏ သမိုင်းကြောင်းနှင့် ကရင်တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို ပြန်လည်အောက်မေ့ဂုဏ်ယူရသည့်နေ့ တစ်နေ့ဖြစ်သကဲ့သို့ ပြည်နယ်၏အနာဂတ်အတွက် မိမိတို့ အားလုံး၏ တာဝန်နှင့် အခန်းကဏ္ဍများကို ပြန်လည်သုံးသပ်ရမည့် အချိန်အခါ လည်း ဖြစ်ပါသည်။ ကရင်တိုင်းရင်းသားတို့၏ စာပေ၊ ဘာသာစကား၊ ရိုးရာအနုပညာနှင့် ဓလေ့ထုံးတမ်းအစဉ်အလာများ မျိုးဆက် အဆက်ဆက် ရှင်သန်တည်တံ့ပြီး တိုင်းရင်းသားညီအစ်ကို မောင်နမများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ရိုင်းပင်းကူညီမှုတို့ ပိုမိုခိုင်မာလာပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။

သို့ဖြစ်ပါ၍ ကရင်ပြည်နယ်အတွင်း မိတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများအားလုံး ဘေးအန္တရာယ်ကင်းရှင်း၍ အေးချမ်းသာယာသောလူမှုဘဝများ ပိုင်ဆိုင်နိုင်ကြပါစေ၊ ပြည်နယ်၏ သဘာဝအရင်းအမြစ်များနှင့် ဖွံ့ဖြိုးတိုးတက်ရေး အလားအလာများကို အကျိုးရှိထိရောက်စွာ အသုံးချနိုင်ကြပါစေ၊ ငြိမ်းချမ်းရေးနှင့် စည်းလုံး ညီညွတ်ရေးကို အခြေခံ၍ သာယာဝပြောသော အနာဂတ်ကို အတူ တကွ တည်ဆောက်နိုင်ကြပါစေကြောင်း လေးနက်စွာ ဆုမွန်ကောင်း တောင်းအပ်ပါသည်။ **"သမိုင်းကို တန်ဖိုးထား၊ ယဉ်ကျေးမှုကို ထိန်းသိမ်း၊ ပညာကို မြှင့်တင်၊ ညီညွတ်မှုကို တည်ဆောက်၍ ငြိမ်းချမ်း သာယာသော အနာဂတ်ကို အတူတကွ ဖန်တီးကြပါစို့"** ဟူသော ခံယူ ချက်ဖြင့် ကရင်ပြည်နယ်နှင့် ပြည်ထောင်စုကြီး၏ ပိုမိုကောင်းမွန်သော အနာဂတ်ကို အားလုံးလက်တွဲညီညီ တည်ဆောက်သွားကြပါစို့ဟု တိုက်တွန်းနှိုးဆော်လျက် (၇၁) နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်း အမှတ် ဂုဏ်ပြုသဝဏ်လွှာ ပေးပို့အပ်ပါသည်။

အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ
ဦးမင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စာမျက်နှာ ၄ မှ

စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန် လိုကြောင်း နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဗုဒ္ဓသာသနာ့သံဃာ့ဆေးရုံတော်

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဖွားဖက်တော် အဆောက်အဦ ၉ ခုတွင် ပါဝင်သည့် ဗုဒ္ဓသာသနာ့သံဃာ့ဆေးရုံတော်သို့ ရောက်ရှိကြပြီး ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပပြုလုပ်သည့် သာသနာရေးဆိုင်ရာအခမ်းအနားများသို့ ကြွရောက်ချီးမြှင့်တော်မူကြသည့် ပြည်တွင်း၊ ပြည်ပမှ ဆရာတော်၊ သံဃာတော်များအတွက် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

မဟာသိမ်တော်ကြီး

ထို့နောက် နိုင်ငံတော်သမ္မတသည် ကျောင်းဆောင်များ ပြုပြင်ထိန်းသိမ်းထားရှိမှုများအား မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဖွားဖက်တော် အဆောက်အအုံတစ်ခုဖြစ်သည့် မဟာသိမ်တော်ကြီးသို့ ရောက်ရှိကာ သိမ်တော်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ ပန်း၊ ရေချမ်းဆက်ကပ်ပူဇော်သည်။ ယင်းနောက် မဟာသိမ်တော်ကြီး ရေရှည်တည်တံ့ရေးအတွက် လိုအပ်သည့် ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဝိဋ္ဌကတ်တိုက်တော်ကြီး

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဋ္ဌကတ်တိုက်တော်ကြီးသို့ ရောက်ရှိပြီး ဝိဋ္ဌကတ်တိုက်တော်ကြီး ပင်မအဆောက်အအုံတော်အတွင်း ဝိဋ္ဌကတ်တော်များ ထိန်းသိမ်းထားရှိမှု၊ ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးဆိုင်ရာ ဘာသာစာပေများ၊ အသုံးအဆောင်ပစ္စည်းများ ထိန်းသိမ်းထားရှိမှု၊ ကမ္ဘောဒီးယားခန်းမနှင့် သီရိလင်္ကာခန်းမတို့အတွင်း ဝိဋ္ဌကတ်တော်များ၊ ဗုဒ္ဓဘာသာ သာသနာတော်ထွန်းကားပြန့်ပွားရေးဆိုင်ရာများ ထိန်းသိမ်းထားရှိမှု၊ ဗုဒ္ဓယဉ်ကျေးမှုပြတိုက် အဆောက်အအုံတော်အတွင်း ဗုဒ္ဓဘာသာ သာသနာတော်ထွန်းကား ပြန့်ပွားရေးဆိုင်ရာများ၊ ရှေးဟောင်းယဉ်ကျေးမှုအနုပညာလက်ရာများ၊ သမိုင်းဝင် အသုံးအဆောင်ပစ္စည်းများ ထိန်းသိမ်းထားရှိမှုတို့ကို



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဝိဋ္ဌကတ်တိုက်တော်ကြီး ပင်မအဆောက်အအုံတော်အတွင်း ဝိဋ္ဌကတ်တော်များ ထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဗုဒ္ဓသာသနာ့ သံဃာ့ဆေးရုံတော်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ရှေးဟောင်းပစ္စည်းများနှင့် သမိုင်းဝင်မှတ်တမ်းများ၊ အထောက်အထားများသည် ငွေကြေးနှင့် တန်ဖိုးမဖြတ်နိုင်သော နိုင်ငံတော်နှင့်လူမျိုးတို့၏ အဖိုးတန် အမွေအနှစ်များဖြစ်သည့်အတွက် ရေရှည်တည်တံ့စေရန်နှင့် ပျက်စီးယိုယွင်းမှုမရှိစေရန် အထူးဂရုပြုစောင့်ရှောက်ထိန်းသိမ်းသွားရန်လိုကြောင်း၊ ပုံစံငယ်ပြုလုပ်ပြသထားရှိမှုများအား ခေတ်စနစ်နှင့် လျော်ညီစွာ ပြန်လည်ပြုပြင်မွမ်းမံသွားရန်လိုကြောင်း၊ ဗုဒ္ဓဘာသာ သာသနာတော်ထွန်းကားပြန့်ပွားရေးဆိုင်ရာများ၊ ရှေးဟောင်းယဉ်ကျေးမှု အနုပညာလက်ရာများ၊ ပေပုရပိုက်များ၊ သမိုင်းဝင် အသုံးအဆောင်ပစ္စည်းများ ထိန်းသိမ်းထားရှိမှုတွင် ဖော်ပြချက်စာသားများအား မြန်မာစာပေ ရေးထုံးသတ်ပုံမှန်ကန်စွာဖြင့် ရှင်းလင်းရေးသားဖော်ပြရန်နှင့် ရှေးဟောင်းပစ္စည်းများ၊ စေတီပုထိုးများ၊ ဘုရားများတွင်လည်း လာရောက်ကြည့်ရှုလေ့လာသူများ လွယ်ကူရှင်းလင်းစွာသိရှိနိုင်ရေး အကြောင်းအရာများ၊ မုဒြာပုံစံများ၊ ခုနှစ်၊ သက္ကရာဇ်များ၊ သက်တမ်းများကို ဖော်ပြထားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဝိဋ္ဌကတ် ပုံနှိပ်တိုက်

ဆက်လက်ပြီး နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မဟာပါသာဏကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီး၏ ဖွားဖက်တော် အဆောက်အအုံတစ်ခုဖြစ်သော ဆဋ္ဌသင်္ဂါယနာတင် ဝိဋ္ဌကတ်တော်စာအုပ်များကို ပုံနှိပ်ထုတ်ဝေခဲ့သည့် သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန ပုံနှိပ်ထုတ်ဝေရေးဌာနခွဲ ပုံနှိပ်တိုက်သို့ ရောက်ရှိပြီး ပုံနှိပ်တိုက်အတွင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဆဋ္ဌသင်္ဂါယနာတင် ဝိဋ္ဌကတ်တော်စာအုပ်များကို ပုံနှိပ်ရာတွင် အသုံးပြုခဲ့သည့် ခဲစာလုံးပုံနှိပ်စက်နှင့် ပုံနှိပ်တိုက် ပြုပြင်ထိန်းသိမ်းမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

---

* *ရှေ့မှဆက်*

ယနေ့နံနက်ပိုင်းတွင် လယ်ဝေးမြို့ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်းတို့မှ ကျောင်းသားကျောင်းသူများသည် အမျိုးသားပြတိုက် (နေပြည်တော်)နှင့် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)တို့ကို အဖွဲ့နှစ်ဖွဲ့ခွဲ၍ လေ့လာရေးသွားရောက်ကြသည်။

"စာတွေ့သင်ကြားရုံတင်မကဘဲ အခုလို သမိုင်းဝင်အထင်ကရပြတိုက်ကြီးတွေကို ကျောင်းသား ကျောင်းသူတွေ ကိုယ်တိုင်ကိုယ်ကျ လေ့လာကြည့်ရှုခွင့်ရတဲ့အတွက် အသိအမြင်နဲ့ ဗဟုသုတတွေ ပိုမိုတိုးပွားလာစေမှာ ဖြစ်ပါတယ်။ အမျိုးသားပြတိုက်မှာ လေ့လာပြီးတာနဲ့ စစ်သမိုင်းပြတိုက်ကို ဆက်လက်သွားရောက် လေ့လာမှာဖြစ်ပါတယ်။ တပ်မတော် စစ်သမိုင်းပြတိုက်ကို သွားရောက်တဲ့ လေ့လာရေးအဖွဲ့ကလည်း အမျိုးသားပြတိုက်ကို လာရောက်လေ့လာကြမှာဖြစ်ပါတယ်" ဟု လယ်ဝေးမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဝင်းမြင့်ဦးက ပြောသည်။

အမျိုးသားပြတိုက်ကို လာရောက်လေ့လာသည့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ လေ့လာရေးအဖွဲ့တွင် အုပ်ချုပ်သူ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူ ၈၄ ဦး ပါဝင်သည်။

"ဒီနေ့မှာ ကျွန်တော်တို့ ကျောင်းက သူငယ်ချင်းတွေနဲ့အတူ နေပြည်တော် အမျိုးသားပြတိုက်ကြီးကို လာရောက် လေ့လာခွင့်ရခဲ့ပါတယ်။ ကြေးခေတ်၊ ကျောက်ခေတ်၊ သံခေတ်က ရှေးဟောင်းရုပ်ကြွင်းတွေနဲ့ နှစ်သန်းပေါင်းများစွာက ကျွန်ုပ်ရစ်ခဲ့တဲ့ ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းတွေကို စိတ်ဝင်စားဖွယ် မျက်မြင်ကိုယ်တွေ့ လေ့လာခဲ့ရပါတယ်။ အထူးသဖြင့် ကမ္ဘာ့မှတ်တမ်းအမွေအနှစ် စာရင်းဝင် မြစေတီကျောက်စာ အပါအဝင် အဖိုးတန်ကျောက်စာပေါင်းစုံကို လေ့လာခွင့်ရခဲ့တာဟာ ကျွန်တော်တို့ နိုင်ငံအတွက် အဖိုးဖြတ်မရတဲ့ အမွေအနှစ်တွေကို တွေ့မြင်လိုက်ရသလို ခံစားရပါတယ်။ အခုလို မျက်မြင်လေ့လာခွင့်ရတဲ့အတွက် ကျောင်းသားတစ်ယောက်အနေနဲ့ အသိပညာဗဟုသုတတွေ အများကြီးရရှိခဲ့ပြီး အတိုင်းမသိ ဝမ်းသာပီတိ ဖြစ်ရပါတယ်"ဟု အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားမောင်ဘုန်းပြည့်သျှန်က ပြောကြားသည်။

အဆိုပါ လေ့လာရေးအဖွဲ့သည် အမျိုးသားပြတိုက်သို့သွားရောက်လေ့လာစဉ် အမျိုးသားပြတိုက်(နေပြည်တော်)မှ တာဝန်ရှိသူများနှင့် ပြတိုက်လမ်းညွှန် ဝန်ထမ်းများက ပြတိုက်ဆိုင်ရာ သမိုင်းကြောင်းအကျဉ်းနှင့် ပြကွက်များအလိုက် ခင်းကျင်းပြသထားမှု အခြေအနေကို ရှင်းလင်းပြောကြားပြီး ကျောင်းသားကျောင်းသူများကို အဖွဲ့များခွဲ၍ လိုက်လံ ရှင်းလင်းပြသပေးကြသည်။

"ဒီနေ့မှာတော့ အမျိုးသားပြတိုက်ကို သူငယ်ချင်းတွေနဲ့အတူ လေ့လာရေး လာရောက်တာဖြစ်ပါတယ်။ ဒီနေ့လေ့လာရေးခရီးစဉ်မှာ လက်ဆောင်ပစ္စည်းများ ပြန်းကို ဝင်ရောက်လေ့လာခဲ့တယ်။ အဲဒီပြန်းမှာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ အိန္ဒိယသမ္မတနိုင်ငံတို့ကနေ မြန်မာနိုင်ငံကို ပေးအပ်ထားတဲ့ ချစ်ကြည်ရေးလက်ဆောင် ပစ္စည်းတွေကို တွေ့ရှိလေ့လာခဲ့ရတယ်။ နိုင်ငံအသီးသီးက ပေးအပ်ထားတဲ့ ချစ်ကြည်ရေး လက်ဆောင်ပစ္စည်းတွေနဲ့ ပတ်သက်တဲ့ ဗဟုသုတတွေ တိုးပွားသိရှိခွင့်ရရှိခဲ့ပါတယ်" ဟု အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူ မနန်းခင်ရှင်းသန့်က ပြောသည်။

လေ့လာရေးအဖွဲ့သည် အမျိုးသားပြတိုက်အတွင်း ပြသထားသည့် ပရိုင်းမိတ်နှင့် ကျောက်ဖြစ်ရုပ်ကြွင်းပြခန်း၊ သမိုင်းမတင်မီခေတ်ပြခန်း၊ သမိုင်းတင်ခေတ် ပြခန်း၊ သမိုင်းတင်ခေတ်ဦးပြခန်း၊ မြန်မာ့ပန်းချီပြခန်း၊ မြန်မာ့အနုသုခုမပြခန်းနှင့် လက်ဆောင်ပစ္စည်းများပြခန်းတို့ကို စိတ်ဝင်တစား လေ့လာကြည့်ရှုကြပြီး သိရှိလိုသည်များကို မေးမြန်းရာ သက်ဆိုင်ရာ ပြခန်းတာဝန်ရှိသူများက အသေးစိတ်ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့အတူ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ အုပ်ချုပ်သူ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူ ၁၂၀ ပါဝင်သည့် လေ့လာရေးအဖွဲ့သည် တပ်မတော် စစ်သမိုင်းပြတိုက်သို့ သွားရောက်လေ့လာစဉ် ပြတိုက်တာဝန်ရှိသူများက တပ်မတော်စစ်သမိုင်းပြတိုက်အတွင်း တပ်မတော်(ကြည်း)ပြခန်း၊ တပ်မတော်(ရေ) ပြခန်းနှင့် တပ်မတော်(လေ)ပြခန်းများနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ပြကွက်များ ခင်းကျင်းပြသထားရှိမှုကို လိုက်လံရှင်းလင်းပြသကြရာ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

"အခုလို တပ်မတော်စစ်သမိုင်းပြတိုက်ကို လာရောက်လေ့လာခွင့်ရတဲ့အတွက် ဗဟုသုတ အများကြီးရပါတယ်။ သမိုင်းဆိုင်ရာ အထောက်အထားတွေကို သိခွင့်ရတယ်။ မြန်မာ့တပ်မတော် စတင်ပေါ်ပေါက်လာချိန်ကနေ ဒီနေ့အထိ လွတ်လပ်ရေးအတွက် မြန်မာ့တပ်မတော်က ဦးဆောင်တိုက်ပွဲဝင်ခဲ့တာတွေ အပါအဝင် တပ်မတော်ရဲ့ သမိုင်းဝင်ဆောင်ရွက်မှုတွေကိုလည်း လေ့လာသိရှိခွင့်ရရှိခဲ့ပါတယ်" ဟု အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူ မမေမေတ်ကိုကိုက ပြောကြားသည်။

ထို့ပြင် တပ်မတော် (လေ) ပြင်ပ ပြကွက်တွင် ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက် အသုံးပြုခဲ့သော တပ်မတော် လေယာဉ်များကိုလည်း ကြည့်ရှုလေ့လာကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

မင်းကျော်စွာ၊ ဓာတ်ပုံ- ကိုအေးသန်း





ကြည့်ရှုစစ်ဆေး

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက္ကသိုလ်များရေကူးကန် အဆင့်မြှင့်တင်ရေး ဆောင်ရွက်သွားမည့် အခြေအနေများ ကြည့်ရှုစစ်ဆေးစဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်
ကမာရွတ်မြို့နယ် တက္ကသိုလ်များနယ်မြေအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သည် ယနေ့ပွန်းလွဲပိုင်းတွင် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များနယ်မြေအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရန်ကုန်ပညာရေးတက္ကသိုလ် (ကမာရွတ်နယ်မြေ) (၆)ထပ်စာသင်ဆောင်သစ် တည်ဆောက်ရေး

လုပ်ငန်းခွင်

ဦးစွာ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ရန်ကုန်ပညာရေးတက္ကသိုလ် (ကမာရွတ်နယ်မြေ) အတွင်း (၆)ထပ်စာသင်ဆောင်သစ်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိကြရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကမာရွတ်နယ်မြေအတွင်း ဇုန်အလိုက် ပညာရေးနှင့်သက်ဆိုင်သည့် သင်ကြားရေးအဆောက်အအုံများ၊ အုပ်ချုပ်ရေးအဆောက်အအုံများ၊ ဝန်ထမ်းအဆောက်အအုံများ၊ ကျောင်းသား ကျောင်းသူအဆောင်များ၊ အားကစားဆိုင်ရာအဆောက်အအုံများနှင့် တည်ဆောက်ဆဲအဆောက်အအုံဆိုင်ရာများ၊ ရန်ကုန်ပညာရေးတက္ကသိုလ် (ကမာရွတ်နယ်မြေ)အတွင်း (၆)ထပ်စာသင်ဆောင်သစ် တည်ဆောက်နေမှုဆိုင်ရာများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက အဆောက်အအုံသစ်များ တည်ဆောက်ရာတွင် စနစ်တကျနေရာချ၍ တည်ဆောက်သွားရန်လိုပြီး ရေရှည်ကိုကြည့်၍ ဖြစ်ပေါ်လာနိုင်သည်များကို အဘက်ဘက်မှ တွက်ချက်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စာသင်ဆောင်အနေဖြင့် လူအများစုဝေးရောက်ရှိနေမည့် အဆောက်အအုံဖြစ်သဖြင့် သဘာဝဘေးအန္တရာယ်များနှင့် အရေးပေါ်အခြေအနေများဖြစ်ပေါ်လာပါက ဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်နိုင်မည့်အခြေအနေများနှင့် ပတ်သက်၍လည်း ထည့်သွင်းတွက်ချက် ဆောင်ရွက်သွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် (၆)ထပ်စာသင်ဆောင်သစ် တည်ဆောက်ရေးလုပ်ငန်းခွင် အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

တက္ကသိုလ်များပုံနှိပ်တိုက်

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် တက္ကသိုလ်များပုံနှိပ်တိုက်သို့ရောက်ရှိကြပြီး ပုံနှိပ်တိုက်အတွင်း စာအုပ်စာစောင်များ ရိုက်နှိပ်ချုပ်လုပ်နေမှုအခြေအနေများနှင့် ပုံနှိပ်တိုက်မှ ရိုက်နှိပ်ထုတ်လုပ်ထားသည့် စာအုပ်စာစောင်များအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် စာအုပ်စာစောင်များကို စနစ်တကျဖြင့် အချိန်မီရိုက်နှိပ်ထုတ်ဝေနိုင်ရေးဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

တက္ကသိုလ်များအားကစားကွင်း

ဆက်လက်ပြီး နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် တက္ကသိုလ်များ အားကစားကွင်းနှင့် ပွဲကြည့်စင်များ အဆင့်မြှင့်တင်တည်ဆောက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက အားကစားကွင်းနှင့် ပွဲကြည့်စင်များ အဆင့်မီမီဖြစ်စေရေး စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်း၊ ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပမှုရှိစေရေးနှင့် လေဝင်လေထွက် ကောင်းမွန်မှုရှိစေရေးအတွက်လည်း သန့်ရှင်းရေးလုပ်ငန်းများ၊ အလင်းဖွင့်ခြင်းလုပ်ငန်းများ၊ အောက်ခြေရှင်းခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

တက္ကသိုလ်များရေကူးကန်

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် တက္ကသိုလ်များရေကူးကန်သို့ရောက်ရှိပြီး ရေကူးကန်အဆင့်မြှင့်တင်ရေး ဆောင်ရွက်သွားမည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက တက္ကသိုလ်များ ရေကူးကန်အား တက္ကသိုလ်အဆင့်နှင့်လျော်ညီစွာ ဖြင့် ပြုပြင်တည်ဆောက်သွားရန်၊ ထိုသို့ဆောင်ရွက်ရာတွင် ရေဆိုးထုတ်စနစ်များကိုလည်း စနစ်တကျ ထည့်သွင်းတည်ဆောက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

တက္ကသိုလ်များဆေးရုံ

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် တက္ကသိုလ်များဆေးရုံသို့ ရောက်ရှိကြပြီး ဓာတ်ခွဲခန်း၊ သွားရောဂါကုသမှုဌာနနှင့် မျက်စိရောဂါကုသမှုဌာနတို့အတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှုနှင့် လူနာဆောင်များ ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးစောင့်ရှောက်မှုများ လာရောက်ခံယူကြသည့် ပြည်သူများ၊ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက္ကသိုလ်များ အားကစားကွင်းနှင့် ပွဲကြည့်စင်များ အဆင့်မြှင့်တင် တည်ဆောက်နေမှုအခြေအနေများ ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက္ကသိုလ်များဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုများ လာရောက်ခံယူကြသည့် ပြည်သူများ၊ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



အိမ်တွင်းသုံးရေ ချွေတာရေး

အဝတ်လျှော်ရာတွင် တစ်ထည်ချင်း/နည်းနည်းချင်း မလျှော်ဘဲ ပေါင်းလျှော်ပါ။ အဝတ်လျှော်စက်သုံးလျှင် တစ်ခါတည်းစုပြီး လျှော်ပါ။ ပန်းကန်ဆေးစက် အသုံးပြုရာတွင်လည်း စက်ကဆေးကြောနိုင်သည့် ပန်းကန်အရေအတွက်အထိစောင့်၍ စုစည်းဆေးကြောပါ။



သုံးရေ ချွေတာသုံးစွဲရေး

အပင်ရေလောင်းချိန်ကို အချိန်ကိုက်လုပ်ဆောင်ပါ။ ရေငွေ့ပြန်မှုကို လျော့နည်းစေရန်နှင့် ရေကိုအကျိုးရှိရှိ အသုံးချနိုင်ရန် နံနက်စောစော သို့မဟုတ် ညနေနှောင်းပိုင်းကဲ့သို့ အေးမြသော အချိန်များတွင်သာ မြက်ခင်းနှင့် အပင်များကို ရေလောင်းပါ။





စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဒီပါဝလီအထိမ်းအမှတ် အခမ်းအနားကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဟိန္ဒူဘာသာဝင်များ၏ ဒီပါဝလီအထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် နိုဝင်ဘာ ၆

မြန်မာနိုင်ငံတွင်ဓိတ်ငန်းနေထိုင်ကြသော ဟိန္ဒူမျိုးနွယ်စုများ စုပေါင်းကျင်းပသည့် ဒီပါဝလီအထိမ်းအမှတ် အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တက်ရောက်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့နှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဗိုလ်ချုပ်ကြီး ကိုကိုဦး၊ ဒေါက်တာချောချောစိန်၊ ဒေါက်တာ မျိုးသိန်းကျော်၊ ဒေါက်တာစိုးဝင်း၊ ဦးတင်ဦးလွင်၊ ဦးမျိုးသန့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဟိန္ဒူမျိုးနွယ်စုများ၊ ဟိန္ဒူရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် ဖိတ်ကြားထားသည့် ပြည်သူတော်ကြီးများ တက်ရောက်ကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့အား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးနှင့်ဇနီးနှင့် တာဝန်ရှိသူများ၊ ဟိန္ဒူမျိုးနွယ်စုများမှ ကိုယ်စားလှယ်များက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြစဉ်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့်ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးနှင့်ဇနီးနှင့် တာဝန်ရှိသူများ၊ ဟိန္ဒူမျိုးနွယ်စုများမှ ကိုယ်စားလှယ်များက ရင်းနှီးနွေးထွေးစွာဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် ဟိန္ဒူရိုးရာဒီပါဝလီအထိမ်းအမှတ် အခမ်းအနားမင်္ဂလာမုခ်ဦးကို နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး ကိုကိုဦး၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးအောင်နိုင်သူ၊ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Shri Abhay Thakur နှင့် တာဝန်ရှိသူများ၊ ဟိန္ဒူမျိုးနွယ်စုဝင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဟိန္ဒူရိုးရာ ကဘူးများမှုတ်ခြင်း၊ မိုးပျံပူဖောင်းများ လွှတ်တင်ခြင်းကို ဆောင်ရွက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့အား ဟိန္ဒူရိုးရာ ဆီမီးနံ့သာဖြင့် ကြိုဆိုကြပြီး ဟိန္ဒူရိုးရာ တစ်ခုဖြစ်သည့် မွန်မြတ်ပြီးမင်္ဂလာရှိသော ဟိန္ဒူရိုးရာ Pur Kumbham (ပုရိဏာကုမ္ဘမ်)ဖြင့် ဆုတောင်းကြိုဆို ဂါရဝပြုကြသည်။ ယင်းနောက် နိုင်ငံတော်သမ္မတက ဒီပါဝလီအထိမ်းအမှတ်အခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အဖွဲ့ဝင်များ၊ အခမ်းအနားတက်ရောက်လာကြသူများသည် ဟိန္ဒူမျိုးနွယ်စုများ၏ ရိုးရာအစားအသောက်ပြခန်းများအား ပြခန်းတစ်ခုချင်းစီအလိုက် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ပြဓာတ်ခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ဒီပါဝလီအထိမ်းအမှတ် ဆီမီးထွန်းညှိပေးကြသည်။ ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် ဇနီးတို့က မင်္ဂလာဂုဏ်ပြုပဝါနှင့် မင်္ဂလာဂုဏ်ပြုပန်းကုံးကို ဂါရဝပြုဆင်မြန်းပေးပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့ထံ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးနှင့်ဇနီးတို့က အမှတ်တရလက်ဆောင်ပစ္စည်းကို နေရာအရောက် ဂါရဝပြုပေးအပ်ပြီး နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က အမှတ်တရလက်ဆောင်ပစ္စည်း ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ဟိန္ဒူရိုးရာ ဒီပါဝလီအထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ခြင်းနှင့် ပတ်သက်၍ ပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် ဒီပါဝလီပွဲတော် အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်လာကြပြီး ဒီပါဝလီပွဲတော်ကိုဆင်နွှဲကြသည့် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ဟိန္ဒူဘာသာဝင်များနှင့် ကမ္ဘာတစ်ဝန်းရှိ ဒီပါဝလီနေ့ကို ဆင်နွှဲကြသည့် မိတ်ဆွေများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း။

ယနေ့ကျင်းပသည့် ဒီပါဝလီပွဲတော်သည် ဟိန္ဒူဘာသာဝင်များ အထွတ်အမြတ်ထားသည့် ဘာသာရေးပွဲတော်တစ်ခုဖြစ်သကဲ့သို့ အလင်းရောင်က အမှောင်ကို အောင်နိုင်ခြင်း၊ ကောင်းမြတ်သည့်အရာက မကောင်းမှုကို အနိုင်ယူခြင်းနှင့် အသိပညာက မသိနားမလည်မှုကို ဖယ်ရှားပေးခြင်းတို့ကို ကိုယ်စားပြုသည့် အဓိပ္ပာယ်ပြည့်ဝသည့်ပွဲတော်တစ်ခုလည်း ဖြစ်ပါကြောင်း။

ဒီပါဝလီဟူသည့် အမည်သည် ပါဠိဘာသာစကား ဖြစ်သည့် "ဒီပ" နှင့် "အာဝလီ" ဟူသည့် စကားလုံးနှစ်ခုကို ပေါင်းစပ်ထားခြင်းဖြစ်ပြီး ဆီမီးအလင်းရောင်များ တန်းစီလျက် အဆန်းတကြယ် အသွယ်သွယ် စီခြယ်ထွန်းညှိပူဇော်ခြင်းဟု အဓိပ္ပာယ်ရကြောင်း၊ ထို့ကြောင့် ဒီပါဝလီပွဲတော်ကို အလင်းရောင်ပွဲတော် (Festival of Lights) ဟုလည်း ခေါ်ဆိုကြသည်ဟု မှတ်သားမိကြောင်း။

ဟိန္ဒူဘာသာဝင်များ၏ ဒီပါဝလီပွဲတော် ကျင်းပသည့်ကာလသည် မိမိတို့ ဗုဒ္ဓဘာသာဝင်များ၏ သီတင်းကျွတ်၊ တန်ဆောင်တိုင် မီးထွန်းပွဲတော်များ ကျင်းပသည့် ကာလလည်းဖြစ်သကဲ့သို့ အသွင်သဏ္ဌာန်ချင်းလည်း တူညီကြောင်း၊ ဗုဒ္ဓဘာသာဝင်များသည် သီတင်းကျွတ်ပွဲတော်တွင် အသက်အရွယ်ကြီးရင့်သူများကို ကန်တော့ခြင်း၊ ဆီမီးများထွန်းညှိခြင်းဖြင့် ပျော်ရွှင်စွာဆင်နွှဲကြသကဲ့သို့ ဟိန္ဒူဘာသာဝင်များကလည်း တစ်ဦးနှင့် တစ်ဦးချစ်ခင်ရင်းနှီးမှုဖြင့် မုန့်ချိုများကို ပျော်ရွှင်စွာ ဝေငှလူဒါန်းကြသည့် ချစ်စရာဓလေ့ကို တွေ့မြင်နိုင်ကြောင်း။

ပွဲတော်တစ်ခုချင်းစီ၏ ဘာသာရေးဆိုင်ရာအနှစ်သာရနှင့် ထုံးတမ်းအစဉ်အလာများ မတူညီကြသော်လည်း အလင်းရောင်၊ မေတ္တာတရား၊ ကောင်းမြတ်သည့် စိတ်ထားနှင့် အချင်းချင်းချစ်ခင်ရင်းနှီးစွာ နေထိုင်ရေးဟူသည့် လူမှုဘဝအတွက် အကျိုးရှိသည့် တန်ဖိုးများကို တွေ့မြင်နိုင်ကြောင်း။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ဘာသာသာသနာပေါင်းစုံ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းပေါင်းစုံတို့ အတူတကွမှီတင်းနေထိုင်ကြသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ **မတူကွဲပြားသည့် လူမျိုး၊ ဘာသာ၊ ယဉ်ကျေးမှုအစဉ်အလာများကို အပြန်အလှန် နားလည်လေးစားပြီး ချစ်ကြည်ရင်းနှီးစွာ အတူယှဉ်တွဲနေထိုင်ခြင်းသည် နိုင်ငံတော်၏ လူမှုအသိုက်အဝန်း စည်းလုံးညီညွတ်ရေးနှင့် ရေရှည်တည်ငြိမ်အေးချမ်းရေးအတွက် အလွန်အရေးကြီးသည့် အခြေခံအုတ်မြစ်တစ်ရပ်ဖြစ်ကြောင်း။**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) တွင်လည်း နိုင်ငံတော်အတွင်းရှိ ဘာသာရေးဆိုင်ရာ ယုံကြည်ကိုးကွယ်မှုများနှင့်စပ်လျဉ်းပြီး အသိအမှတ်ပြုမှု၊ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များပါဝင်ကြောင်း၊ အထူးသဖြင့် အခန်း (၈)၊ ပုဒ်မ ၃၆၂ မှာ **"နိုင်ငံတော်သည် ခရစ်ယာန်ဘာသာ သာသနာ၊ အစ္စလာမ်ဘာသာ သာသနာ၊ ဟိန္ဒူဘာသာ သာသနာနှင့် နတ်ကိုးကွယ်သော ဘာသာတို့ကို ကိုးကွယ်ရာ ဘာသာ သာသနာများဟူ၍ အသိအမှတ်ပြုသည်"** ဟု ပြဋ္ဌာန်းထားကြောင်း၊ ထို့အပြင် ပုဒ်မ ၃၆၃ တွင်လည်း **"နိုင်ငံတော်သည် အသိအမှတ်ပြုထားသော ဘာသာသာသနာများကို တတ်နိုင်သမျှ ကူညီစောင့်ရှောက်မည်"** ဟုလည်း ထပ်မံပြဋ္ဌာန်းထားကြောင်း။

ပုဒ်မ ၃၄ နှင့် ပုဒ်မ ၃၅၄ တို့တွင်လည်း ဘာသာရေးဆိုင်ရာ လွတ်လပ်ခွင့်နှင့် မိမိတို့ ယုံကြည်ကိုးကွယ်ရာ ဘာသာသာသနာနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာဆောင်ရွက်ပိုင်ခွင့်တို့နှင့် သက်ဆိုင်သည့်ပြဋ္ဌာန်းချက်များပါဝင်ကြောင်း၊ ထို့ကြောင့် မိမိတို့ ကိုးကွယ်ယုံကြည်ရာ ဘာသာတရားအလျောက် ဘာသာရေးပွဲတော်များကိုလည်း အနှစ်သာရရှိရှိကျင်းပဆောင်ရွက်သွားကြရန် လွန်စွာအရေးကြီးကြောင်းနှင့် နိုင်ငံတော်အနေဖြင့် အားပေးဂုဏ်ပြုပါကြောင်းကို ပြောကြားလိုကြောင်း။

ထိုကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဘာသာတရားအသီးသီး၏ ယုံကြည်ကိုးကွယ်မှု၊ ဘာသာရေးထုံးတမ်းအစဉ်အလာနှင့် ပွဲတော်များကို အပြန်အလှန် နားလည်လေးစားခြင်းသည် လူမှုအသိုက်အဝန်းအတွင်း ယုံကြည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုတည်ဆောက်ရာတွင် အရေးပါသည့် အခြေခံတန်ဖိုးတစ်ခုဖြစ်ကြောင်း။

မိမိတို့အားလုံးအနေဖြင့် မိမိတို့ကိုးကွယ်ရာ ဘာသာတရားအသီးသီး၏ ကောင်းမြတ်သည့် သွန်သင်ဆုံးမမှုများကို လက်တွေ့ဘဝတွင် ကျင့်သုံးကြရန်လိုအပ်ကြောင်း၊ ဒီပါဝလီပွဲတော်၏ အနှစ်သာရကိုလည်း အလေးထားစဉ်းစားစေလိုကြောင်း၊ ဆီမီးတစ်ခွက်ထွန်းညှိလိုက်ခြင်းသည် ပတ်ဝန်းကျင်တစ်ခုကို အလင်းရောင်ပေးနိုင်သကဲ့သို့ လူတစ်ဦးချင်းစီ၏ စိတ်နှလုံးထဲတွင် မေတ္တာ၊ ဓေတနာ၊ သနားကြင်နာမှုနှင့် အမှန်တရားကိုလက်ကိုင်ထားနိုင်ခြင်းသည်လည်း မိမိတို့၏ မိသားစု၊ လူမှုအသိုက်အဝန်းနှင့် နိုင်ငံတော်အတွက် အလင်းရောင်တစ်ခု ဖြစ်လာစေမည်ဖြစ်ကြောင်း။

စာမျက်နှာ ၈ သို့

စာမျက်နှာ ၇ မှ

ဒီပါဝလီပွဲတော်၏ အလင်းရောင်နှင့်အတူ မိမိတို့အားလုံး၏ စိတ်နှလုံးထဲတွင် ကောင်းမြတ်သည့် အတွေးအခေါ်များ၊ မေတ္တာတရားနှင့် ငြိမ်းချမ်းရေး စိတ်ဓာတ်များ ပိုမိုထွန်းလင်းတောက်ပလာကြပါစေ၊ ဘာသာတရားအသီးသီးကို ကိုးကွယ်ယုံကြည်ကြသူများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်လေးစားမှုများ ပိုမိုခိုင်မာလာပြီး တိုင်းရင်းသားပြည်သူအားလုံး ငြိမ်းချမ်းသာယာဝပြောသည့် လူမှုအသိုက်အဝန်းတစ်ရပ်ကို အတူတကွ တည်ဆောက်နိုင်ကြပါစေ၊ မိမိတို့ မှီတင်းနေထိုင်ရာ မြန်မာနိုင်ငံနှင့် ပြည်သူများ၏ ကောင်းရာကောင်းကျိုး၊ ကြီးပွားရာကြီးပွားကြောင်းနှင့် တိုးတက်ရာ တိုးတက်ကြောင်းတို့ကို သစ္စာရှိရှိ တာဝန်သိသိဖြင့် စိတ်တူကိုယ်တူ ပူးပေါင်းဆောင်ရွက်နိုင်ကြပါစေရန် ဆန္ဒပြုဆုမွန်ကောင်းတောင်းလိုက်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် ဒီပါဝလီအထိမ်းအမှတ်ပွဲတော်ကျင်းပရေးဦးစီးကော်မတီနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်ဥက္ကဋ္ဌတို့က အမှတ်တရစကားနှင့် ဆုတောင်းမေတ္တာပို့ ကျေးဇူးတင်စကားများ ပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဧနီး၊ အခမ်းအနားတက်ရောက်လာကြသူများအား ဟိန္ဒူရိုးရာယဉ်ကျေးမှုအကအဖွဲ့၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ယဉ်ကျေးမှုအဖွဲ့၊ အိန္ဒိယရိုးရာယဉ်ကျေးမှုအကအဖွဲ့တို့က ဟိန္ဒူလူမျိုးစုများ၏ ရိုးရာအကများ၊ တေးသီချင်းများ၊ တေးသရုပ်ဖော်အကအလှများ၊ ဟိန္ဒူရိုးရာယဉ်ကျေးမှုအကပဒေသာများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။ ဖျော်ဖြေမှုများအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဧနီး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးနှင့် ဧနီးတို့သည် ယဉ်ကျေးမှုအဖွဲ့များအား အမှတ်တရ ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဧနီးအဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ဟိန္ဒူမျိုးနွယ်စုများ၊ ဟိန္ဒူရိုးရာယဉ်ကျေးမှုအဖွဲ့များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ဧနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် ဒီပါဝလီအထိမ်းအမှတ်အခမ်းအနား အထိမ်းအမှတ် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဧနီး ဒေါ်ကြူကြူလှတို့အား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် ဧနီးတို့က မင်္ဂလာဂုဏ်ပြုပဝါနှင့် မင်္ဂလာဂုဏ်ပြုပန်းကုံးကို ဂါရဝပြုဆင်မြန်းပေးပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။

❖ကျောဖုံးမှ

ထုတ်လုပ်နိုင်ရေး၊ လုပ်သားများ၏ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းစေရေးနှင့် မီးဘေးအန္တရာယ်ကင်းရှင်းစေရေး အလေးထားဆောင်ရွက်ရန် မှာကြားကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ဘားအံမွေးမြူရေးဇုန်သို့ ရောက်ရှိကြပြီး အဆိုပါဇုန်အတွင်းရှိ ကရင်ပြည်နယ် အစိုးရအဖွဲ့ ဥစားကြက် အကောင်ရေ ၁၀၀၀၀ စဉ်ဆက်မပြတ်မွေးမြူရေးခြံ ရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက မွေးမြူရေးခြံ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး စင်တာအတွင်း စားပွဲတင်တင်းနစ် ကစားနေမှု၊ လူငယ်အသိပညာပေးဟောပြောပွဲ အခမ်းအနား ကျင်းပနေမှု၊ အိမ်တွင်းမှုခန်း၊ ဂီတခန်း၊ ပန်းချီခန်း၊ အကခန်း၊ ကွန်ပျူတာခန်းနှင့် ပြည်နယ် GYM အားကစားခန်းမတို့၌ သက်ဆိုင်ရာ ဘာသာရပ်အလိုက် လေ့ကျင့်သင်ကြားနေမှု၊ စာကြည့်တိုက်၌ စာပေလေ့လာဖတ်ရှုနေမှု၊ အိပ်ဆောင်နှင့် နားနေဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ဒုတိယသမ္မတက လူငယ်စင်တာဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များနှင့်အညီ လူငယ်များ၏ အရည်အချင်း၊ အသိပညာနှင့် အတတ်ပညာများ ဖွံ့ဖြိုးတိုးတက်စေရန် အတွက် စင်တာအတွင်းရှိ အားကစားပစ္စည်းများနှင့် လေ့ကျင့်သင်ကြားရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို စနစ်တကျထိန်းသိမ်း စောင့်ရှောက်ရန်၊ လူငယ်များ အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် အားကစား၊ အနုပညာ၊ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများကို စိတ်ဝင်စားမှုရှိသည့် နယ်ပယ်အလိုက် အစီအစဉ်များ စီစဉ်ဆောင်ရွက်ပေးရန်၊ လူငယ်များ၏ အကြံပြုချက်များနှင့် လိုအပ်ချက်များကို အလေးထား အကောင်အထည်ဖော် ဆောင်ရွက်ပေးရန်နှင့် နိုင်ငံတော်၏ အနာဂတ်ကို ပုံဖော်မည့်လူငယ်များအား အရည်အသွေးပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များအဖြစ် အောင်မြင်စွာ ဖြစ်ထွန်း လာစေရေးအတွက် လူငယ်စင်တာကို အမှန်တကယ် အကျိုးရှိထိရောက်သော နေရာတစ်ခုဖြစ်လာရန် ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားသည်။



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ဘားအံစက်မှုဇုန်ရှိ THAIFASHION အရည်အသွေးမြင့် ရေဘာဖိနပ်များ ထုတ်လုပ်ဖြန့်ဖြူးရေး စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

ထိုမှတစ်ဆင့် (၇၁)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် ဘားအံမြို့နယ် ကော့မရမ်းကျေးရွာရှိ Kawt Ma Yan Resort ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြရာ ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ ပြည်ထောင်စုအတိုင်ပင်ခံ ကောင်စီဝင်များနှင့် Resort မှ မန်နေဂျင်ဒါရိုက်တာတို့က ဟိုတယ်ကို ဖဲကြိုးဖြတ်၍ လည်းကောင်း၊ ဒုတိယသမ္မတက ဟိုတယ်ဆိုင်းဘုတ်ကို စက်ခလုပ်နှိပ်၍ လည်းကောင်း ဖွင့်လှစ်ပေးကြသည်။

ထို့နောက်ဆိုင်းဘုတ်ကို အမွေးနုံ့သာရည်များ ပက်ဖျန်းပေးကာ ဘင်ခရာအဖွဲ့၊ ယဉ်ကျေးမှုဒုံးအက အဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ညပိုင်းတွင် ဘားအံမြို့သိရိုက်ငှဲ့၌ ကျင်းပသည့် (၇၁) နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ကရင်ရိုးရာဒုံးအကပြိုင်ပွဲတွင် ယှဉ်ပြိုင်လျက်ရှိသော ပြိုင်ပွဲဝင် ဒုံးအကအဖွဲ့များ၏ ယှဉ်ပြိုင် ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

သတင်းစဉ်

✪ ရှေ့ဖုံးမှ

ယင်းသဘောတူစာချုပ်ကို မြန်မာနိုင်ငံဘက်မှ ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဇော်နှင့် အိုမန်စော်ဘွားနိုင်ငံဘက်မှ အိုမန်မြို့ပြလေကြောင်း အာဏာပိုင်အဖွဲ့ဥက္ကဋ္ဌ နိုင်းဖ် အလီ ဟာမက် အာ-အာဘရီတို့က လက်မှတ်ရေးထိုးခဲ့ကြသည်။ (ယာပို့)

လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ နှစ်နိုင်ငံ လေကြောင်းအာဏာပိုင်အဖွဲ့များမှ အဆင့်မြင့်အရာရှိကြီးများ၊ လေကြောင်းလိုင်းများနှင့် လေဆိပ်များမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါ သဘောတူစာချုပ်အရ မြန်မာနိုင်ငံနှင့် အိုမန်နိုင်ငံတို့မှ သတ်မှတ်ထားသော လေကြောင်းလိုင်းများသည် လေကြောင်းဆက်သွယ်ပံ့ပိုးမှုများ ပြုလုပ်နိုင်မည်ဖြစ်သဖြင့် ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားသူကြီးများ၏ တရားစီရင်ရေးမှားယွင်းမှုအပြင် ကျင့်ဝတ်၊ စီမံခန့်ခွဲမှုနှင့် လုပ်ထုံးလုပ်နည်း မလိုက်နာခြင်း၊ အားနည်းခြင်းတို့ကို သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၆

တတိယအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုတရားရုံးချုပ်၏ ညွှန်ကြားချက်ကို လက်ရှိကျင့်သုံးဆောင်ရွက်မှုအခြေအနေ၊ တရားရုံးများရှိ Complaint Box များမှတင်ပြစာများကို စိစစ်အရေးယူရန် သီးခြားစိစစ်ရေးအဖွဲ့များ ဖွဲ့စည်းပေးနိုင်ရေး၊ သယံဇာတများကို အကြီးစား၊ အလတ်စားတူးဖော်ခွင့်မပြုဘဲ အသေးစားနှင့် လက်လုပ်လက်စားတူးဖော်ခွင့်ကို ဥပဒေနှင့်အညီ ခွင့်ပြုပေးနိုင်ရေး၊ ဆက်သွယ်ရေးကွန်ရက်များ ပိုမိုကောင်းမွန်အောင် စီမံဆောင်ရွက်ပေးနိုင်ရေး၊ မြို့မဖွေးကြီး ပြန်လည်တည်ဆောက်ရေး၊ မီးဘေးလုံခြုံရေးနှင့် သန့်ရှင်းရေးစနစ်များ အဆင့်မြှင့်တင်ရေး၊ လမ်းမီးတိုင်နှင့် လမ်းမီးများတပ်ဆင်၊ ပြုပြင်ပေးနိုင်ရေး၊ လမ်းအဆင့်မြှင့်တင်ပေးနိုင်ရေးတို့နှင့် စပ်လျဉ်းသည့် မေးခွန်း ၁၂ ခု မေးမြန်းဖြေကြားခြင်းနှင့် လွှတ်တော်ခွင်း ချစ်ကြည်ရင်းနှီးရေးအဖွဲ့များ ဖွဲ့စည်းအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ တာချီလိတ်မဲဆန္ဒနယ်မှ ဦးကျော်ဦးမိုးအောင်၏ **ပြည်ထောင်စုတရားရုံးချုပ်၏ ၁၈-၁၂-၁၉၉၀ ရက်စွဲပါ ညွှန်ကြားချက်အား ကျင့်သုံးဆောင်ရွက်လျက်ရှိ မရှိနှင့် မရှိပါက အဘယ့်ကြောင့်ဆိုသည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဒေါ်သင်းသင်းချိုက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေတို့အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် စစ်ဘက်ဆိုင်ရာတရားရုံးများနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေခဲ့ရုံး၏ စီရင်ပိုင်ခွင့်အာဏာများကို မထိခိုက်စေဘဲ နိုင်ငံတော်၏ အဖြင့်ဆုံး တရားရုံးဖြစ်ပြီး နိုင်ငံတော်အတွင်းရှိ တရားရုံးအားလုံးကို ကြီးကြပ်ကွပ်ကဲပါကြောင်း၊ တရားစီရင်ရေးဆိုင်ရာ ကိစ္စနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်များသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ လမ်းညွှန်ချက်နှင့်အညီ မိမိစီရင်ပိုင်ခွင့်အတွင်းရှိ မြို့နယ်တရားရုံးများကိုလည်းကောင်း၊ အဆင့်ဆင့် ကြီးကြပ်ကွပ်ကဲပါကြောင်း။

ထို့သို့ တရားစီရင်ရေးလုပ်ငန်း ကြီးကြပ်ကွပ်ကဲရာတွင် လက်ရှိအခြေအနေနှင့် ကိုက်ညီမှုရှိသည့် ယခင်တရားရုံးချုပ်က ထုတ်ပြန်ခဲ့သော ညွှန်ကြားချက်များကိုလိုက်နာသည့်အပြင် လိုအပ်သည့်ညွှန်ကြားချက်များကိုလည်း ထုတ်ပြန်ဆောင်ရွက်ပါကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားသူကြီးများ၏ တရားစီရင်ရေးမှားယွင်းမှုအပြင် ကျင့်ဝတ်၊ စီမံခန့်ခွဲမှုနှင့် လုပ်ထုံးလုပ်နည်း မလိုက်နာခြင်း၊ အားနည်းခြင်းတို့ကိုလည်း သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၂၅ ခုနှစ်အတွင်း ဝန်ထမ်းစည်းကမ်းဖောက်ဖျက်ခြင်း၊ လုပ်ထုံးလုပ်နည်းမလိုက်နာခြင်း၊ စီမံခန့်ခွဲမှုအားနည်းခြင်း၊ တရားစီရင်ရေး မှားယွင်းခြင်းတို့အတွက် တရားရေးအရာရှိ/တရားသူကြီးအား သတိပေးခြင်း၊ နှစ်တိုးလစာ ရပ်ဆိုင်းခြင်း၊ ရာထူးတိုးမြှင့်ခြင်းကိုရပ်ဆိုင်းခြင်း၊ ရာထူးအဆင့် လျှော့ချခြင်း၊ ရာထူးမှထုတ်ပယ်ခြင်း၊ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်းဖြင့် အသီးသီးအရေးယူခဲ့ပါကြောင်းနှင့်



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့ ကျင်းပစဉ်။

ယခင်တရားရုံးချုပ်၏ ညွှန်ကြားစာအပြင် အခြားတည်ဆဲညွှန်ကြားချက်များကိုလည်း လိုက်နာဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ရန်ကင်းမဲဆန္ဒနယ်မှ ဦးတင်မိုးအောင်(ခ) နေရှိုင်း၏ **တရားရုံးများရှိ Complaint Box များမှ တင်ပြစာများကို အရေးယူဆောင်ရွက်ရန်အတွက် သီးခြားစိစစ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်းကို မည်သည့်အချိန်တွင် စတင် အကောင်အထည်ဖော်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဒေါ်သင်းသင်းချိုက တရားရုံးများတွင် တရားမှုတမှုရရှိရေး၊ ပြည်သူများ၏ တရားရုံးအပေါ် ယုံကြည်မှုတိုးမြှင့်လာစေရန်နှင့် တရားရုံးလုပ်ငန်းများ ပိုမိုထိရောက်ကောင်းမွန်စွာ ဆောင်ရွက်နိုင်ရေးအတွက် တရားရုံးအသီးသီးတွင် ပြည်သူများ၏ အခက်အခဲတိုင်ကြားချက်များနှင့် အကြံပြုချက်များကို တင်ပြနိုင်ရန် Complaint Box စုစုပေါင်း ၃၉၆ လုံး ထားရှိပြီးဖြစ်ပါကြောင်း။

တင်ပြစာများကို စိစစ်ပြီးနောက် စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် လိုအပ်ပါက နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ရှေးဦးစုံစမ်းရေးအဖွဲ့ သို့မဟုတ် ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်၍ ဌာနဆိုင်ရာစုံစမ်းစစ်ဆေးမှု ပြုလုပ်ဆောင်ရွက်ပြီး စစ်ဆေးပေါ်ပေါက်ချက်နှင့်အညီ ပြည်ထောင်စုတရားလွှတ်တော်ချုပ် စီမံခန့်ခွဲရေးကော်မတီ၏ အဆုံးအဖြတ် ခံယူဆောင်ရွက်လျက်ရှိပါကြောင်း။

တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားရုံး၊ ခရိုင်တရားရုံး၊ မြို့နယ်တရားရုံးအသီးသီး၌ ထားရှိသော Complaint Box မှတစ်ဆင့် တင်ပြလာသည့်စာများကိုလည်း တာဝန်ပေးအပ်ထားသည့် သက်ဆိုင်ရာတရားရုံးကြီးကြပ်သူ အရာရှိ ဦးဆောင်သည့် စိစစ်ရေးအဖွဲ့က ဖွင့်ဖောက်စစ်ဆေးပြီး ဝင်စာမှတ်ပုံတင်ရေးသွင်းကာ စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် လိုအပ်ပါက အထက်အဆင့်ဆင့်သို့ တင်ပြလမ်းညွှန်မှုခံယူပြီး လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း။ သို့ပါ၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားရုံးအသီးသီး၌ ထားရှိသော Complaint Box များမှ ပြည်သူများ၏ တင်ပြစာများကို ပုံမှန်ဖွင့်ဖောက်စိစစ်ပြီး လိုအပ်သည့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ဖားကန့်မဲဆန္ဒနယ်မှ ဦးသက်ပိုင်ထူး၏ **ဖားကန့်ရှိ သယံဇာတများအား အကြီးစားနှင့် အလတ်စားတူးဖော်ခွင့်မပြုဘဲ အသေးစားနှင့် လက်လုပ်လက်စားတူးဖော်ခွင့်ကို စည်းကမ်းနှင့်အညီ ခွင့်ပြုပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်လတ်ကြီးက ဖားကန့်ရှတနာနယ်မြေသည် လက်ရှိအခြေအနေအရ နယ်မြေလုံခြုံရေး တည်ငြိမ်မှုမရှိခြင်း၊ ဘူမိဗေဒဖြစ်စဉ်အရ အရည်အသွေးကောင်းမွန်သည့် ကျောက်စိမ်းဖြစ်ပေါ်လာရန် နှစ်သန်းပေါင်းများစွာ အချိန်လိုအပ်ခြင်း၊ ကျောက်စိမ်း၊ ကျောက်မျက်သယံဇာတများကို နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် သားစဉ်မြေးဆက် ရေရှည်အသုံးပြုနိုင်စေရေးအတွက် ရည်ရွယ်ပြီး တူးဖော်ထုတ်လုပ်မှုကို ကန့်သတ်ဆောင်ရွက်ခြင်းများကြောင့် ဖားကန့်ရှတနာနယ်မြေအတွင်း အသေးစား တူးဖော်ထုတ်လုပ်မှုနှင့် လက်လုပ်လက်စား တူးဖော်ထုတ်လုပ်မှုများကို ခွင့်ပြုပေးရန် အစီအစဉ်မရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေ၏ **MSME ထုတ်ကုန်များ၏ ဈေးကွက်တိုးမြှင့်ရေး၊ အသုံးပြုမှုမြှင့်တင်ရေးနှင့် ရုပ်ရှင်၊ ဗီဒီယို၊ ရုပ်သံဇာတ်လမ်းတွဲများတွင် Local Content Policy နှင့် Product Placement Guideline ချမှတ်အကောင်အထည်ဖော်ရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ စက်မှုနှင့် အသေးစား၊ အလယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျာက မြန်မာ့ထုတ်ကုန်များကို လူသိများစေရေး၊ မြန်မာ့ထုတ်ကုန်များကို ဂုဏ်ယူစွာအသုံးပြုလာစေရေးနှင့် MSMEs ကဏ္ဍမြှင့်တင်ရေးအတွက် နိုင်ငံပိုင်မီဒီယာများမှ ဇာတ်လမ်းတို့များ၊ အင်တာဗျူးအစီအစဉ်များ၊ Talk Show များ စသည်ဖြင့် အစီအစဉ်များအား ဦးစားပေးထုတ်လွှင့်လျက်ရှိပါကြောင်း၊ "ဒေသတစ်ခုထုတ်ကုန်တစ်ခု" အစီအစဉ်နှင့် ဒေသအသီးသီးရှိ MSME လုပ်ငန်းများအား သွားရောက်ရိုက်ကူးပြီး အင်တာဗျူးများ၊ ဆွေးနွေးပွဲများ၊ Programများဖြင့် လည်းကောင်း၊ တေးသီချင်းများဖြင့်လည်းကောင်း ရုပ်မြင်သံကြား၊ သတင်းစာနှင့် ဒီဂျစ်တယ်ပလက်ဖောင်းများတွင် ဖော်ပြဆောင်ရွက်လျက်ရှိပါကြောင်း။

MSME ထုတ်ကုန်များကို MRTV-HD နှင့် MRTV Entertainment တို့တွင် အပတစဉ် ရုပ်ရှင် (၉)ကား၊ ဇာတ်လမ်းတွဲ(၄)တွဲဖြင့် ထည့်သွင်းအသုံးပြုလျက်ရှိပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးသင်တန်းကျောင်းဆိုင်ရာ ဇာတ်လမ်းတို့ (၁၀)ပုဒ်၊ စက်မှုကုန်ကြမ်းသီးနှံ (၀၊ ၀၊ ၁၊ ရော်ဘာ)နှင့် ဆီထွက်သီးနှံ(နှမ်း၊ နေကြာ၊ ပဲပုပ်)ဆိုင်ရာ အသိပညာပေးဇာတ်လမ်းတို့ (၄)ပုဒ်၊ ပြည်တွင်း MSME ထုတ်ကုန်အခြေခံ ရုပ်သံဇာတ်လမ်းတွဲ (၃)တွဲ ရိုက်ကူးရန်လျာထားဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ပုဗ္ဗသီရိမဆန္ဒနယ်မှ ဦးလှဆွေ၏ **ကြိုးဖုန်းဆက်သွယ်မှုများ မပြတ်တောက်စေရေး စီမံပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်က ယခုအခါ မိုဘိုင်းဆက်သွယ်ရေးစနစ်များ ပိုမိုကောင်းမွန်လာပြီး လွယ်ကူစွာအသုံးပြုလာနိုင်သဖြင့် အော်တိုတယ်လီဖုန်းသုံးစွဲမှုများ နည်းပါးလာခဲ့ကြောင်း၊ ပုဗ္ဗသီရိမြို့နယ်တွင် ဒီဂျစ်တယ်အော်တိုအိတ်ချိန်းကို ၂၀၁၀ ပြည့်နှစ်တွင် စတင်တပ်ဆင်ခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ဘက်စုံသုံးအိတ်ချိန်း MSAN ဖြင့် အစားထိုးလဲလှယ် တပ်ဆင်ခဲ့ပါကြောင်း၊ အဆိုပါအိတ်ချိန်းမှ တယ်လီဖုန်းသုံးစွဲသူများအား ဝန်ဆောင်မှုပေးလျက်ရှိရာ ကြေးကြိုးကေဘယ်လ်သက်တမ်းမှာ ၁၅ နှစ်ခန့် ကြာမြင့်နေပြီဖြစ်ခြင်းကြောင့် လျှပ်ကူးအရည်အသွေး နိမ့်ကျလာပြီး ကြံ့ခိုင်မှုလည်း လျော့နည်းလာခဲ့ပါကြောင်း။

လက်ရှိအသုံးပြုလျက်ရှိသော ကြေးကြိုးကွန်ရက်သုံး ဘက်စုံသုံးအိတ်ချိန်း Multi Service Access Node (MSAN) စနစ်အား OLT စနစ်ဖြင့်အစားထိုး တပ်ဆင်ဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရပါကြောင်း၊ ပြည်ထောင်စုနယ်မြေ(နေပြည်တော်)တွင် MSAN စနစ်အသုံးပြုထားသော အော်တိုဖုန်းလိုင်းစနစ်မှ ချို့ယွင်းလျက်ရှိသော ကြေးကြိုးကေဘယ်လ်များ လဲလှယ်ရန် ကုန်ကျမှု၊ OLT စနစ်အား အပိုင်းလိုက် လဲလှယ်ရန်ကုန်ကျမှုနှင့် OLT စနစ်ဖြင့် အလုံးစုံလဲလှယ်ရန် ကုန်ကျမှုတို့အား အသေးစိတ် နှိုင်းယှဉ်တွက်ချက်ပြီး အကောင်းဆုံးနည်းလမ်းဖြင့် အော်တိုတယ်လီဖုန်းလိုင်း ကောင်းမွန်စေရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းလင်း၏ **ကျိုင်းတောင်းမြို့နှင့် မြို့ကိုဆက်သွယ်ထားသော ဆက်သွယ်ရေးကွန်ရက်များ ပိုမိုကောင်းမွန်စေရန် မည်သည့်ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်မည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်က ကျိုင်းတောင်းမြို့ မိုဘိုင်းဆက်သွယ်မှုအဆင့်ပြေစေရန် ယခုအခါ Mytel အနေဖြင့် မိုက်ကရိုဝေဗ် အဝေးဆက်ကြောင်းဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုပေးနေရာမှ ဗိုင်ဘာကေဘယ်ဆက်ကြောင်းဖြင့် ဝန်ဆောင်မှုပေးနိုင်ရေး ဆောင်ရွက်ခဲ့ပါကြောင်း။

Mytel မှ ကျိုင်းတောင်းမြို့ရှိ ပြည်သူများ တယ်လီဖုန်းခေါ်ဆိုမှုနှင့် အင်တာနက်ဝန်ဆောင်မှုများကို ကောင်းမွန်စွာ ရရှိအသုံးပြုနိုင်ဖြို့ဖြစ်ပါကြောင်း၊ ထို့ပြင် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT)နှင့် ATOM တို့၏ ဆက်သွယ်ရေးဝန်ဆောင်မှုများကိုလည်း အပြည့်အဝ ရရှိအသုံးပြုနိုင်စေရန် ဆက်လက်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တနင်္သာရီမဲဆန္ဒနယ်မှ ဦးအောင်ဆန်းလွင်၏ **မြိတ်မြို့ မြို့မဖွေးကြီးအား ပြန်လည်တည်ဆောက်ပေးရန်နှင့် မီးဘေးလုံခြုံရေးနှင့် သန့်ရှင်းရေးစနစ်များ အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးခင်မောင်လတ်က မြိတ်မြို့ မြို့မဖွေးကြီး အဆင့်မြှင့်တင်ရန် ကျန်ရှိသည့်အလုပ်ငန်း ၃၄၇ ပေ၊ အနှံ ပေ ၁၇၀ အား Steel Structure ဖြင့် ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ် သန်း ၄၈၀၀ ကုန်ကျမည်ဖြစ်ပါကြောင်း။

မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၇-၂၀၂၈ ခု၊ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေခွဲဝေရရှိမှုအရ မြို့မဖွေးကြီးအား ခေတ်မီအဆင့်မြှင့်ဖွေးကြီးအဖြစ် ပြန်လည်တည်ဆောက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း၊ မြိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့မဖွေး မီးဘေးလုံခြုံရေးအတွက် ဈေးအတွင်း၌ စက်ရေတွင်း ၁ တွင်း၊ ပေ ၃၀ အမြင့် ဂါလန် ၅၀၀၀ ဆံ့ ကွန်ကရစ် ရေစင် ၁ ခုနှင့် ဂါလန် ၆၀၀ ဆံ့ မြေစိုက်အုတ်ရေလှောင်ကန် ၁ ကန်တို့အား ဆောင်ရွက်ပေးပြီးဖြစ်ပါကြောင်း၊ ဈေးအကျိုးဆောင်အဖွဲ့မှ မီးဘေးကာကွယ်ရေးအတွက် လိုအပ်သည့်ပစ္စည်းများ ဖြည့်ဆည်းဆောင်ရွက်ထားရှိပါကြောင်း၊ မြို့မဖွေးသန့်ရှင်းရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှိုက်သိမ်းယာဉ် ၁ စီး၊ လုပ်သား ၉ ဦးဖြင့် နေ့စဉ်အမှိုက်သိမ်းဆည်းခြင်း (120 Liter) အမှိုက်ပုံး ၂၀ ဖြင့် ယာယီအမှိုက်စွန့်ပစ်ရန် နေရာများ စီစဉ်ပေးခြင်းနှင့် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုမရှိစေရေး ပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး ဈေးအတွင်းအပြင် အမှိုက်ကင်းစင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ဒဂုံမြို့သစ်(အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်အေးအေးဖြင့်၏ **ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ကျန်စစ်သားလမ်းမကြီး၊ ကုန်းဘောင်လမ်းမကြီး၊ မင်းရဲကျော်စွာ**

စာမျက်နှာ ၁၀ သို့

စာမျက်နှာ ၉ မှ

လမ်းကြိုးနှင့် အမှတ်(၇)လမ်းမကြီးတို့တွင် လမ်းမီးတိုင်များနှင့် လမ်းမီးများ တပ်ဆင်ပြုပြင်ပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးခင်မောင်လတ်က ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်အတွင်းရှိ လမ်းမကြီးများဖြစ်သည့် ကျန်စစ်သားလမ်းမကြီးတွင် အမှတ်(၂)လမ်းဆုံမှ ကုန်းဘောင်လမ်းအထိ လမ်းမီးဓာတ်အားလိုင်း တပ်ဆင်ထားနိုင်ခြင်း မရှိသေးပါကြောင်း၊ ကုန်းဘောင်လမ်းမှ ဗိုလ်မှူးဗထူးလမ်းအထိ လမ်းမီးဓာတ်အားလိုင်းများ ချို့ယွင်းနေသောကြောင့် အကြီးစားပြုပြင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ကုန်းဘောင်လမ်းမကြီး (ကျန်စစ်သားလမ်းမှ အနော်ရထာလမ်းအထိ) လက်ရှိတွင် လမ်းမီးလုံး (၅၄)လုံး တပ်ဆင်ထားပြီး ဓာတ်အားလိုင်းပျက်စီးနေခြင်း Breaker ချို့ယွင်းနေခြင်းနှင့် လမ်းမီးလုံး ချို့ယွင်းနေခြင်းများအား ယခုနှစ်အတွင်း ပြုပြင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှမင်းရဲကျော်စွာလမ်းမကြီးတစ်လျှောက်တွင် လမ်းတိုးချဲ့ခြင်း ဆောင်ရွက်လျက်ရှိရာ ၂၀၂၆-၂၀၂၇ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေဖြင့် မလွတ်ကင်းသော ဓာတ်အားလိုင်းတိုင်များ ရွှေ့ပြောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၎င်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မင်းရဲကျော်စွာလမ်းမကြီး (ဒဂုံတက္ကသိုလ်အဝင်မှ ထန်းတပင်လမ်းဆုံအထိ)လမ်းမီးဓာတ်အားလိုင်း (၁)မိုင်အသစ် တည်ဆောက်တပ်ဆင်သွားမည်ဖြစ်ပါကြောင်း။

အမှတ်(၇)လမ်းမကြီး (အမှတ်(၂) လမ်းဆုံမှ ငမိုးရိပ်ချောင်းအထိ) ၂ အမ ၄ မိုင်ခန့်အား လမ်းဦးစီးဌာနမှ လမ်းတိုးချဲ့ဆောင်ရွက်ခဲ့ပြီး ဂျူပ်စစ်ဓာတ်အားလိုင်းတိုင်များ လမ်းနယ်နိမိတ်အဆုံးထိ ရွှေ့ပြောင်းခဲ့ပြီးဖြစ်ပါကြောင်း၊ နောင်တွင် (၈)လမ်းသွားလမ်းအဖြစ် အဆင့်မြှင့်တင်ရန် လျာထားလျက်ရှိပါသဖြင့် လက်ရှိဓာတ်အားလိုင်းတိုင်များတွင် လမ်းမီးတပ်ဆင်ပါက လမ်းလယ်သို့ အလင်းရောင်ကောင်းမွန်စွာ မရောက်ရှိနိုင်၍ လမ်းလယ်တွင် လမ်းလယ်ကျွန်းလမ်းမီးတိုင် တပ်ဆင်ထွန်းညှိနိုင်ရေး လမ်းဦးစီးဌာနနှင့် ညှိနှိုင်း၍ စီမံဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မင်းလှမဲဆန္ဒနယ်မှ ဦးရဲထွဋ်အောင်၏ **မင်းလှမြို့နယ် အလယ်ကုန်း - ကန့်လန့်ကုန်းလမ်းအား တာပေါင်ချဲ့ခြင်း၊ ဂဝံခင်းခြင်းနှင့် ၎င်းအပေါ်တွင် ကမ်းကပ်ခုံနှင့် Box Culvert (၂) စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်းနှင့်**စပ်လျဉ်း၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက မင်းလှမြို့နယ် စိန်ပု-အလယ်ကုန်း-ကန့်လန့်ကုန်းလမ်းသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် ပြည်ထောင်စုမှ စီမံခန့်ခွဲသော လမ်းဖြစ်ပြီး စုစုပေါင်းလမ်းအရှည် ၂ မိုင်ရှိပါကြောင်း။

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် မြေသားလမ်း ၄ ဒသမ ၃ ဖာလုံအား ဂဝံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆောင်ရွက်ပြီးစီးပါက ကျန်ရှိသော မြေသားလမ်းပိုင်း ၄ ဒသမ ၅၈ ဖာလုံအနက် ၂ ဒသမ ၅ ဖာလုံသည် မိုးတွင်းကာလတွင် သွားလာရခက်ခဲလျက်ရှိပြီး အဆိုပါလမ်းပိုင်းပေါ်ရှိ ကျေးရွာမှ ကိုယ်ထူကိုယ်ထ ဆောင်ရွက်ထားသော Box Culvert (၂) စင်းမှာ ကြမ်းခင်းများ ပျက်စီးနေပြီး ကြံ့ခိုင်မှုမရှိသည့် အတွက် ပြုပြင်ခြင်းလုပ်ငန်းအား ပြည်ထောင်စု ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကျန်ရှိသည့်အပိုင်း ဂဝံခင်းခြင်း လုပ်ငန်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေတွင် လျာထားတင်ပြသွားမည် ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

စဉ်ကိုင်ဖဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်၏ **စဉ်ကိုင်မြို့နယ် ဧည့်ပြ- မကွေရာ-ကျွန်းဦး- မကျီးကုန်း-ရွာဘို- မီးသွေးဘုတ် ကျေးရွာချင်းဆက်လမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ပါရန် အစီအစဉ် ရှိ မရှိ မေးခွန်းနှင့်**စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက စဉ်ကိုင်မြို့နယ် ဧည့်ပြ-မကွေရာ-ကျွန်းဦး-မကျီးကုန်း-ရွာဘို-မီးသွေးဘုတ် လမ်းသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် တိုင်းဒေသကြီးမှ စီမံခန့်ခွဲသောအဆင့် လမ်းဖြစ်ပြီး စုစုပေါင်း ၉ မိုင် ရှိပါကြောင်း။

အဆိုပါလမ်း ၉ မိုင်တွင် ၆ မိုင် ဝ ဒသမ ၁၇ ဖာလုံသည် ပျက်စီးလျက်ရှိပါကြောင်းနှင့် လတ်တလော သွားလာရေး အဆင်ပြေစေရန်အတွက် အမာခံလမ်း ၆ မိုင် ဝ ဒသမ ၁၇ဖာလုံအား ဂျင်းခင်းပြုပြင်ခြင်း လုပ်ငန်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်ထောင်စု ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေမှ ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း၊ အမာခံလမ်းအဆင့်မှ ကျောက် ချောလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား ၂၀၂၉-၂၀၃၀ ဘဏ္ဍာနှစ်မှစတင်ပြီး တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေတွင် လျာထားတင်ပြသွားမည် ဖြစ်ပြီး ရန်ပုံငွေခေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်းနှင့် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းအား လတ်တလော ဦးစားပေး အစီအစဉ်၌ မပါဝင်သေးပါကြောင်း ပြန်လည် ဖြေကြားသည်။

သိပေါမဲဆန္ဒနယ်မှ ဦးကောင်းသက်စိုး၏ **သိပေါမြို့နယ် အုံမှ - တော်ကြိုလမ်းမမှ မူးလေးကျေးရွာအထိ လမ်းပိုင်းအား ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ရှမ်းပြည်နယ် (မြောက်ပိုင်း) သိပေါမြို့နယ် အုံမှ - တော်ကြိုလမ်းမှ မူးလေးကျေးရွာအထိလမ်းသည် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနပိုင် ပြည်နယ်မှ စီမံခန့်ခွဲသော လမ်းဖြစ်ပြီး အမာခံလမ်း ၁ မိုင် ၅ ဖာလုံနှင့် မြေသား လမ်း ၃ ဖာလုံ၊ စုစုပေါင်း ၂ မိုင်ရှိပါကြောင်း၊ အဆိုပါ လမ်း ၂ မိုင်အား ကျောက်ချောလမ်းအဖြစ် အဆင့် မြှင့်တင်ပြီးမှသာ ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက် ရမည်ဖြစ်ပါကြောင်း၊ သို့ပါ၍ ဘော်ကြို-မူးလေးလမ်း ၂ မိုင်အား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်ရန်ပုံငွေရရှိမှု အပေါ်မူတည်၍ လျာထားတင်ပြသွားမည်ဖြစ်ပါ ကြောင်းပြန်လည်ဖြေကြားသည်။

သဲကုန်းမဲဆန္ဒနယ်မှ ဒေါ်ဥမ္မာမိုမိုဧော်၏ **သဲကုန်းမြို့နယ် လောင်ကြီးကျေးရွာ ရွာလယ်လမ်းမကြီးအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက သဲကုန်းမြို့နယ် လောင်ကြီး-ဆင်ကျုံးလမ်းသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် တိုင်းဒေသကြီးမှ စီမံခန့်ခွဲသော အရှည် ၁ မိုင် ၁ ဖာလုံခန့်ရှိမြေနီလမ်းဖြစ်ပြီး လက်ရှိလမ်းအခြေအနေမှာ ကောင်းမွန်လျက်ရှိပါကြောင်း၊ ကျေးလက်လမ်းမဟာဗျူဟာအရ ရာသီမရွေးသွားလာနိုင်သော လမ်းအဖြစ် ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးစားပေးဆောင်ရွက်ရန် များစွာရှိနေပါသဖြင့် ရန်ပုံငွေရရှိမှု အခြေအနေအရ ကွန်ကရစ်လမ်းအဖြစ် လတ်တလောအဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ပြန်လည် ဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် နိုင်ငံတကာ ဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာပွင့်ဆန်းက မြန်မာ-ဘယ်လာရုစ်၊ မြန်မာ-အင်ဒိုနီးရှား၊ မြန်မာ-တောင်ကိုရီးယား၊ မြန်မာ-ကာဇက်စတန်၊ မြန်မာ-မလေးရှားနှင့် မြန်မာ-ရုရှားလွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအဖွဲ့များ ဖွဲ့စည်းရန်နှင့် အဖွဲ့ဝင်ဦးရေ၊ အမည်စာရင်းများ၊ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၏ အမည်စာရင်းများကို လွှတ်တော်သို့ တင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါ လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအဖွဲ့များတွင် ပါဝင်သည့် အဖွဲ့ဝင်ဦးရေ၊ အမည်စာရင်းများ၊ အဖွဲ့ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၏ အမည်စာရင်းများကို လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

တတိယအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး ၂၄ ရက်မြောက်နေ့ကို ရုပ်နားလိုက်ပြီး အစည်းအဝေး ၂၅ ရက်မြောက်နေ့ကို နိုဝင်ဘာ ၉ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သတင်းအဖွဲ့**

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး ရန်ကုန်-မော်လမြိုင်ရထားလမ်းပိုင်းအတွင်းရှိ ရထားလမ်း၊ တံတားများနှင့်ဘူတာများ၊ ကုန်တွင်းဆိပ်များတည်ဆောက်မည့်မြေနေရာအား ကြည့်ရှုစစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၆

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးသည် ယမန်နေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အတူ အမှတ်(၈၃)အဆန့် DEMU ရထားဖြင့် လိုက်ပါစီးနင်းပြီး ရန်ကုန် - မော်လမြိုင် ရထားလမ်းပိုင်းတစ်လျှောက်ရှိ ရထားလမ်း၊ တံတားများ ကြံ့ခိုင်မှုနှင့် ဘူတာများ သန့်ရှင်းသာယာမှုရှိစေရေး ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မော်လမြိုင်ဘူတာသို့ ရောက်ရှိပြီး မွန်ပြည်နယ် ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် အတူ ကုန်းတွင်းဆိပ် တည်ဆောက်မည့် မြေနေရာနှင့်ပတ်သက်၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြမှု အပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားပြီး RBE ရထားဖြင့် ကုန်းတွင်းဆိပ် တည်ဆောက်မည့် မြေကွက် အမှတ် (၁)နှင့်(၂)သို့ သွားရောက် ကြည့်ရှုစစ်ဆေးရာ ဖို့မြေပမာဏ တွက်ချက်ရန်၊ အဝင်ကားလမ်းနှင့် ရထားလမ်း ဖောက်လုပ်နိုင်ရေး ပြန်လည်စီစစ်တင်ပြရန် မှာကြားပြီး မော်လမြိုင် စက်ခေါင်းပြင် စက်ရုံအနီးရှိ ဝန်ထမ်းအိမ်ရာများအား သွားရောက်ကြည့်ရှု စစ်ဆေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မော်လမြိုင်တောင် ဘူတာ(မုဒွန်မိုးရထားဝင်း) သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး စက်ခေါင်းစက်ရုံအဟောင်းမှ စက်ပစ္စည်းများအား စက်ရုံသစ်သို့ အမြန်ဆုံး ပြောင်းရွှေ့နိုင်ရေး ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မော်လမြိုင် ကမ်းနားလမ်းရှိ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်ရုံးသို့ ရောက်ရှိရာ ဝန်ကြီးဌာနအောက်ရှိ ပြည်နယ်အဆင့် တာဝန်ရှိသူများက ဌာနဆိုင်ရာလုပ်ငန်းများ ရှင်းလင်း တင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားပြီး နိုင်ငံ့ဝန်ထမ်းဝိညာဉ်ဝန်ထမ်းကျင့်ဝတ်နှင့်အညီ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရန်၊ ဌာနအချင်းချင်း ပူးပေါင်းညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်ရန်၊ ဌာနရုံး အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ သန့်ရှင်းကောင်းမွန်ရေး အမြဲဆောင်ရွက်ရန် မှာကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဆိပ်ကမ်းသာဇောတံတားမှ Pilot Boat ရေယာဉ်ဖြင့် သံလွင်တံတား(ချောင်းဆုံ)၏ တံတားတိုင်ခြေရေတိုက်စားမှုအခြေအနေနှင့် ရေလမ်းကြောင်းအခြေအနေအား ကြည့်ရှုစစ်ဆေးခဲ့ပြီး ထို့မှတစ်ဆင့် မော်လမြိုင်ငလေဆိပ်သို့ ရောက်ရှိရာ လေဆိပ်အတွင်း အရေးကြီးပုဂ္ဂိုလ်(VIP) နားနေဆောင်နှင့် ကားရပ်နားနေရာ တည်ဆောက်နေမှု၊ လေဆိပ် အဆောက်အအုံ အကြီးစားမွမ်းမံပြင်ဆင်ခြင်း၊ လေကြောင်းထိန်းမျှော်စင်အကြီးစား မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် လေဆိပ်မီးသတ်အဆောက်အအုံ လေယာဉ်ပြေးလမ်းသို့ မီးသတ်ကားအဝင် ကွန်ကရစ်လမ်း လုပ်ငန်းဆောင်ရွက်နေမှုတို့အား ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

၂၃၀ ကေဗွီ ဧရာဝတ်ပင်မဓာတ်အားခွဲရုံ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဓာတ်အားပိတ်၍ ဆောင်ရွက်မည်

နေပြည်တော် နိုဝင်ဘာ ၆

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ဝန်အားမျှတ တည်ငြိမ်စွာဖြင့် စဉ်ဆက်မပြတ် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်ရန်အတွက် ပင်မဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများကို ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၃၀ ကေဗွီ ဧရာဝတ်ပင်မဓာတ်အားခွဲရုံရှိ ကြိုးလွန်းပွဖြစ်ပေါ်မှုအား အစားထိုးလဲလှယ်ခြင်းလုပ်ငန်းကို ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၈ရက် နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အချိန် ၅ နာရီကြာခန့် ဓာတ်အားပိတ် ဆောင်ရွက်မည်ဖြစ်သည့်အတွက် ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်တို့ရှိ ရုပ်ကွက်နှင့် ကျေးရွာအချို့ ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများကို သက်ဆိုင်ရာမြို့နယ် လျှပ်စစ်မန်နေဂျာရုံးများမှတစ်ဆင့် ကြိုတင်အသိပေးထားဖြင့်ဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

ပြင်ဆင်ဖတ်ရှုပါရန်

နိုဝင်ဘာ ၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၄ ပါ တတိယအကြိမ်ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကျင်းပသတင်း၏ ကော်လံ ၃ တွင် ဖော်ပြပါရှိသည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်း အစား ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်း ဟု ပြင်ဆင်ဖတ်ရှုပါရန်။

သတင်းစဉ်

ပြည်သူလူထု၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် ပလတ်စတစ်ထုတ်ကုန်များ၊ အထူးသဖြင့် ကြွပ်ကြွပ်အိတ်များ ထုတ်လုပ်၊ တင်သွင်း၊ ရောင်းချ၊ အသုံးပြုမှုကို အဆင့်လိုက် လျှော့ချကန့်သတ်နိုင်ရေး ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

နေပြည်တော် နိုဝင်ဘာ ၆

တတိယအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဌေး၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီးများနှင့်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့ အစည်းအဝေးသို့ ၂၀၁ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့် အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၄) ဦးစိန်ရွှေမင်း၏ **မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကံဆွယ်အခြေခံပညာအလယ်တန်းကျောင်း (ခွဲ) အတွက် ပေ(၉၀ x ၃၀) RC (၁)ထပ်ဆောင် အဆောက်အအုံ တစ်ခု ထပ်မံတည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) အား အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ တည်ဆောက်ရေးလုပ်ငန်း စုစုပေါင်း ၁၆ ခု အတွက် ခွင့်ပြုရန်ပုံငွေ ငွေကျပ် ၃၄၇၈ ဒသမ ၄ သန်းဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကန်ဆွယ်-အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် မူလတန်းအဆင့် ကျောင်းသား ၁၁၁ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား ၁၁၃ ဦး စုစုပေါင်း ကျောင်းသား ၂၂၄ ဦးရှိပြီး ဆရာ ဆရာမနှင့် ဝန်ထမ်းစုစုပေါင်း ၁၁ ဦးဖြင့် ပညာသင်ကြားလျက်ရှိပါကြောင်း၊ စုစုပေါင်းစာသင်ဆောင် (၄) ဆောင် စာသင်ခန်း ၁၀ ခန်းရှိသည့်အတွက် ကျောင်းသားဦးရေအရ စာသင်ခန်း ၃ ခန်း ထပ်မံလိုအပ်နေပါကြောင်း၊ ယာယီအဆောင်ဖြင့် သင်ကြားနေရခြင်း၊ တန်းခွဲအရ စာသင်ခန်း ၃ ခန်းလိုအပ်ခြင်းတို့ကြောင့် လိုအပ်သောပေ(၉၀ x ၃၀) RC (၁)ထပ် ကျောင်းဆောင်သစ်အား နီးစပ်ရာဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ်မူတည်ပြီး တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကန်ဆွယ်-အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)သည် အလယ်တန်းအဆင့်ကျောင်းသား ၁၁၃ ဦးသာရှိခြင်း၊ ပင်မကျောင်းဖြစ်သော လယ်ကိုင်း-အခြေခံပညာအထက်တန်းကျောင်းနှင့် ၁ ဒသမ ၅ မိုင်သာ ကွာဝေးခြင်းတို့ကြောင့် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) အဆင့်မှ အခြေခံပညာအလယ်တန်းကျောင်းအဖြစ် ကျောင်းအဆင့်တိုးမြှင့်ရန် လတ်တလောဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁) ဦးရန်နိုင်ဝင်း၏ **ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် အထောင်မြို့အထောင် အခြေခံပညာအထက်တန်းကျောင်းတွင် အန္တရာယ်ရှိအဆောက်အအုံဖြစ်သော အင်ကြင်းဆောင်အား ကျောင်းသား ကျောင်းသူများ ဘေးအန္တရာယ် ကင်းရှင်းစွာပညာသင်ကြားနိုင်ရေးအတွက် လာမည့် ဘဏ္ဍာရေးနှစ်တွင် အကြီးစားပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် ကျောင်းဝင်းအတွင်း အဆင်သင့်ရှိသော အလျား ၁၁၃ ပေ၊ အနံပေ ၃၀၀ မြေကွက်လပ်တွင် RC (၂) ထပ် ကျောင်းဆောင် (၁) ဆောင်အား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ခုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်အတွက် တည်ဆောက်ရေးလုပ်ငန်း စုစုပေါင်း ၇ ခုအတွက် ခွင့်ပြုရန်ပုံငွေ ငွေကျပ် ၂၂၀၆ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျုံပျော်မြို့နယ် အထောင်အခြေခံပညာအထက်တန်းကျောင်းတွင် မူလတန်းအဆင့် ကျောင်းသား ၃၃၇ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား ၄၉၃ ဦး၊ အထက်တန်းအဆင့် ကျောင်းသား ၂၇၀၊ စုစုပေါင်း ကျောင်းသားဦးရေ ၁၁၀၀ ရှိပြီး ဆရာ ဆရာမနှင့် ကျောင်း/ရုံးဝန်ထမ်းအပါအဝင် စုစုပေါင်း ဝန်ထမ်း ၄၁ ဦးဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါကျောင်းတွင် စုစုပေါင်း ကျောင်းဆောင် (၆) ဆောင်တွင် စာသင်ခန်း ၄၃ ခန်းရှိပြီး ကျောင်းသားဦးရေနှင့် အချိုးတွက်ချက်ပါက လုံလောက်မှုရှိနေပါကြောင်း။ ကိုယ်စားလှယ်တင်ပြထားသည့် အင်ကြင်းဆောင် ပေ(၂၀၀ x ၃၀) အုတ်ညှပ် (၂) ထပ် ကျောင်းဆောင်သည် အင်ဂျင်နီယာနှင့် စစ်ဆေးသည့်အခါ အန္တရာယ်ရှိကျောင်းဆောင်အဖြစ် သတ်မှတ်၍ ဓရပါကြောင်းနှင့် အဆိုပါကျောင်းဆောင်အား အကြီးစား ပြင်ဆင်ခြင်း ဆောင်ရွက်ရန်အတွက်လာမည့် ဘဏ္ဍာရေးနှစ်များတွင် ရန်ပုံငွေရရှိမှုအပေါ် တိုင်းဒေသကြီး ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၃) ခွန်ထိုင်း၏ **ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ပင်စုံကျေးရွာအုပ်စု နန်းသြကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအား ပေ(၁၂၀ x ၃၀) RCC (၂) ထပ်ကျောင်းဆောင်သစ် (၁) ဆောင်အား ၂၀၂၇- ၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ဦးစားပေးဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ရှမ်းပြည်နယ် (တောင်ပိုင်း) ဆီဆိုင်မြို့နယ်အတွက် တည်ဆောက်ရေးလုပ်ငန်း စုစုပေါင်း ၇ ခုအတွက် ခွင့်ပြုရန်ပုံငွေ ငွေကျပ် ၉၈၆ သန်းဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နန်းသြ-အခြေခံပညာအလယ်တန်းကျောင်းတွင် မူလတန်းအဆင့်ကျောင်းသား ၂၇၄ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား ၉၉ ဦး စုစုပေါင်း ကျောင်းသားဦးရေ ၃၇၃ ဦးနှင့် ဆရာ ဆရာမ ဝန်ထမ်းပေါင်း ၁၁ ဦးဖြင့် သင်ကြားမှုများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိ စုစုပေါင်းကျောင်းဆောင်(၄)ဆောင်၊ စာသင်ခန်း ၁၁ ခန်း အချိုးအရကျောင်းသားနှင့် အဆောင်လုံလောက် နေသည့်အတွက် ကျောင်းသားဦးရေတိုးတက်လာသည့် အပေါ် မူတည်ပြီး ကျောင်းဆောင်သစ် ဆောက်လုပ်နိုင်ရေး ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီးဦးစားပေးအစီအစဉ်အလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။



တတိယအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ ကျင်းပစဉ်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၄) ဦးဇော်မင်းသန်း၏ **တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ် ရွှေဘုံသာရဝ်ကွက်ရှိ ဘုတ်ပြင်းအခြေခံပညာအထက်တန်းကျောင်းတွင် ပေ (၁၃၀ x ၃၀) RCC (၂)ထပ် ကျောင်းဆောင်သစ် (၁)ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း**မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်တွင် တည်ဆောက်ရေးလုပ်ငန်း စုစုပေါင်း ၆ ခုအတွက် ခွင့်ပြုရန်ပုံငွေကျပ် ၁၁၄၀ သန်းဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘုတ်ပြင်းအခြေခံပညာအထက်တန်းကျောင်းတွင် မူလတန်းအဆင့် ကျောင်းသား ပေါင်း ၆၂၀၊ အလယ်တန်းဆင့် ကျောင်းသားပေါင်း ၅၁၇ ဦး၊ အထက်တန်းဆင့် ကျောင်းသားပေါင်း ၂၄၆ ဦး စုစုပေါင်း ၁၃၇၃ ဦးနှင့် ဆရာ ဆရာမ၊ ရုံးဝန်ထမ်းအပါအဝင် ၄၃ ဦးဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ကျောင်းဆောင် စုစုပေါင်း ၇ ဆောင် စာသင်ခန်း စုစုပေါင်း ၃၅ ခန်း ရှိပြီး စာသင်ခန်း လိုအပ်ချက်အရ ၆ ခန်း လိုအပ်လျက်ရှိပါကြောင်း၊ ကျောင်းဆောင် ၇ ဆောင်ရှိသည့် အနက် ပေ (၁၄၀ x ၃၀) အုတ်ညှပ် တစ်ထပ် နီလာဆောင်သည် ၃၈ နှစ် ကြာမြင့်နေပြီဖြစ်ပြီး လမ်းဦးစီးဌာန အင်ဂျင်နီယာ၏ထောက်ခံချက်အရ အန္တရာယ်ရှိကျောင်းဆောင်ဖြစ်သည့်အတွက် အဆိုပါအဆောင်ကို ဖျက်သိမ်းပြီး အန္တရာယ်ဆောင်မှ စာသင်ခန်း ၄ ခန်း၊ တိုးတက်လာမည့် ကျောင်းသားများအတွက် စာသင်ခန်း ၂ ခန်း၊ စုစုပေါင်း ၆ ခန်းစာ ပေ ၁၃၀ RC (၂)ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်နိုင်ရန်အတွက် လာမည့်ဘဏ္ဍာရေးနှစ်များတွင် ငွေလုံးငွေရင်းတည်ဆောက်ရေး ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီးတန်းစီဇယားဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတွင် ဗိုလ်မှူးချုပ် အောင်အောင် **အစား** ဗိုလ်မှူးချုပ် အောင်ကျော်ဆန်းအား အဖွဲ့ဝင်အဖြစ် လည်းကောင်း၊ အမျိုးသားလွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာကော်မတီတွင် ဗိုလ်မှူးချုပ် အောင်အောင် **အစား** ဗိုလ်မှူးချုပ် လှမျိုး အား ဥက္ကဋ္ဌ အဖြစ်လည်းကောင်း အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်သို့ တင်ပြ၍ အတည်ပြုချက်ရယူသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး အမျိုးသား လွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၂) ဒေါ်ခင်ဆွေ၏ **ပြည်သူလူထု၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် ပလတ်စတစ်ထုတ်ကုန်များ၊ အထူးသဖြင့် ကြွပ်ကြွပ်အိတ်များ ထုတ်လုပ်၊ တင်သွင်း၊ ရောင်းချ၊ အသုံးပြုမှုကို အဆင့်လိုက် လျှော့ချကန့်သတ်နိုင်ရေး ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၁) ဦးစိုးကြည်က ပလတ်စတစ်အိတ်တစ်အိတ်ကို အသုံးပြုသည့်အခါ ခဏတာ အဆင်ပြေမှုရှိသော်လည်း စွန့်ပစ်လိုက်သည့်အခါ သဘာဝပတ်ဝန်းကျင်အတွက် နှစ်ပေါင်းများစွာ ဖြေရှင်းရမည့် ပြဿနာတစ်ခုအဖြစ် ပြောင်းလဲသွားပါကြောင်း၊ ထို့ကြောင့် ပလတ်စတစ်ပြဿနာသည် အမှိုက်ပြဿနာသက်သက်မဟုတ်ဘဲ ပြည်သူများ၏ကျန်းမာရေး၊ စီးပွားရေး၊ သဘာဝဂေဟစနစ်နှင့် နောင်လာမည့်မျိုးဆက်များ၏ အနာဂတ်နှင့်တိုက်ရိုက် သက်ဆိုင်နေသည့် နိုင်ငံတော်အဆင့် ဖြေရှင်းရမည့် ပြဿနာတစ်ရပ်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံကဲ့သို့ မြစ်ချောင်းအင်းအိုင်များ၊ ကမ်းရိုးတန်းဒေသများနှင့် ပင်လယ်ရေပြင်များ ပေါများသည့်အတွက် ယင်း ပြဿနာကို လျစ်လျူရှု၍ မရပါကြောင်း။

ထို့ကြောင့် မိမိတို့နိုင်ငံတွင် ပလတ်စတစ်အသုံးပြုမှုကို အဆင့်လိုက် လျှော့ချကန့်သတ်ခြင်းဖြင့် ထုတ်လုပ်သူ၊ ရောင်းချသူနှင့် သုံးစွဲသူအားလုံးပါဝင်သည့် တာဝန်ယူမှုစနစ်တစ်ခု တည်ဆောက်ရန် လိုအပ်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၁၈-၂၀၃၀ အမျိုးသားအဆင့် အမှိုက်စီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ၂၀၂၆-၂၀၃၅ အမျိုးသားအဆင့် ပလတ်စတစ်စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက် (National Plastic Management Action Plan) ကို ရေးဆွဲထုတ်ပြန်ထားပြီးဖြစ်သည်ကိုလည်း လေ့လာသိရှိရုသဖြင့် ယခုအဆိုသည် လက်ရှိနိုင်ငံတော်၏ ပလတ်စတစ်စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက်နှင့်လည်း ကိုက်ညီလျက်ရှိပါကြောင်း၊ ထို့ကြောင့် ပလတ်စတစ်အိတ် အသုံးပြုမှုကို လျှော့ချနိုင်ခြင်းသည် အမှိုက်တစ်ခုကို လျှော့ချနိုင်ခြင်းမဟုတ်ဘဲ ပြည်သူများ၏ ကျန်းမာရေးကို ကာကွယ်ခြင်း၊ သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းခြင်းနှင့် နောင်လာမည့် မျိုးဆက်များအတွက်ပါ ရည်ရွယ်သည့် အဆိုဖြစ်သည့်အတွက် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၀) ဦးသန်းအေး(ခ) ဦးတင်ဦးက ပလတ်စတစ်၏ ပေါ့ပါးလွယ်ကူ အသုံးတည့်မှု၊ ဈေးသက်သာမှုကြောင့် လူသုံးတွင်ကျယ်နေသဖြင့် ပလတ်စတစ်ယဉ်ကျေးမှုခေတ် ရောက်နေသည်ဟု ပင် ရေးသားပြောဆိုနေကြပါကြောင်း၊ တာဝန်ရှိအစိုးရပိုင်းမှ ပုဂ္ဂိုလ်များ၊ ပညာရှင်များနှင့် စိတ်ဝင်စားသူတချို့မှလွဲ၍ ပြည်သူအများစု နေ့စဉ်ဘဝတွင် ပလတ်စတစ်၏ဆိုးကျိုးများကို အလေးအနက်မထားဘဲ တွင်ကျယ်စွဲမြဲစွာ အသုံးပြုနေသည့် အလေ့အထကို နိုင်ငံတော်အစိုးရအား တိုက်တွန်းရုံမျှဖြင့် လုံလောက်ထိရောက်စွာ လျှော့ချခြင်း၊ ကန့်သတ်ခြင်းများ ပြုလုပ်နိုင်မည် မဟုတ်ပါကြောင်း။

ပလတ်စတစ်ထုတ်ကုန်များ အထူးသဖြင့် ကြွပ်ကြွပ်အိတ်များ ထုတ်လုပ်ခြင်း၊ တင်သွင်းရောင်းချခြင်းများသည် အဆိုရှိုင်တင်ပြထားသည့် အဆင့်လိုက် လျှော့ချကန့်သတ်ရေးကို လွယ်ကူစွာဆောင်ရွက်နိုင်ခြေရှိသော်လည်း ပြည်သူများ၏ နေ့စဉ် ဘဝတွင် အဖြစ်တွယ်၊ အလွယ်တကူဖြစ်နေသော ပလတ်စတစ်ရောနှံ့ဘူး၊ အချိုရည်ဘူးများနှင့် ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်များ အသုံးပြုတွင်ကျယ်နေမှုကို လျှော့ချရေးသည် ပြည်သူများကိုယ်တိုင် လိုလိုလားလားပါဝင်ဆောင်ရွက်မှသာလျှင် အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ အဆိုပါပစ္စည်းများ ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ သုံးစွဲခြင်း စသည့်တို့ကိုအဆင့်လိုက် လျှော့ချကန့်သတ်သွားနိုင်ရန်အတွက်

စာမျက်နှာ ၁၂ သို့

စာမျက်နှာ ၁၁ မှ

အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

မန္တလေးတိုင်းဒေသကြီး အမျိုးသားလွတ်တော်ကိုယ်စားလှယ်အမှတ်(၁၀) ဦးမြင့်စန်းက မြန်မာနိုင်ငံတွင် လွန်ခဲ့သည့် နှစ်ပေါင်း (၅၀)ကျော်မှစ၍ ပလတ်စတစ်အမျိုးမျိုး၊ လူသုံးကုန်ပစ္စည်းအဖြစ် အသုံးများလာကြပြီး နေရာတိုင်းတွင် လူသုံးများလွန်း၍ မရှိမဖြစ် လူသုံးကုန်များ ဖြစ်နေပါကြောင်း၊ လူသားများ၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ဒုက္ခပေးနေသည့် ပလတ်စတစ်ပစ္စည်းများ အသုံးပြုခြင်းကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တားမြစ်၍ မဖြစ်နိုင်သည့်အတွက် ပလတ်စတစ်အသုံးပြုမှုကို အဆင့်လိုက် လျော့ချကာနှိမ်သတ်ပါက ဖြစ်နိုင်ပါကြောင်း၊ ထို့ပြင် ပြီးမြောက်သည်အထိ ပလတ်စတစ်အသုံးပြုမှု ကန့်သတ်နိုင်ပါလိမ့်မည်ဟု ထင်မြင်မိပါကြောင်း။

ထို့ပြင် အမရပူရမြို့နယ်မှ MSME စက်မှုလုပ်ငန်းများထံ သွားရောက်လေ့လာသည့်အခါ ပလတ်စတစ် အဟောင်းများကို ကော်ဇောအဖြစ် ပြုလုပ်ပြီး ပစ္စည်းအမျိုးမျိုး အသစ်ပြန်လည်ထုတ်လုပ်နိုင်သည်ကို တွေ့ရှိရပါကြောင်း၊ ရောဘုးခွဲအဟောင်းများကို ပြန်လည်ကျိုပြီး ကော်ဇော်ပြုလုပ်သည်ကို တွေ့ရှိရပါကြောင်း၊ ပလတ်စတစ်အဟောင်းများကို အမှိုက်အဖြစ် စွန့်ပစ်မှုကိုတားဆီး၍ အမှိုက်ပုံးကို စနစ်တကျထားရှိပြီး အသေးစားစက်မှုများက Recycle တစ်ကျော့ ပြန်ပစ္စည်းများ ပြန်လည်ထုတ်လုပ်ပါက အမှိုက်လည်း လျော့နည်းနိုင်ပါကြောင်း၊ ထို့ကြောင့် ပြည်သူလူထု ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို စောင့်ရှောက်နိုင်ရေးအတွက် ပလတ်စတစ်ထုတ်ကုန်များ၊ အထူးသဖြင့် ကြွပ်ကြွပ်အိတ်များ တင်သွင်းခြင်းနှင့် လျော့ချရေးကို အဆင့်လိုက် လျော့ချကန့်သတ်နိုင်ရေး ဆောင်ရွက်ပေးနိုင်ပါရန် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

မွန်ပြည်နယ် အမျိုးသားလွတ်တော် ကိုယ်စားလှယ် အမှတ်(၁၂) ဒေါ်စိုးစိုးမြင့်က ကြွပ်ကြွပ်အိတ် အသုံးပြုမှုများပြားလာခြင်း၏ အန္တရာယ်သည် မြေထုညစ်ညမ်းမှုနှင့် မြေဆီလွှာအရည်အသွေးကျဆင်းခြင်း၊ ရေထုညစ်ညမ်းမှုနှင့် ရေနေသတ္တဝါများအပေါ် သက်ရောက်မှုရှိခြင်း၊ ရေစီးရေလာပိတ်ဆို့ခြင်းနှင့် ရေကြီးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ၏ သဘာဝဂေဟစနစ်ပျက်စီးခြင်း၊ လေထုညစ်ညမ်းခြင်း၊ ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်စေခြင်းနှင့် မိုက်ခရိုပလတ်စတစ်များ ဖြစ်ပေါ်လာခြင်းနှင့် အထူးသဖြင့် ပလတ်စတစ်အိတ်များ ပြိုကွဲ၍ ဖြစ်ပေါ်လာသော မိုက်ခရိုပလတ်စတစ်များသည် မြေဆီလွှာအတွင်း ရောက်ရှိနိုင်ခြင်း၊ မြစ်ချောင်းနှင့် ပင်လယ်ရေထဲသို့ ရောက်ရှိနိုင်ခြင်း၊ ငါးနှင့် ရေနေသတ္တဝါများ၏ ခန္ဓာကိုယ်အတွင်း ဝင်ရောက်နိုင်ခြင်း၊ အစာကွင်းဆက်မှတစ်ဆင့် သက်ရှိများထံသို့ ရောက်ရှိနိုင်ခြင်း စသည့် သဘာဝပတ်ဝန်းကျင်ပြဿနာ သာမက လူသားများ၏ ရေရှည်ကျန်းမာရေးနှင့် ကုန်း၊ ရေ နေသတ္တဝါအားလုံးတို့အတွက် စိုးရိမ်ဖွယ်ရာအခြေအနေတွင် ရှိနေပါကြောင်း။

ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ပလတ်စတစ်ကို ထုတ်လုပ်မှုမှစ၍ သုံးစွဲမှု၊ ပြန်လည်အသုံးပြုမှုနှင့် စွန့်ပစ်မှုအဆင့်အထိ စနစ်တကျစီမံခန့်ခွဲရန် အထူးလိုအပ်လျက်ရှိပါကြောင်း၊ Reduce – အသုံးပြုမှုလျော့ချခြင်း၊ Reuse – ပြန်လည် အသုံးပြုခြင်း၊ Recycle – ပြန်လည်ထုတ်လုပ် အသုံးပြုခြင်းစသည့် 3Rs ကို စနစ်တကျဆောင်ရွက် သင့်ပါကြောင်း၊ ထို့ကြောင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ကျန်းမာရေးစောင့် ရှောက်ခြင်းများ ပူးပေါင်းဆောင်ရွက်မှုကို အမျိုးသား ရေးတာဝန်တစ်ခုအဖြစ် ခံယူသင့်ပါကြောင်းနှင့် အဆို အား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ရှမ်းပြည်နယ် အမျိုးသားလွတ်တော် ကိုယ်စားလှယ် အမှတ်(၁၀) နိုင်ဝင်းခိုင်က ယခုအဆိုသည် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်အတွက် အရေးပါသည့် အဆိုတစ်ခုဖြစ်ပါကြောင်း၊ ယနေ့ ကမ္ဘာပေါ်တွင် ပလတ်စတစ်ကို ပုံစံမျိုးစုံ အသုံးပြုနေပြီး ပလတ်စတစ်ကို မပါမရှိ အသုံးပြုနေသည့်ပစ္စည်း တစ်ခုအသွင် ဖြစ်နေပါကြောင်း၊ ပလတ်စတစ်နှင့် ပတ်သက်၍ ဖြစ်ပေါ်လာသည့်ဆိုးကျိုးများ များပြားသည့်အတွက် သဘာဝမဟုတ်သော ပြဿနာများ ဖြစ်ပွားစေပါကြောင်း၊ ထို့ကြောင့် ပြည်သူလူထု၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ် စောင့်ရှောက်ရေးအတွက် ပလတ်စတစ်ထုတ်ကုန် များ အထူးသဖြင့် ကြွပ်ကြွပ်အိတ်ထုတ်လုပ်၊ တင်သွင်း၊ ရောင်းချ၊ အသုံးပြုမှုများကို အဆင့်လိုက် လျော့ချ ကန့်သတ်ရေး ဆောင်ရွက်ပေးပါရန် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ အမျိုးသားလွတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် ကျန်ရှိသည့် လွတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဖွဲ့အစည်းဝင်က ပြန်လည် ရှင်းလင်းဆွေးနွေးခြင်းနှင့် လွတ်တော်၏ အဆုံးအဖြတ်ရယူခြင်းကို နိုဝင်ဘာ ၉ ရက်တွင်ကျင်းပမည့် ၁၅ ရက်မြောက်နေ့အစည်းအဝေးတွင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး အမျိုးသား လွတ်တော်ကိုယ်စားလှယ် အမှတ်(၁၀) ဦးကျော်ကျော်လတ်က **မြန်မာနိုင်ငံတွင် ခေတ်မီပြီး ဘက်စုံလွှမ်းခြုံနိုင်သော တစ်စုတစ်စည်းတည်းသော ကိုယ်ရေးအချက်အလက် ကာကွယ်ရေးဥပဒေ (Personal Data Protection Law) တစ်ရပ်အား အမြန်ဆုံးရေးဆွဲပြဋ္ဌာန်းပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာ နိုင်ငံတကာတွင် ဒေတာပေါက်ကြားမှုဖြစ်စဉ်များ မှတစ်ဆင့် ဒေတာမှောင်ခိုဈေးကွက် (Dark Web Marketplaces) တို့သည် လက်ရှိ ခစ်ဂျစ်တယ်ကမ္ဘာတွင် ဒေါ်လာဘီလီယံပေါင်းများစွာ လှည့်ပတ်နေသော ဆိုက်ဘာရာဇဝတ်မှု စီးပွားရေးတစ်ခု ဖြစ်နေပါကြောင်း၊ ဒေတာမှောင်ခိုဈေးကွက်သည် သီးခြားလည်ပတ်နေခြင်းမဟုတ်ဘဲ ဒေတာခိုးယူသူ (Info Stealer)၊ ဒေတာစုဆောင်းရောင်းချသူ (Data Broker) နှင့် လိမ်လည်သူ (Scammer) ဟူသော စက်မှုစုန် သဖွယ် (Supply Chain) အလိုက် အပြန်အလှန် အသုံးချနေခြင်း ဖြစ်ပါကြောင်း။

လက်ရှိတည်ဆဲဥပဒေများသည် နိုင်ငံသားများ၏ အခွင့်အရေးကို ဗဟိုပြုကာ ဘက်စုံကာကွယ်ရန်ထက် ဝန်ဆောင်မှုပေးသူများကို ထိန်းကျောင်းရန်နှင့် ဆိုက်ဘာမှုခင်းများကို ကိုင်တွယ်ရန်သာ ပိုမိုဦးတည် နေသဖြင့် ကမ္ဘာ့စံနှုန်းမီ Personal Data Protection Law တစ်ရပ်ကို သီးခြားပြဋ္ဌာန်းရေးဆွဲရန် အဆိုပြု တင်ပြအပ်ပါကြောင်း၊ ဒေတာပိုင်ရှင်များအနေဖြင့် မိမိတို့၏ ကိုယ်ရေးအချက်အလက်များကို အပြည့် အဝစီမံနိုင်စေရန် သိရှိပိုင်ခွင့် (Right to be Informed)၊ ဝင်ရောက်ကြည့်ရှုခွင့် (Right of Access)၊ ပြင်ဆင်ခွင့် (Right to Rectification)၊ အချက်အလက်ဖျက်ခိုင်းခွင့် (Right to Erasure / Right to be Forgotten)၊ ကိုင်တွယ်မှုကို ကန့်သတ်ခွင့် (Right to Restrict Processing)၊ ဒေတာများ ပြောင်းရွှေ့သယ်ဆောင်ခွင့် (Right to Data Portability)၊ ငြင်းဆန်ခွင့် (Right to Object)၊ Automated Decision-Making နှင့် Profiling မခံယူပိုင်ခွင့် စသည့်အခွင့်အရေးများကို ဥပဒေတွင် အတိအကျထည့်သွင်းသင့်ပါကြောင်း။

မြန်မာနိုင်ငံ၏ ဥပဒေများတွင် ဒေတာပိုင်ရှင် ဘက်မှ မိမိဒေတာကို ပြန်ဖျက်ခိုင်းခွင့် သို့မဟုတ် ပြောင်းရွှေ့ခွင့် စသည့်ကျယ်ပြန့်သော အခွင့်အရေးများ တိကျစွာပါဝင်ခြင်းမရှိဘဲ အခြေခံအဆင့်ဖြစ်သော သဘောတူညီချက်ပေးရန် ထိန်းချုပ်ခွင့် (Consent Right) မျှသာ ရှိပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်ခွင့်နှင့် အခွင့်အရေးများကို အပြည့်အဝအကာအကွယ်ပေးနိုင်ရန် ဥပဒေသစ်တစ်ရပ် လိုအပ်နေပါကြောင်း၊ မြန်မာနိုင်ငံရှိ ခစ်ဂျစ်တယ်လုပ်ငန်းများနှင့် ဘဏ်များသည် နိုင်ငံတကာကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်လုပ်ကိုင်ရာတွင် အပြန်အလှန်ဒေတာ စီးဆင်းမှု လုံခြုံစိတ်ချစေရန်အတွက် မြန်မာနိုင်ငံ၌ ကမ္ဘာ့စံနှုန်းမီ တစ်စုတစ်စည်းတည်းသော ဒေတာဥပဒေရှိရန် အရေးတကြီးလိုအပ်နေပါကြောင်း။

မြန်မာနိုင်ငံတွင် နိုင်ငံသား (ဒေတာပိုင်ရှင်) များ၏ ရပိုင်ခွင့်များကို အပြည့်အဝကာကွယ်ပေးနိုင်ရန်၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို ကမ္ဘာ့ခစ်ဂျစ်တယ်စံနှုန်းများနှင့်အညီ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေတာစီမံခန့်ခွဲမှုစနစ်ကို တာဝန်ခံမှု၊ တာဝန်ယူမှုအပြည့်အဝရှိစေရန်အတွက် စံနှုန်းများကို အခြေခံ၍ မြန်မာနိုင်ငံ၏ ပကတိပတ်ဝန်းကျင် စီးပွားရေးလုပ်ငန်းလည်ပတ်မှုများနှင့် သင့်လျော်ဆီလျော်မည့် မြန်မာနိုင်ငံ ကိုယ်ရေးအချက်အလက်ကာကွယ်ရေးဥပဒေ (Personal Data Protection Law) အား သီးခြားဥပဒေတစ်ရပ်အဖြစ် အမြန်ဆုံးရေးဆွဲပြဋ္ဌာန်းပေးပါရန် အဆိုပြုတင်ပြအပ်ပါကြောင်း အဆို တင်သွင်းသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ ကယားပြည်နယ် အမျိုးသားလွတ်တော် ကိုယ်စားလှယ် အမှတ်(၁၁) ဦးဇော်မင်းထူးက ထောက်ခံဆွေးနွေးသည်။

ထို့နောက် အမျိုးသားလွတ်တော်ဥက္ကဋ္ဌက အဆို နှင့်စပ်လျဉ်း၍ ဆွေးနွေးရန် သင့်၊ မသင့် လွတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူသဖြင့် အဆိုအား လွတ်တော်က ဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် လွတ်တော်ကိုယ်စားလှယ်များ ရှိပါက အမျိုးသားလွတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် အမျိုးသား လွတ်တော် တတိယပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို နိုဝင်ဘာ ၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းအဖွဲ့**



ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ဘော်လီဘောပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲယှဉ်ပြိုင်နေမှု ကြည့်ရှုအားပေး

နေပြည်တော် နိုဝင်ဘာ ၆

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ဘော်လီဘောပြိုင်ပွဲ ပထမအဆင့်အုပ်စု ပတ်လည်ပြိုင်ပွဲ၏ ဒုတိယနေ့ ပွဲစဉ်အဖြစ် ဗဟိုဘဏ်အသင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီး ဦးမြင့်ကြိုင်သည် ဒုတိယ ဝန်ကြီးများ၊ ဗဟိုဘဏ်မှ တာဝန်ရှိသူများနှင့်အတူ သွားရောက် ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

အဆိုပါပြိုင်ပွဲတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနအသင်းက ဗဟိုဘဏ် အသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ပြိုင်ပွဲအဖြေးတွင် ပြည်ထောင်စုဝန်ကြီးက လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာနအသင်းအား ဂုဏ်ပြုငွေများ ပေးအပ်ကာ ပြိုင်ပွဲဝင် အားကစားသမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်း ရရှိသည်။ **သတင်းစဉ်**

* ရေချိုစိမ့်စမ်း မခန်းစေဖို့၊ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။
* ရေကြည်လင်မှ စိတ်အေးချမ်း၊ ရေချိုထိန်းမှ ကမ္ဘာစိမ်းလန်း။

သံအမတ်ကြီး ဦးအေးမင်းထွေး အိန္ဒိယသမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် နိုဝင်ဘာ ၆

အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော မြန်မာသံအမတ်ကြီး ဦးအေးမင်းထွေးသည် ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ယနေ့တွင် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ သမ္မတအိမ်တော်၌ အိန္ဒိယသမ္မတနိုင်ငံသမ္မတ ရုရီမတီ ဒရောပါဒီ မာမူ ထံသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။



သံအမတ်ခန့်အပ်လွှာ ပေးအပ်ခြင်း အခမ်းအနားကို ညနေ ၄ နာရီတွင် နယူးဒေလီမြို့ရှိ သမ္မတအိမ်တော် အာသောကခန်းမ၌ ကျင်းပပြီး အခမ်းအနား၌ အိန္ဒိယသမ္မတ နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအေးမင်းထွေးနှင့် အတူ မာလီသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Fatoma Thera၊ မာဒါဂတ်စကာ သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Georget Mandehatsara၊ အီကွေတိုရီရယ်ဂီနီသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Miguel Edjang Angue တို့ကလည်း အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ရုရီမတီ ဒရောပါဒီ မာမူ ထံသို့ ခန့်အပ်လွှာများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

သံအမတ်ခန့်အပ်လွှာ ပေးအပ်ပြီး အိန္ဒိယသမ္မတနိုင်ငံသမ္မတ ရုရီမတီ ဒရောပါဒီ မာမူနှင့် မြန်မာသံအမတ်ကြီး ဦးအေးမင်းထွေးတို့ တွေ့ဆုံစဉ် သံအမတ်ကြီးက မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံ နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးပိုမိုတိုးမြှင့်စေရန် အထူးကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ပညာရေး၊ ယဉ်ကျေးမှု၊ စိုက်ပျိုးရေးနှင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုဆိုင်ရာ ကဏ္ဍများတွင် လည်း ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေးအတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အိန္ဒိယ နိုင်ငံအစိုးရ အနေဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များနှင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များတွင် ကူညီပံ့ပိုးပေးနေမှုများအတွက် မြန်မာနိုင်ငံအစိုးရ ကိုယ်စား အိန္ဒိယနိုင်ငံအစိုးရအား ကျေးဇူးတင်ရှိကြောင်း ပြောကြား ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ လွန်ပရာဘန်မြို့ရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်များအား ဆွမ်းလောင်းလှူ၊ လွန်ပရာဘန်ပြည်နယ်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ

နေပြည်တော် နိုဝင်ဘာ ၆

လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ လွန်ပရာဘန်ပြည်နယ်၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ လာအိုအမျိုးသား ကာကွယ်ရေး ဝန်ကြီးဌာန၊ စစ်ဦးစီးဌာန ဒုတိယအကြီးအကဲနှင့်ဇနီး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်အစောပိုင်းတွင် လွန်ပရာဘန်မြို့ရှိ ဝပ်ဆဲန်းဘုန်းတော်ကြီးကျောင်းတွင် ပြုလုပ်သည့် လာအိုရိုးရာ ဆွမ်းလောင်းလှူပွဲ (Tak Bat)သို့ သွားရောက်၍ သံဃာတော်များအား ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။

Tak Bat ခေါ် လာအိုနိုင်ငံ၏ ရိုးရာဆွမ်းလောင်းလှူပွဲသည် ဗုဒ္ဓဘာသာ၏ သဒ္ဓါတရား၊ ရိုးရာယဉ်ကျေးမှုနှင့် ငြိမ်းချမ်းသော လူနေမှုဘဝကို ထင်ဟပ်စေသည့် လုပ်သော ဓလေ့တစ်ခုဖြစ်သည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး လွန်ပရာဘန်မြို့ ရှေ့ဟောင်း“ဘုရင့်နန်းတော်ပြတိုက်” ရှိ ဖရာဘန်ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ဖူးမြော်ကြည်ညိုစဉ်။

နေ့စဉ် အရုဏ်တက်ချိန် နံနက် ၅ နာရီမှ ၆ နာရီအထိ ဘုန်းတော်ကြီးကျောင်းအသီးသီးမှ သံဃာတော်များသည် တန်းစီကာ ကြွရောက် ဆွမ်းခံယူကြပြီး ဒေသခံများနှင့် ဒါယိကာမများက လမ်းဘေးတွင် ဖျာ၊ ထိုင်ခုံငယ်များ ခင်းကာ သံဃာတော်များ၏ သပိတ်အတွင်းသို့ ရိုးရာအစားအစာဖြစ်သော ကောက်ညှင်းပေါင်းကို အဓိကထားလောင်းလှူပြီး အခြားလှူဖွယ်ပစ္စည်းများကို လည်း လောင်းလှူကြခြင်း ဖြစ်သည်။ အဆိုပါ ဆွမ်းလောင်းလှူပွဲသည် ကမ္ဘာလှည့်ခရီးသွားများ အကြား တွင်လည်း အလွန်ထင်ရှားသော ရိုးရာဆွမ်းလောင်းလှူပွဲ ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ဦးဆောင်သည့်မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့သည် လာအိုနိုင်ငံ၏ ယူနက်စကို (UNESCO) ကမ္ဘာ့အမွေအနှစ်ဝင် မြို့တော်ဖြစ်သော လွန်ပရာဘန်မြို့ရှိ ရှေးဟောင်း “ဘုရင့်နန်းတော်ပြတိုက်” သို့ သွားရောက်၍ ဖရာဘန် ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ပြတိုက်အတွင်းရှိ နန်းတွင်းအသုံးအဆောင်များ ဖြစ်သည့် ဘုရင်နှင့် မိဖုရားတို့၏ ဧည့်ခန်းမ၊ စာကြည့်ခန်း၊ အိပ်ဆောင်များ၊ ဘုရင်မင်းဆက် အစဉ်အဆက်သုံးစွဲခဲ့သည့် တန်ဖိုးကြီး သမိုင်းဝင်ပစ္စည်းများနှင့် ရာဇပလ္လင်၊ နန်းတော်အတွင်း နံရံများတွင် လာအိုတို့၏ ရိုးရာပွဲတော်များနှင့် မြို့ပြလူနေမှုဘဝများကို အသေးစိတ် သရုပ်ဖော်ထားသည့် အနုပညာ လက်ရာများကို စိတ်ဝင်စားစွာ လိုက်လံကြည့်ရှု လေ့လာကြရာ တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းပြသကြသည်။

ထို့နောက် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ ချစ်ကြည်ရေးခရီးပြန်လည်ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၆

လာအိုအမျိုးသား ကာကွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာန အကြီးအကဲ Lieutenant General Saichay Kommasith ၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး ဦးဆောင်သည့် မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် လာအိုနိုင်ငံ လွန်ပရာဘန်ပြည်နယ်အပြည်ပြည် ဆိုင်ရာ လေဆိပ်မှ ပြန်လည် ထွက်ခွာကြသည်။

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သည့် မြန်မာ့တပ်မတော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား လာအို အမျိုးသားကာကွယ်ရေး ဝန်ကြီးဌာန၊ စစ်ဦးစီးဌာန ဒုတိယအကြီးအကဲ Major General Vanhthong Boudtavongနှင့်ဇနီး၊ လွန်ပရာဘန်ပြည်နယ် စစ်ဌာနချုပ်မှူးနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုစစ်သံမှူး၊ မြန်မာစစ်သံ (ကြည်း၊ရေလေ)နှင့်ဇနီး၊ တာဝန်ရှိသူများက လေဆိပ်တွင်ပို့ဆောင် နှုတ်ဆက်ကြသည်။

ယင်းနောက် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သည့် မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်လေဆိပ်သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြရာ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး ဒေါ်နန်းကူးက၊ ကာကွယ်ရေး ဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းဝင်းနှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ တပ်သမ္မတနိုင်ငံ သံရုံးနှင့် စစ်သံရုံး တို့မှ တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဦးဆောင်သော မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် ခရီးစဉ်အတွင်း လာအို အမျိုးသားကာကွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲ၊ လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသား ကာကွယ်ရေးဝန်ကြီး၊ လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတ နိုင်ငံ ဝန်ကြီးချုပ်တို့နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ် အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးခြင်းများ ဆောင်ရွက်ခြင်း၊ လာအို နိုင်ငံရှိ သမိုင်းဝင်ဘုရား ပုထိုး စေတီကျောင်းများနှင့် အထင်ကရ နေရာများသို့ သွားရောက်ဖူးမြော် ကြည်ညိုလေ့လာ ကြည့်ရှုခြင်း များ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး အား လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန၊ စစ်ဦးစီးဌာန ဒုတိယအကြီးအကဲ Major General Vanhthong Boudtavong နှင့် တာဝန်ရှိသူများက လွန်ပရာဘန်ပြည်နယ်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

နိုင်ငံခြားငွေလဲလှယ်နှုန်းတည်ငြိမ်ရေးနှင့် သွင်းကုန်လုပ်ငန်းများအတွက် ကြိုတင်ငွေပေးချေမှုဆိုင်ရာကိစ္စရပ်များ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၆

နိုင်ငံခြားငွေလဲလှယ်နှုန်းတည်ငြိမ်ရေးနှင့် သွင်းကုန်လုပ်ငန်းများအတွက် ကြိုတင်ငွေပေးချေမှု (Advance Payment) ဆိုင်ရာလုပ်ငန်းစဉ်များ ပိုမိုအဆင်ပြေချောမွေ့စေရေးတို့အတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ပံတောဘက်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးက ငွေကြေးတည်ငြိမ်မှုနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်မှုတို့သည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ ငွေရေးကြေးရေးကဏ္ဍတည်ငြိမ်မှုသာ နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ပေးနိုင်မည်ဖြစ်ကြောင်း၊ ငွေရေးကြေးရေးကဏ္ဍ တည်ငြိမ်မှုသည် ဘဏ္ဍာရေးမူဝါဒ၊ ကုန်သွယ်မှုမူဝါဒနှင့် ရင်းနှီးမြှုပ်နှံမှုမူဝါဒများ ထိရောက်စွာ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုအပေါ် မူတည်နေကြောင်း၊ အစိုးရကဏ္ဍများနှင့် AD လိုင်စင်ရဘဏ်များ၊ စီးပွားရေးလုပ်ငန်းရှင်များအပါအဝင် Stakeholder များအားလုံး ပိုင်းဝန်း ပူးပေါင်းဆောင်ရွက်ရေးသည် အရေးကြီးကြောင်း၊ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်မှုများအား ထုတ်ပြန်ထားသောဥပဒေ၊ စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ဆက်လက်၍ သွင်းကုန်လုပ်ငန်းရှင်များ၏ ငွေပေးချေမှုများအတွက် အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေး ကြိုတင်ငွေပေးချေမှုနှင့်ပတ်သက်၍ အသိပေးထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် စနစ်တကျချောမွေ့စွာ ဆောင်ရွက်နိုင်ရေး ဆွေးနွေးပေးကြရန် ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသူများက နိုင်ငံခြားငွေကြေးဈေးကွက်တွင် လက်ရှိဖြစ်ပေါ်နေသော အခြေအနေများ၊ ပို့ကုန်နှင့်သွင်းကုန်လုပ်ငန်းဆိုင်ရာများ၊ သွင်းကုန်အတွက် ကြိုတင်ငွေပေးချေမှုများနှင့် ပတ်သက်၍ လုပ်ငန်းရှင်များနှင့် ဘဏ်များမှ ပိုမိုအဆင်ပြေစွာ ဆောင်ရွက်နိုင်ရေး၊ လုပ်ငန်းတာဝန်များကို ရှင်းလင်းစွာ ဆောင်ရွက်နိုင်ရေးစံပြလုပ်ငန်းစဉ် (Standard Operating Procedure) အား ရေးဆွဲနိုင်ရေးဆိုင်ရာတို့ကို အကြံပြုဆွေးနွေးကြပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ UMFCCI ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် AD လိုင်စင်ရဘဏ်များမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်



ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ဒုတိယအကြိမ် ပြင်ဆင်သည့်နည်းဥပဒေများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
အမိန့်ကြော်ငြာစာအမှတ် ၁၀၅ /၂၀၂၆

၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်
(၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၉၀ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ဒုတိယအကြိမ် ပြင်ဆင်သည့်နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၁၄ နည်းဥပဒေခွဲ (က) ကို အောက်ပါအတိုင်းအစားထိုးရမည် –

"(က) မဲစာရင်းတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအချို့၏ အမည်များသည် အစုအဝေးအလိုက် ကျန်ရစ်ခဲ့ကြောင်း တွေ့ရှိလျှင်ဖြစ်စေ၊ မဲစာရင်းတွင် ပါဝင်ခွင့်ရှိလျက်နှင့် ပါဝင်ခြင်းမရှိကြောင်း တွေ့ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၊ ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ စီစစ်အတည်ပြုချက်ဖြင့် ထိုအမည်များကို ရွေးကောက်ပွဲမကျင်းပမီ ကော်မရှင်က သတ်မှတ်သည့် နေ့ရက်ထက်နောက်မကျစေဘဲ မဲစာရင်းတွင်ထည့်သွင်းစေရန် ခွင့်ပြုနိုင်သည်။"

၃။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၃၆ နည်းဥပဒေခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည် –

"(ဂ) လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်း ထုတ်ပြန်ကြေညာပြီးနောက် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းထားသူတစ်ဦးသည် ရွေးကောက်ပွဲမကျင်းပမီ ကွယ်လွန်လျှင်ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိကြောင်း တွေ့ရှိလျှင်ဖြစ်စေ၊ ကော်မရှင်က သတ်မှတ်သည့် နေ့ရက်အတွင်း လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ်မှ နုတ်ထွက်ခွင့်ပြုရန် သက်ဆိုင်ရာ နိုင်ငံရေးပါတီ သို့မဟုတ် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းက တင်ပြလာလျှင် ဖြစ်စေ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၏ အတည်ပြုချက်ဖြင့် ထိုသူ၏အမည်ကို လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းမှ ပယ်ဖျက်ရမည်။"

၄။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၃၉ ပါ "ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့်" ဆိုသည့်စကားရပ်၏နောက်တွင် "နိုင်ငံရေးပါတီများမှ ဗဟိုအလုပ်အမှုဆောင်များ၊" ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

၅။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၄၃ ပါ "ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ" ဆိုသည့်စကားရပ်၏နောက်တွင် "နှင့်နိုင်ငံရေးပါတီများမှ ဗဟိုအလုပ်အမှုဆောင်များ" ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

၆။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၄၄ နည်းဥပဒေခွဲ (ဂ) နည်းဥပဒေခွဲငယ် (ဂ့) ကို အောက်ပါအတိုင်း အစားထိုးရမည် –

"(ဂ့) ယာဉ်များဖြင့်သော်လည်းကောင်း၊ လူစုလူဝေးဖြင့်သော်လည်းကောင်း စီတန်းလှည့်လည်ခြင်း မပြုစေရန်။"

၇။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၄၉ တွင် –

(က) ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည် –

"၄၉။ နိုင်ငံရေးပါတီများမှ ဗဟိုအလုပ်အမှုဆောင်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များသည် စုဝေးဟောပြောရာတွင်ဖြစ်စေ၊ စာတမ်းအမှတ်အသားတစ်မျိုးမျိုးကို ဖြန့်ချိရာတွင်ဖြစ်စေ၊ အခြားသောမဲဆွယ်စည်းရုံးရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင်ဖြစ်စေ အောက်ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း မပြုရ –"

(ခ) နည်းဥပဒေခွဲ (ည) ၏နောက်တွင် နည်းဥပဒေခွဲ (ဋ္ဌ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"(ဋ္ဌ) ယာဉ်များဖြင့်သော်လည်းကောင်း၊ လူစုလူဝေးဖြင့်သော်လည်းကောင်း စီတန်းလှည့်လည်ခြင်း။"

၈။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၅၁ နည်းဥပဒေခွဲ (ဂ) ပါ "နံနက် ၆ နာရီ" ဆိုသည့်စကားရပ်ကို "နံနက် ၇ နာရီ" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "ညနေ ၄ နာရီ" ဆိုသည့်စကားရပ်ကို "ညနေ ၅ နာရီ" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၉။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၆၃ နည်းဥပဒေခွဲ (ဇ) ၏ နောက်တွင် နည်းဥပဒေခွဲ (ဈ) အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည် –

"(ဈ) မဲရုံကိုယ်စားလှယ် သို့မဟုတ် အကူကိုယ်စားလှယ် ခန့်ထားခြင်းမရှိလျှင်ဖြစ်စေ၊ ကြိုတင်ဆန္ဒမဲပေးခြင်းအား လိုက်ပါကြည့်ရှုခြင်းမရှိလျှင်ဖြစ်စေ ပျက်ကွက်သူ၏ တာဝန်သာဖြစ်စေရမည်။"

၁၀။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၈၈၊ နည်းဥပဒေ ၉၁ နည်းဥပဒေခွဲ (က) နှင့် နည်းဥပဒေ ၉၂ နည်းဥပဒေခွဲ (ခ) နည်းဥပဒေခွဲငယ် (၁) တို့ပါ "၂ ရက်" ဆိုသည့်စကားရပ်ကို "၃ ရက်" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "ညနေ ၄ နာရီ" ဆိုသည့် စကားရပ်ကို "နံနက် ၉ နာရီ" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၁၁။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နောက်ဆက်တွဲပါ ပုံစံ(၁)၊ ပုံစံ(၃–က)နှင့် ပုံစံ(၄) တို့ကို ပူးတွဲပါအတိုင်းအစားထိုးရမည်။

(ပုံ)သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပုံစံ(၁)

(၂) "လွှတ်တော်ရွေးကောက်ပွဲမဲဆန္ဒနှင့်စာရင်း
---------- ခုနှစ်၊ ---------- ရွေးကောက်ပွဲ
[နည်းဥပဒေ ၄]

----------တိုင်းဒေသကြီး/ပြည်နယ်
မဲဆန္ဒနှင့်ပေါင်း ( )ဦး၊ ကျား ( )ဦး ၊ မ ( )ဦး၊

----------မြို့နယ်
----------ရပ်ကွက်/ကျေးရွာအုပ်စု၊ မဲရုံအမှတ် ( )

စဉ်	ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအမည်	ကျား/မ	မွေးသက္ကရာဇ်	နိုင်ငံသားစိစစ်ရေးကတ်/မှတ်ပုံတင်အမှတ်	အဘအမည်	အမိအမည်	နေရပ်လိပ်စာ	ထိုးမဲ့လက်မှတ် သို့မဟုတ် လက်ဝဲလက်မလက်မွေ့		
								ပြည်သူ့လွှတ်တော်	အမျိုးသားလွှတ်တော်	တိုင်း/ပြည်နယ်လွှတ်တော်
၁	၂	၃	၄	၅	၆	၇	၈	၉		

ဥက္ကဋ္ဌ
ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

အတွင်းရေးမှူး
ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ"

မှတ်ချက်။ ရှင်းလင်းချက်များကို ကျောဘက်တွင်ဖော်ပြထားပါသည်။

---

(၂) ဒုတိယအကြိမ်ပြင်ဆင်ထားပါသည်။

စာမျက်နှာ ၁၅ သို့

စာမျက်နှာ ၁၄ မှ

ရှင်းလင်းချက်။ (၁) စာတိုင်(၂)တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ အမည်ကိုဖော်ပြရန်ဖြစ်ပါသည်။ မြန်မာအက္ခရာဖြင့် ထည့်သွင်းရာ၌ တိကျမှုမရှိလျှင် "အင်္ဂလိပ်အက္ခရာ" ဖြင့်လည်း ကွင်းစ ကွင်းပိတ်အတွင်း၌ ဖော်ပြရန်ဖြစ်ပါသည်။

(၂) စာတိုင်(၄)တွင် မွေးသက္ကရာဇ်ဖော်ပြရာ၌ သက်ဆိုင်ရာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ၏ မွေးဖွားသည့် ရက် ၊ လ ၊ ခုနှစ် တို့ကို မြန်မာ (သို့မဟုတ်) အင်္ဂလိပ် အက္ခရာဖြင့် ဖော်ပြရန် ဖြစ်ပါသည်။

(၃) စာတိုင်(၅)တွင် နိုင်ငံသားစိစစ်ရေးကတ်/ မှတ်ပုံတင်အမှတ် ဖော်ပြရာ၌ အမျိုးသား မှတ်ပုံတင်အမှတ်၊ နိုင်ငံသားလက်မှတ်အမှတ်၊ ဧည့်နိုင်ငံသား လက်မှတ်အမှတ်၊ နိုင်ငံသားပြုခွင့်ရလက်မှတ်အမှတ်တို့ကို ဖော်ပြရန်ဖြစ်ပါသည်။

(၄) စာတိုင်(၈)တွင် နေရပ်လိပ်စာဖော်ပြရာ၌ အိမ်အမှတ်၊ လမ်းမကြီး၊ လမ်းသွယ်၊ လမ်းကြားစသည်ဖြင့် ပြည့်စုံစွာ ဖော်ပြရန်ဖြစ်ပါသည်။

(၅) အမည်များကို ဖော်ပြရာ၌ ဦး / ဒေါ် ဖြင့်သာ ဖော်ပြရန်ဖြစ်ပါသည်။

ပုံစံ (၃-က)

လွှတ်တော်ရွေးကောက်ပွဲများ
မဲစာရင်းတွင် ထည့်သွင်းပေးပါရန် တောင်းဆိုလွာ
[နည်း၁၀ဒေ ၁၀ (က)]

သို့

ဥက္ကဋ္ဌ
----------မြို့နယ်ကော်မရှင်အဖွဲ့ခွဲ
---------- မြို့
မှတစ်ဆင့်
ဥက္ကဋ္ဌ
----------ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

(၁) တောင်းဆိုသူအမည် ----------
(၂) ကျား/မ ----------
(၃) မွေးသက္ကရာဇ် ---------- အသက်( )
(၄) မှတ်ပုံတင်အမှတ် ----------
(၅)"(၅) လူမျိုး ----------"
(၆) အဘအမည် ----------
(၇) အမိအမည် ----------
(၈) လက်ရှိနေရပ်လိပ်စာ ----------
----
(၉) အလုပ်အကိုင် ----------
(၁၀) လက်ရှိလုပ်ကိုင်နေသော ----------
ကုမ္ပဏီ/လုပ်ငန်း အမည်
(၁၁) အမြဲတမ်းနေရပ်လိပ်စာ ----------
(၁၂) အမြဲတမ်းနေရပ်၏ ----------
ရပ်ကွက်/ကျေးရွာအုပ်စုအမည် ----------
(၁၃) အမြဲတမ်းနေရပ်၏မြို့အမည် ----------
(၁၄) အမြဲတမ်းနေရပ်၏မြို့နယ်အမည် ----------

တောင်းဆိုသူသည် မြန်မာနိုင်ငံသား/ ဧည့်နိုင်ငံသား / နိုင်ငံသားပြုခွင့်ရသူဖြစ်ပြီး မဲဆန္ဒရှင်စာရင်းတွင် ပါဝင်နိုင်ရန် အရည်အချင်းနှင့် ပြည့်စုံသူဖြစ်ပါသည်။ တောင်းဆိုသူသည် အထောက်အထား အဖြစ်အောက်ပါစာရွက်စာတမ်းများ သို့မဟုတ် သက်သေများကိုတင်ပြပါသည် -

---
---

(၂) ဒုတိယအကြိမ်ပြင်ဆင်ထားပါသည်။

ဝန်ခံချက်

အထက်ပါအချက်များအားလုံးမှန်ကန်ပါသည်။ တောင်းဆိုသူသည် လက်ရှိနေရာတွင် အနည်းဆုံး ရက်ပေါင်း ၁၈၀ ထက်မနည်း ရောက်ရှိနေထိုင်သူဖြစ်ပြီး မည်သည့်အခြားမဲဆန္ဒနယ်၏ မဲစာရင်းတွင်မျှ ပါဝင်ရန် တောင်းဆိုထားခြင်း မရှိပါ။

တောင်းဆိုသူ၏ လက်မှတ် သို့မဟုတ်
လက်ဝဲလက်မလက်ဗွေ

ရက်စွဲ၊ ----------

လုပ်ငန်းရှင် သို့မဟုတ် လုပ်ငန်းရှင်ကိုယ်စားလှယ်၏ ထောက်ခံချက်

အထက်ပါ လျှောက်ထားသူ ဦး/ဒေါ် ---------- သည် မိမိတို့ ဌာန/ ကုမ္ပဏီ/ လုပ်ငန်းတွင် ---------- အဖြစ် ရက်ပေါင်း ၁၈၀ ထက်မနည်း လုပ်ကိုင်လျက်ရှိသော ပုဂ္ဂိုလ်ဖြစ်ကြောင်း ထောက်ခံပါသည်။

ဌာနတာဝန်ခံ သို့မဟုတ်
လုပ်ငန်းရှင်/လုပ်ငန်းရှင်ကိုယ်စားလှယ်၏လက်မှတ်

ရက်စွဲ၊ ----------

မှတ်ချက်။ အခြားပုဂ္ဂိုလ်များအတွက်ဖြစ်လျှင် ဌာနတာဝန်ခံ သို့မဟုတ် လုပ်ငန်းရှင်/ လုပ်ငန်းရှင်ကိုယ်စားလှယ်၏ ထောက်ခံချက် ဖြည့်စွက်ရန်မလို။

ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ထပ်ဆင့်ထောက်ခံချက်

လျှောက်ထားသူ ဦး/ဒေါ် ----------သည် ----------ဌာန/ ကုမ္ပဏီ/ လုပ်ငန်းတွင် ---------- အဖြစ် ရက်ပေါင်း ၁၈၀ ထက်မနည်း အလုပ်လုပ်ကိုင်လျက်ရှိကြောင်း/ လက်ရှိနေရာတွင် အနည်းဆုံးရက်ပေါင်း ၁၈၀ ထက်မနည်း ရောက်ရှိနေထိုင်သူဖြစ်ကြောင်း ထောက်ခံပါသည်။

ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူး
----------ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး

ရက်စွဲ၊ ----------

ပုံစံ (၄)

လွှတ်တော်ရွေးကောက်ပွဲများ
မဲစာရင်းနှင့်စပ်လျဉ်းသော ကန့်ကွက်လွှာ
[နည်း၁၀ဒေ ၁၁ (က)၊ ၁၄(၈)(ဃ)]

သို့

ဥက္ကဋ္ဌ
----------မြို့နယ်ကော်မရှင်အဖွဲ့ခွဲ
---------- မြို့
မှတစ်ဆင့်
ဥက္ကဋ္ဌ
---------- ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

ကန့်ကွက်လိုသောမဲစာရင်း
----------ရပ်ကွက်/ကျေးရွာအုပ်စု
မဲစာရင်းပါအမှတ်စဉ် ----------
ကန့်ကွက်လိုသောမဲဆန္ဒရှင်အမည် ----------
(၂)"နိုင်ငံသားစိစစ်ရေးကတ်/ မှတ်ပုံတင်အမှတ် ----------"
ကန့်ကွက်ရသော အကြောင်းရင်း----------

ကျွန်ုပ်သည် ဤကန့်ကွက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ သို့မဟုတ် အသိသက်သေများကို အထောက်အထားအဖြစ် တင်ပြပါသည် -

---

ဤကန့်ကွက်လွှာပါ အကြောင်းအရာများကို ကျွန်ုပ်ကိုယ်တိုင် သိ/ ကြားသမျှ ဟုတ်မှန်ကြောင်း ဝန်ခံပါသည်။

ကန့်ကွက်သူအမည် ----------
ကန့်ကွက်သူ၏ရပ်ကွက်/ကျေးရွာအုပ်စု ----------
ကန့်ကွက်သူ၏မဲစာရင်းပါအမှတ်စဉ် ----------
ကန့်ကွက်သူ၏ နိုင်ငံသားစိစစ်ရေးကတ်/ မှတ်ပုံတင်အမှတ် ----------

ကန့်ကွက်သူ၏လက်မှတ်
သို့မဟုတ် လက်ဝဲလက်မလက်ဗွေ

ရက်စွဲ၊ ----------

(၂) ဒုတိယအကြိမ်ပြင်ဆင်ထားပါသည်။

ဆင်ခြေလျှောမြေသားနိမ့်ကျမှုဖြစ်ပွားခဲ့သည့် မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံမှ သိုလှောင်ရေများ ဆက်လက်လျှော့ချ၊ ပတ်ဝန်းကျင်ကျေးရွာများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၆

ရောဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ၏ဆင်ခြေလျှောနိမ့်ကျမှုအား ပြန်လည်ပြုပြင်ခြင်းများဆောင်ရွက်ပြီး ရေလှောင်တမံရေပြင်၏ နိမ့်ဖြင့်အမှတ် ၃၁၅ ပေမှ သိုလှောင်ရေ လျှော့ချနိုင်ရန် တမံ၏အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ ယနေ့ နိုဝင်ဘာ ၆ ရက်နေ့ ညနေပိုင်းတွင် တမံရှိရေ ၂၉၄ ဒသမ ၈၀ ပေသာကျန်ရှိတော့သဖြင့် ၂၀ ဒသမ ၂၀ ပေခန့် ရေထုတ်လွှတ်လျှော့ချပြီး ဖြစ်ကြောင်း သိရှိရသည်။

ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

ထို့အပြင် အဆိုပါ တမံဆင်ခြေလျှောနိမ့်ကျမှုဖြစ်ပွားသည့်နေရာအနီးရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများရှိ ချို့နွဲယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် လိုအပ်သည့် ကူညီဆောင်ရွက်မှုများကို နယ်မြေခံတပ်မတော်သားများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

ရေရှားမည့်ဘေး
ရှောင်ရှားဖို့
ရေချိုအရင်းအမြစ်များကို
ထိန်းသိမ်းစို့

အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို တတိယအကြိမ် ပြင်ဆင်သည့်နည်းဥပဒေများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
အမိန့်ကြော်ငြာစာအမှတ် ၁၀၆ /၂၀၂၆
၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်
(၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၉၀ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို တတိယအကြိမ် ပြင်ဆင်သည့်နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၁၄ နည်းဥပဒေခွဲ (က)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) မဲစာရင်းတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအချို့၏ အမည်များသည် အစုအဝေးအလိုက် ကျန်ရစ်ခဲ့ကြောင်းတွေ့ရှိလျှင်ဖြစ်စေ၊ မဲစာရင်းတွင် ပါဝင်ခွင့်ရှိလျက်နှင့်ပါဝင်ခြင်းမရှိကြောင်း တွေ့ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့.ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့.ခွဲက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့.ခွဲ၊ ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့.ခွဲ၏ စီစစ်အတည်ပြုချက်ဖြင့် ထိုအမည်များကို ရွေးကောက်ပွဲမကျင်းပမီ ကော်မရှင်က သတ်မှတ်သည့် နေ့ရက်ထက် နောက်မကျစေဘဲ မဲစာရင်းတွင် ထည့်သွင်းစေရန်ခွင့်ပြုနိုင်သည်။"

၃။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၁၈ နည်းဥပဒေခွဲ(ခ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) ရွေးကောက်ပွဲဥပဒေပုဒ်မ ၄ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၂) တို့အရ သတ်မှတ်ထားသော မဲဆန္ဒနယ်များတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်း၏ ကိုယ်စားပြုနိုင်ငံရေးပါတီသည် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄ ပုဒ်မခွဲ(ဂ)အရ သတ်မှတ်ထားသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အနည်းဆုံး လွှတ်တော်ကိုယ်စားလှယ်လောင်း ၂ ဦး၏ အမည်စာရင်းကို တင်သွင်းရမည်။ ယင်းမဲဆန္ဒနယ်အတွက် ရွေးကောက်တင်မြှောက်ရမည့် လွှတ်တော်ကိုယ်စားလှယ်အရေအတွက်အတိုင်း တင်သွင်းလိုက တင်သွင်းနိုင်သည်။ ယင်းသို့ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းရာတွင် ဦးစားပေးအစီအစဉ်အတိုင်း ပြုစုထားသည့် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း ပုဒ်မ(၆-၁)မူရင်းကို နိုင်ငံရေးပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့အစည်းအဝေး ဆုံးဖြတ်ချက်မှတ်တမ်းနှင့်အတူ ကော်မရှင်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့.ခွဲသို့ ကော်မရှင်က သတ်မှတ်သည့်နေ့ရက်အတွင်း တင်ပြရမည်။ အဆိုပါ ပုဒ်မ(၆-၁)ကို ပြင်ဆင်လိုပါက ကော်မရှင်က သတ်မှတ်သည့်နေ့ရက်အတွင်း သက်ဆိုင်ရာ နိုင်ငံရေးပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့.အစည်းအဝေး ဆုံးဖြတ်ချက်မှတ်တမ်းနှင့်အတူ ကော်မရှင်သို့တင်ပြရမည်။"

၄။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၁၆ နည်းဥပဒေခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဂ) လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်း ထုတ်ပြန်ကြေညာပြီးနောက် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းထားသူတစ်ဦးသည် ရွေးကောက်ပွဲမကျင်းပမီ ကွယ်လွန်လျှင်ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိကြောင်းတွေ့ရှိလျှင်ဖြစ်စေ၊ ကော်မရှင်က သတ်မှတ်သည့်နေ့ရက်အတွင်း လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ်မှ နုတ်ထွက်ခွင့်ပြုရန် သက်ဆိုင်ရာ နိုင်ငံရေးပါတီ သို့မဟုတ် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းက တင်ပြလာလျှင်ဖြစ်စေ ကော်မရှင်၏အတည်ပြုချက်ဖြင့် ထိုသူ၏အမည်ကို လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းမှပယ်ဖျက်ရမည်။"

၅။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၃၆ ၏နောက်တွင် နည်းဥပဒေ ၃၆-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၃၆-က။(က) ရွေးကောက်ပွဲဥပဒေပုဒ်မ ၄ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၂)တို့အရ သတ်မှတ်ထားသော မဲဆန္ဒနယ်တစ်နယ်တွင် နည်းဥပဒေ ၃၆ နည်းဥပဒေခွဲ(ဂ)အရ လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်ကို စာရင်းမှ ပယ်ဖျက်ခြင်းခံရသဖြင့် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄ ပုဒ်မခွဲ (ဂ) အရ သတ်မှတ်ထားသော မဲဆန္ဒနယ်အတွက် သက်ဆိုင်ရာ နိုင်ငံရေးပါတီက အမည်စာရင်းတင်သွင်းထားသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအနက်မှ တစ်ဦးဦးကို ပြန်လည်အစားထိုးတင်သွင်းလိုပါက ကော်မရှင်က သတ်မှတ်သည့်နေ့ရက်အတွင်း တင်သွင်းနိုင်သည်။ ယင်းသို့ တင်သွင်းရာတွင် သက်ဆိုင်ရာ နိုင်ငံရေးပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့.အစည်းအဝေးဆုံးဖြတ်ချက်မှတ်တမ်းနှင့်အတူ တင်ပြရမည်။

(ခ) ရွေးကောက်ပွဲကျင်းပပြီးနောက် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄ ပုဒ်မခွဲ(ဂ)အရ သတ်မှတ်ထားသည့် မဲဆန္ဒနယ်မှ နိုင်ငံရေးပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးဦး နုတ်ထွက်လိုပါက သက်ဆိုင်ရာ နိုင်ငံရေးပါတီသည် ကော်မရှင်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့.ခွဲသို့ နိုင်ငံရေးပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်မှတ်တမ်းနှင့်အတူ တင်ပြရမည်။

(ဂ) နိုင်ငံရေးပါတီတစ်ခုသည် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄ ပုဒ်မခွဲ(ဂ)အရ သတ်မှတ်ထားသည့် မဲဆန္ဒနယ်မှ မိမိပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးအား ပါတီဝင်အဖြစ်မှ ထုတ်ပယ်ပါက ကော်မရှင်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့.ခွဲသို့ နိုင်ငံရေးပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်မှတ်တမ်းနှင့်အတူ တင်ပြရမည်။

(ဃ) နည်းဥပဒေခွဲ(ခ) သို့မဟုတ် နည်းဥပဒေခွဲ(ဂ)အရ တင်ပြချက်ကိုလက်ခံရရှိလျှင် ကော်မရှင်သည် နည်းဥပဒေ ၁၈ နည်းဥပဒေခွဲ(ခ)နှင့်အညီ သက်ဆိုင်ရာနိုင်ငံရေးပါတီက ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း ပုဒ်မ(၆-၁)တွင် ယင်း၏အမည်ကို နုတ်ပယ်၍ ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်း အစီအစဉ်အတိုင်းသာ ဖြစ်စေရမည်။

(င) နည်းဥပဒေခွဲ(ခ)အရ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ်မှ နုတ်ထွက်ခြင်း သို့မဟုတ် နည်းဥပဒေခွဲ(ဂ)အရ ပါတီဝင်အဖြစ်မှ ထုတ်ပယ်ခြင်းခံရသဖြင့် နည်းဥပဒေခွဲ(ဃ)နှင့်အညီ ပုဒ်မ(၆-၁)စာရင်းမှ နုတ်ပယ်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်လောင်းသည် ကျင်းပခဲ့သည့် ရွေးကောက်ပွဲရလဒ်အရ ထွက်ပေါ်လာသည့် လွှတ်တော်သက်တမ်းအတွင်း ကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တစ်ရပ်ရပ်၏ ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ရန် အမည်စာရင်းတင်သွင်းခွင့်ရှိသည်။"

၆။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၃၇ နည်းဥပဒေခွဲ (ခ) ပါ "ယင်းနိုင်ငံရေးပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းအားလုံး ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခြင်း မပြုနိုင်တော့လျှင်" ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

၇။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၃၉ ပါ "နိုင်ငံရေးပါတီများ" ဆိုသည့်စကားရပ်ကို "နိုင်ငံရေးပါတီများမှ ဗဟိုအလုပ်အမှုဆောင်များ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၄၃ ပါ "နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်များ" ဆိုသည့်စကားရပ်ကို "နိုင်ငံရေးပါတီများမှဗဟိုအလုပ်အမှုဆောင်များ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၄၄ နည်းဥပဒေခွဲ (ဂ) နည်းဥပဒေခွဲငယ် (၇) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(၇) ယာဉ်များဖြင့်သော်လည်းကောင်း၊ လူစုလူဝေးဖြင့်သော်လည်းကောင်း စီတန်းလှည့်လည်ခြင်း မပြုစေရန်။"

၁၀။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၄၉ တွင် -

(က) ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄၉။ နိုင်ငံရေးပါတီများမှ ဗဟိုအလုပ်အမှုဆောင်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များသည် စုဝေးဟောပြောရာတွင်ဖြစ်စေ၊ စာတမ်းအမှတ်အသားတစ်မျိုးမျိုးကို ဖြန့်ချိရာတွင်ဖြစ်စေ၊ အခြားသောဆွဲယူစည်းရုံးရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင်ဖြစ်စေ အောက်ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း မပြုရ -"

(ခ) နည်းဥပဒေခွဲ (ဥ) ၏နောက်တွင် နည်းဥပဒေခွဲ (၌) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(၌) ယာဉ်များဖြင့်သော်လည်းကောင်း၊ လူစုလူဝေးဖြင့်သော်လည်းကောင်း စီတန်းလှည့်လည်ခြင်း။"

၁၁။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၅၁ နည်းဥပဒေခွဲ (ငါ) ပါ "နံနက် ၆ နာရီ" ဆိုသည့်စကားရပ်ကို "နံနက် ၇ နာရီ" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "ညနေ ၄ နာရီ" ဆိုသည့်စကားရပ်ကို "ညနေ ၅ နာရီ" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၁၂။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၆၃ နည်းဥပဒေခွဲ (ဇ) ၏နောက်တွင် နည်းဥပဒေခွဲ(ဈ)အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည် -

"(ဈ) မဲရုံကိုယ်စားလှယ် သို့မဟုတ် အကူကိုယ်စားလှယ် ခန့်ထားခြင်းမရှိလျှင်ဖြစ်စေ၊ ကြိုတင်ဆန္ဒမဲပေးခြင်းအား လိုက်ပါကြည့်ရှုခြင်းမရှိလျှင်ဖြစ်စေ ပျက်ကွက်သူ၏ တာဝန်သာဖြစ်စေရမည်။"

၁၃။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၈၈၊ နည်းဥပဒေ ၉၁ နည်းဥပဒေခွဲ (က) နှင့် နည်းဥပဒေ ၉၂ နည်းဥပဒေခွဲ (ခ) နည်းဥပဒေခွဲငယ် (၁) တို့ပါ "၂ ရက်" ဆိုသည့်စကားရပ်ကို "၃ ရက်" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "ညနေ ၄ နာရီ" ဆိုသည့် စကားရပ်ကို "နံနက် ၉ နာရီ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၁၄။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၁၀၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၀၉။ ကော်မရှင်သည် -

(က) အရည်အချင်းပျက်ယွင်းသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့က ဆုံးဖြတ်ခံရသော လွှတ်တော်ကိုယ်စားလှယ်များ၊ ရှုံးနိမ့်လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ် အမည်စာရင်းများကို ထုတ်ပြန်ကြေညာရမည်။ ယင်းကြေညာချက်ကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြနိုင်ရန် ဆောင်ရွက်ရမည်။

(ခ) အရည်အချင်းပျက်ယွင်းသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့.က ဆုံးဖြတ်ခံရသော ရွေးကောက်ပွဲဥပဒေပုဒ်မ ၄ ပုဒ်မခွဲ(ဂ)အရ သတ်မှတ်ထားသည့် မဲဆန္ဒနယ်များတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများကို နည်းဥပဒေ ၁၈ နည်းဥပဒေခွဲ(ခ)အရ တင်သွင်းသော သက်ဆိုင်ရာ နိုင်ငံရေးပါတီ၏ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း ပုဒ်မ(၆-၁)မှ ပယ်ဖျက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။"

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှ

၁၅။ အမျိုးသားလွတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၁၃၁ ၏နောက်တွင် နည်းဥပဒေ ၁၃၁-က အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည် -

"၁၃၁-က။ ကော်မရှင်သည် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄ ပုဒ်မခွဲ(ဂ)အရ သတ်မှတ်ထားသည့် မဲဆန္ဒနယ်များအတွက် ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၈-ခ ပုဒ်မခွဲ(က)အရ ပယ်ဖျက်လိုက်သည့် နိုင်ငံရေးပါတီ၏ ဆန္ဒမဲရလဒ်များကို နှတ်ပယ်၍ ကျန်နိုင်ငံရေးပါတီများရရှိသော ဆန္ဒမဲရလဒ်များကို နည်းဥပဒေ ၉၇ နည်းဥပဒေခွဲ(က) နည်းဥပဒေခွဲငယ်(၂) နည်းဥပဒေခွဲငယ်စိတ်(ကက)၊ (ခခ)၊ (ဂဂ)၊ (ဃဃ)နှင့် (ငင)တို့ပါ နည်းလမ်းအတိုင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင် အဖွဲ့ခွဲအား ပြန်လည်တွက်ချက်စေပြီး ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကို သတ်မှတ်ကြေညာစေရမည်။"

၁၆။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နောက်ဆက်တွဲပါ ပုံစံ(၁)၊ ပုံစံ(၃-က)၊ ပုံစံ(၄) နှင့် ပုံစံ(၆-ဂ)တို့ကို ပူးတွဲပါအတိုင်းအစားထိုးရမည်။

(ပုံ)သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
(နောက်ဆက်တွဲများကို ဆက်လက်ဖော်ပြပါမည်)

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို တတိယအကြိမ်ပြင်ဆင်သည့်နည်းဥပဒေများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
အမိန့်ကြော်ငြာစာအမှတ် ၁၀၇ / ၂၀၂၆
၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်
(၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၉၀ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို တတိယအကြိမ်ပြင်ဆင်သည့်နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၁၄ နည်းဥပဒေခွဲ (က) ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(က) မဲစာရင်းတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအချို့၏ အမည်များသည် အစုအဝေးအလိုက် ကျန်ရစ်ခဲ့ကြောင်း တွေ့ရှိလျှင်ဖြစ်စေ၊ မဲစာရင်းတွင် ပါဝင်ခွင့်ရှိလျက်နှင့် ပါဝင်ခြင်းမရှိကြောင်း တွေ့ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၊ ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ စီစစ်အတည်ပြုချက်ဖြင့် ထိုအမည်များကို ရွေးကောက်ပွဲမကျင်းပမီ ကော်မရှင်က သတ်မှတ်သည့် နေ့ရက်ထက်နောက်မကျစေဘဲ မဲစာရင်းတွင်ထည့်သွင်းစေရန် ခွင့်ပြုနိုင်သည်။"

၃။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၁၈ နည်းဥပဒေခွဲ (ဃ) ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(ဃ) ရွေးကောက်ပွဲဥပဒေပုဒ်မ ၄ ပုဒ်မခွဲ(က)အရ သတ်မှတ်ထားသော မဲဆန္ဒနယ်များတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်း၏ ကိုယ်စားပြုနိုင်ငံရေးပါတီသည် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄ ပုဒ်မခွဲ(ခ)အရ သတ်မှတ်ထားသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အနည်းဆုံး လွှတ်တော်ကိုယ်စားလှယ်လောင်း ၃ ဦး၏ အမည်စာရင်းကို တင်သွင်းရမည်။ ယင်းမဲဆန္ဒနယ်အတွက် ရွေးကောက်တင်မြှောက်ရမည့် လွှတ်တော်ကိုယ်စားလှယ်အရေအတွက် အတိုင်း တင်သွင်းလိုက တင်သွင်းနိုင်သည်။ ယင်းသို့ လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းရာတွင် ဦးစားပေးအစီအစဉ်အတိုင်း ပြုစုထားသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း ပုံစံ(၆-ဘ)မူရင်းကို နိုင်ငံရေးပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်မှတ်တမ်းနှင့်အတူ ကော်မရှင်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ ကော်မရှင်ကသတ်မှတ်သည့်နေ့ရက်အတွင်း တင်ပြရမည်။ အဆိုပါ ပုံစံ(၆-ဘ)ကို ပြင်ဆင်လိုပါက ကော်မရှင်ကသတ်မှတ်သည့်နေ့ရက်အတွင်း သက်ဆိုင်ရာ နိုင်ငံရေးပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်မှတ်တမ်းနှင့်အတူ ကော်မရှင်သို့ တင်ပြရမည်။"

၄။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၃၆ နည်းဥပဒေခွဲ (ဃ) ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(ဃ) လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းထုတ်ပြန်ကြေညာပြီးနောက် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းထားသူတစ်ဦးသည် ရွေးကောက်ပွဲမကျင်းပမီ ကွယ်လွန်လျှင်ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိကြောင်း တွေ့ရှိလျှင်ဖြစ်စေ၊ ကော်မရှင်က သတ်မှတ်သည့် နေ့ရက်အတွင်း လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ်မှ နှတ်ထွက်ခွင့်ပြုရန် သက်ဆိုင်ရာ နိုင်ငံရေးပါတီ သို့မဟုတ် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းက တင်ပြလာလျှင်ဖြစ်စေ ကော်မရှင်၏အတည်ပြုချက်ဖြင့် ထိုသူ၏အမည်ကို လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းမှ ပယ်ဖျက်ရမည်။"

၅။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၃၆ ၏နောက်တွင် နည်းဥပဒေ ၃၆-က အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည် -

"၃၆-က။ (က) ရွေးကောက်ပွဲဥပဒေပုဒ်မ ၄ ပုဒ်မခွဲ(က)အရ သတ်မှတ်ထားသော မဲဆန္ဒနယ်တစ်နယ်တွင် နည်းဥပဒေ ၃၆ နည်းဥပဒေခွဲ(ဃ)အရ လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်ကို စာရင်းမှပယ်ဖျက်ခြင်းခံရသဖြင့် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄ ပုဒ်မခွဲ(ခ)အရ သတ်မှတ်ထားသော မဲဆန္ဒနယ်အတွက် သက်ဆိုင်ရာနိုင်ငံရေးပါတီက အမည်စာရင်းတင်သွင်းထားသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအနက်မှ တစ်ဦးဦးကို ပြန်လည်အစားထိုးတင်သွင်းလိုပါက ကော်မရှင်က သတ်မှတ်သည့်နေ့ရက်အတွင်း တင်သွင်းနိုင်သည်။ ယင်းသို့တင်သွင်းရာတွင် သက်ဆိုင်ရာ နိုင်ငံရေးပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်မှတ်တမ်းနှင့်အတူ တင်ပြရမည်။

(ခ) ရွေးကောက်ပွဲကျင်းပပြီးနောက် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄ ပုဒ်မခွဲ(ခ)အရ သတ်မှတ်ထားသည့် မဲဆန္ဒနယ်မှ နိုင်ငံရေးပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးဦး နှတ်ထွက်လိုပါက သက်ဆိုင်ရာ နိုင်ငံရေးပါတီသည် ကော်မရှင်နှင့်သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ နိုင်ငံရေးပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်မှတ်တမ်းနှင့်အတူ တင်ပြရမည်။

(ဃ) နည်းဥပဒေခွဲ(ခ) သို့မဟုတ် နည်းဥပဒေခွဲ(ဂ)အရ တင်ပြချက်ကိုလက်ခံရရှိလျှင် ကော်မရှင်သည် နည်းဥပဒေ ၁၈ နည်းဥပဒေခွဲ(ဃ)နှင့်အညီ သက်ဆိုင်ရာ နိုင်ငံရေးပါတီက ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း ပုံစံ(၆-ဘ)တွင် ယင်း၏အမည်ကို နှတ်ပယ်၍ ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်း အစီအစဉ်အတိုင်းသာဖြစ်စေရမည်။

(င) နည်းဥပဒေခွဲ(ခ)အရ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ်မှ နုတ်ထွက်ခြင်းသို့မဟုတ် နည်းဥပဒေခွဲ(ဂ)အရ ပါတီဝင်အဖြစ်မှ ထုတ်ပယ်ခြင်းခံရသဖြင့် နည်းဥပဒေခွဲ(ဃ)နှင့်အညီ ပုံစံ(၆-ဘ)စာရင်းမှနုတ်ပယ်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်လောင်းသည် ကျင်းပခဲ့သည့် ရွေးကောက်ပွဲရလဒ်အရ ထွက်ပေါ်လာသည့်လွှတ်တော်သက်တမ်းအတွင်း ကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တစ်ရပ်ရပ်၏ ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ရန် အမည်စာရင်းတင်သွင်းခွင့်ရှိသည်။"

၆။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၃၇ နည်းဥပဒေခွဲ (ခ) ပါ "ယင်းနိုင်ငံရေးပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းအားလုံး ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခြင်းမပြုနိုင်တော့လျှင်" ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

၇။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၃၉ ပါ "နိုင်ငံရေးပါတီများ" ဆိုသည့်စကားရပ်ကို "နိုင်ငံရေးပါတီများမှ ဗဟိုအလုပ်အမှုဆောင်များ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၄၃ ပါ "နိုင်ငံရေးပါတီများ၏ကိုယ်စားလှယ်များ" ဆိုသည့် စကားရပ်ကို "နိုင်ငံရေးပါတီများမှ ဗဟိုအလုပ်အမှုဆောင်များ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၄၄ နည်းဥပဒေခွဲ (ဂ) နည်းဥပဒေခွဲငယ် (၇) ကိုအောက်ပါအတိုင်းအစားထိုးရမည် -

"(၇) ယာဉ်များဖြင့်သော်လည်းကောင်း၊ လူစုလူဝေးဖြင့်သော်လည်းကောင်း စီတန်းလှည့်လည်ခြင်း မပြုစေရန်။"

၁၀။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၄၉ တွင် -

(က) ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄၉။ နိုင်ငံရေးပါတီများမှ ဗဟိုအလုပ်အမှုဆောင်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များသည် စုဝေးဟောပြောရာတွင်ဖြစ်စေ၊ စာတမ်းအမှတ်အသားတစ်မျိုးမျိုးကို ဖြန့်ချိရာတွင်ဖြစ်စေ၊ အခြားသောမဲဆွယ်စည်းရုံးရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင်ဖြစ်စေ အောက်ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း မပြုရ -"

(ခ) နည်းဥပဒေခွဲ (ဃ) ၏နောက်တွင် နည်းဥပဒေခွဲ (၆) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(၆) ယာဉ်များဖြင့်သော်လည်းကောင်း၊ လူစုလူဝေးဖြင့်သော်လည်းကောင်း စီတန်းလှည့်လည်ခြင်း။"

၁၁။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၅၁ နည်းဥပဒေခွဲ (င) ပါ "နံနက် ၆ နာရီ" ဆိုသည့်စကားရပ်ကို "နံနက် ၇ နာရီ" ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ "ညနေ ၄ နာရီ" ဆိုသည့်စကားရပ်ကို "ညနေ ၅ နာရီ" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၁၂။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၆၃ နည်းဥပဒေခွဲ (ဇ) ၏နောက်တွင် နည်းဥပဒေခွဲ (ဈ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဈ) မဲရုံကိုယ်စားလှယ် သို့မဟုတ် အကူကိုယ်စားလှယ် ခန့်ထားခြင်းမရှိလျှင်ဖြစ်စေ၊ ကြိုတင်ဆန္ဒမဲပေးခြင်းအား လိုက်ပါကြည့်ရှုခြင်းမရှိလျှင်ဖြစ်စေ ပျက်ကွက်သူ၏ တာဝန်သာဖြစ်စေရမည်။"

၁၃။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၈၈၊ နည်းဥပဒေ ၉၁ နည်းဥပဒေခွဲ (က) နှင့် နည်းဥပဒေ ၉၂ နည်းဥပဒေခွဲ (ခ) နည်းဥပဒေခွဲငယ် (၁) တို့ပါ "၂ ရက်" ဆိုသည့်စကားရပ်ကို "၃ ရက်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ညနေ ၄ နာရီ" ဆိုသည့် စကားရပ်ကို "နံနက် ၉ နာရီ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

စာမျက်နှာ ၁၈ သို့

စာမျက်နှာ ၁၇ မှ

၁၄။တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၁၀၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၀၉။ ကော်မရှင်သည် -

(က) အရည်အချင်းပျက်ယွင်းသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့က ဆုံးဖြတ်ခံရသော လွှတ်တော်ကိုယ်စားလှယ်များ၊ ရှုံးနိမ့်လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်အမည်စာရင်းများကို ထုတ်ပြန်ကြေညာရမည်။ ယင်းကြေညာချက်ကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြနိုင်ရန် ဆောင်ရွက်ရမည်။

(ခ) အရည်အချင်းပျက်ယွင်းသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့က ဆုံးဖြတ်ခံရသော ရွေးကောက်ပွဲဥပဒေပုဒ်မ ၄ ပုဒ်မခွဲ(ခ)အရ သတ်မှတ်ထားသည့် မဲဆန္ဒနယ်များတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများကို နည်းဥပဒေ ၁၈ နည်းဥပဒေခွဲ(ဃ)အရ တင်သွင်းသော သက်ဆိုင်ရာ နိုင်ငံရေးပါတီ၏ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း ပုံစံ(၆-ခ)မှ ပယ်ဖျက်ပြီးဖြစ်သည်ဟုမှတ်ယူရမည်။"

၁၅။တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၁၃၁ နည်းဥပဒေခွဲ(က)ပါ "နည်းဥပဒေ ၉၇ နည်းဥပဒေခွဲ (က) နည်းဥပဒေခွဲငယ် (၃) နည်းဥပဒေခွဲငယ်စိတ် (ကက)၊ (ခခ)၊ (ဂဂ)၊ (ဃဃ)နှင့် (ငင) တို့ပါ နည်းလမ်းအတိုင်း" ဆိုသည့် စကားရပ်ကို "နည်းဥပဒေ ၉၇ နည်းဥပဒေခွဲ (က) နည်းဥပဒေခွဲငယ် (၃) နည်းဥပဒေခွဲငယ်စိတ် (ကက)၊ (ခခ)၊ (ဂဂ) နှင့် (ဃဃ) တို့ပါ နည်းလမ်းအတိုင်း" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၆။တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၁၃၁ ၏နောက်တွင် နည်းဥပဒေ ၁၃၁-က အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည် -

"၁၃၁-က။ ကော်မရှင်သည် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄ ပုဒ်မခွဲ(ခ)အရ သတ်မှတ်ထားသည့် မဲဆန္ဒနယ်များအတွက် ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၈-ခ ပုဒ်မခွဲ(က)အရ ပယ်ဖျက်လိုက်သည့် နိုင်ငံရေးပါတီ၏ ဆန္ဒမဲရလဒ်များကို နှတ်ပယ်၍ ကျန်နိုင်ငံရေးပါတီများရရှိသော ဆန္ဒမဲရလဒ်များကို နည်းဥပဒေ ၉၇ နည်းဥပဒေခွဲ(က) နည်းဥပဒေခွဲငယ်(၃) နည်းဥပဒေခွဲငယ်စိတ် (ကက)၊ (ခခ)၊ (ဂဂ) နှင့် (ဃဃ)တို့ပါ နည်းလမ်းအတိုင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲအား ပြန်လည် တွက်ချက်စေပြီး ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းကို သတ်မှတ်ကြေညာစေရမည်။"

၁၇။တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများ နောက်ဆက်တွဲပါ ပုံစံ(၁)၊ ပုံစံ(၃-က)၊ ပုံစံ(၄)၊ ပုံစံ(၆-ဂ)၊ ပုံစံ(၁၇-ခ)၊ ပုံစံ{၁၇(က-၁)}နှင့် ပုံစံ{၁၇(ခ-၁)} တို့ကို ပူးတွဲပါအတိုင်းအစားထိုးရမည်။

(ပုံ)သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

(နောက်ဆက်တွဲများကို ဆက်လက်ဖော်ပြပါမည်)

ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော် အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှပစိဖိတ်နှင့် အာဖရိကရေးရာ ဒုတိယဝန်ကြီး ဒေါက်တာ ဆန်တို ဒါမိုဆူမာတို ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၆

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်သည် အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှပစိဖိတ်နှင့် အာဖရိကရေးရာ ဒုတိယဝန်ကြီး ဒေါက်တာ ဆန်တို ဒါမိုဆူမာတို ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၃ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။(ယာဝို)

တွေ့ဆုံစဉ် နှစ်နိုင်ငံ ဒုတိယဝန်ကြီးများသည် နှစ်နိုင်ငံဆက်ဆံရေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် အာဆီယံမူဘောင်အောက်၌ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သွားရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ၊ အာဆီယံတွင် မြန်မာနိုင်ငံ၏ မူလအခန်းကဏ္ဍနှင့် အခွင့်အရေးများ ပြန်လည်ရရှိရေးကိစ္စရပ်များ၊ မကြာမီကျင်းပမည့် (၄၉) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေး ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ထို့ပြင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများနှင့် ပတ်သက်၍ အင်ဒိုနီးရှားနိုင်ငံ၏ အပြုသဘော ပူးပေါင်းဆောင်ရွက်မှုများကို အသိအမှတ်ပြုကြောင်း၊ အစိုးရအနေဖြင့် "တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိရေး" နှင့် "နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုရရှိရေး" တို့ကို ဦးစားပေးရုပ်မှန်းချက်များအဖြစ် ချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် တာဝန်သိ အာဆီယံအဖွဲ့ဝင်နိုင်ငံအနေဖြင့် အာဆီယံထုတ်ပြန်ချက် (၅)ရပ်ကို မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် အမျိုးသားအကျိုးစီးပွားကို ထိခိုက်မှုမရှိစေဘဲ အတတ်နိုင်ဆုံး ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းနှင့် အာဆီယံရေးရာကော်မတီဖွဲ့စည်း၍ အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အတတ်နိုင်ဆုံး တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နှစ်နိုင်ငံဆက်ဆံရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက မြန်မာဦးဆောင်သည့် မြန်မာ့ကိုယ်ပိုင်နည်းလမ်းဖြင့် အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်၍ အာဆီယံအတွင်း မြန်မာနိုင်ငံ၏ မူလအခန်းကဏ္ဍနှင့်အခွင့်အရေး ပြန်လည်ရရှိရေးနှင့်ပတ်သက်၍ အလေးထားဆွေးနွေးပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ယခုခရီးစဉ်အတွင်း မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများနှင့် အချက်အလက်များကို သိရှိမှတ်သားရကြောင်း၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို အင်ဒိုနီးရှားနိုင်ငံအနေဖြင့် အားပေးထောက်ခံလျက်ရှိသည့် ကိစ္စရပ်များ၊ မြန်မာဦးဆောင်သည့် မြန်မာနည်းလမ်းဖြင့် အာဆီယံတွင် မြန်မာနိုင်ငံ၏ အခန်းကဏ္ဍကို ဖြင့်တင်ရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်သည့် ကိစ္စရပ်များနှင့်ပတ်သက်၍ အလေးထားဆွေးနွေးသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်သည် အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ MGallery Sofitel ဟိုတယ်၌ ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံ တိုင်ကြားနိုင်ပါကြောင်း ပြည်သူသို့ အသိပေးခြင်း

၁။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်သည် နိုင်ငံသားများ၏ လူ့အခွင့်အရေး ဖောက်ဖျက်ခံရမှုများနှင့်စပ်လျဉ်းသည့် တိုင်တန်းချက်များကို စုစမ်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိရာ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် ဥပဒေပါအခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါ အခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေး၊ ကလေးသူငယ် အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး ဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်က လက်ခံထားသည့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး သဘောတူစာချုပ်များတွင်ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက မိမိကိုယ်တိုင်နှင့် အခြားသူ တစ်ဦးဦးအတွက်သော်လည်းကောင်း၊ လူတစ်စုစုကို ကိုယ်စားပြု၍သော်လည်းကောင်း **မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥပဒေပုဒ်မ ၃၀** အရ ကော်မရှင်သို့ တိုင်ကြားနိုင်ပါသည်။

၂။ တိုင်ကြားမှုကို **ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်၊ အမှတ် (၂၇)၊ (B) မိုင် ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့**နှင့် နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့များရှိ ကော်မရှင်ရုံးခွဲများသို့ လိပ်မူ၍ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ ဖက်စ်နံပါတ် ၀၁၈-၆၅၄၆၇၈ သို့ဖြစ်စေ၊ e-mail လိပ်စာ info@mnhrc.org.mm သို့ဖြစ်စေ အောက်ပါအချက်များ (အားလုံး) ပြည့်စုံစွာ ဖော်ပြတိုင်ကြားနိုင်ပါသည်-

(က) တိုင်ကြားသူ၏ အမည်၊ အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံ၊ (ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်ကြားသူသည်မည်ကဲ့သို့လူ့အခွင့်အရေး ဖောက်ဖျက်ခံရပြီး နစ်နာဆုံးရှုံးကြောင်း ပြည့်စုံစွာဖော်ပြချက်၊ လိုအပ်ပါက မှတ်တမ်း ဓာတ်ပုံနှင့် အထောက်အထားမိတ္တူများ ပူးတွဲလျက်ပေးပို့ရန်၊

(ဂ) တိုင်ကြားသူ၏ နိုင်ငံသားစိစစ်ရေး ကတ်ပြားမိတ္တူ၊ မဖြစ်မနေပူးတွဲပေးပို့ရန်၊

(ဃ) တိုင်ကြားချက်ပါ အကြောင်းအရာများ မှန်ကန်ကြောင်း တိုင်ကြားသူမှ လက်မှတ်ရေးထိုးပေးပို့ရန်။

၃။ ကော်မရှင်သည် တိုင်တန်းချက်များနှင့် စပ်လျဉ်း၍ စိစစ်ပြီး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥပဒေအရ တရားရုံးတစ်ခုခု၏ ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲအမှုများ၊ အယူခံမှု သို့မဟုတ် ပြင်ဆင်မှု ဝင်ရောက်ဆဲအမှုများနှင့် အပြီးသတ်စီရင်ဆုံးဖြတ်ပြီးသော အမှုများမှအပ ကော်မရှင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

အိမ်တွင်းသုံးရေ ချွေတာရေး

ရေချိုးချိန်နှင့် နေ့စဉ်ရေသုံးစွဲမှုကို လျှော့ချပါ။ သွားတိုက်နေစဉ်၊ မျက်နှာသစ်နေစဉ်နှင့် ပန်းကန်ဆေးကြောနေစဉ်အတွင်း ရေပိုက်ခေါင်းကို အမြဲပိတ်ထားပါ။



အိမ်တွင်းသုံးရေ ချွေတာရေး

အသုံးပြုပြီးသည့်ရေကို ပြန်လည်သုံးစွဲနိုင်ရန်စီစဉ်ပါ။ (ဥပမာ-ဟင်းသီးဟင်းရွက် ဆေးကြောထားသော ရေများ၊ ဆန်ဆေးရည်များကို အပင်ရေလောင်းရာတွင် ပြန်လည်အသုံးပြုပါ။)



နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း တောင်ငူခရိုင်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးအကောင်အထည်ဖော်နေမှု သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၆

နေပြည်တော်ဗဟိုပြု၍ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်နှင့် တောင်ငူခရိုင်တို့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းသည် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ပဲခူးတိုင်းဒေသကြီးရှိ တောင်ငူခရိုင်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စံပြဖြစ်အောင်ဆောင်ရွက်ရမည်

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် တောင်ငူမြို့နယ် ခေါင်းခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံရာတွင် တောင်ငူခရိုင်အတွင်း စိုက်ပျိုးမွေးမြူရေးကိုအခြေခံ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်နေမှုများကို ပေါင်းစပ်ညှိနှိုင်းပေးရန် လာရောက်ခြင်းဖြစ်ကြောင်း၊ လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောကဏ္ဍတွက် ကုန်ကြမ်းများကို စက်မှုနည်းပညာဖြင့် တန်ဖိုးမြှင့်ထုတ်ကုန် (Value Added) များအဖြစ် ပြောင်းလဲထုတ်လုပ်သည့် စိုက်ပျိုးမွေးမြူရေး အခြေခံစက်မှုလုပ်ငန်း (Agro-based Industry) ဖော်ဆောင်ရန်နှင့် ခရိုင်အတွင်း ကြက်၊ ဝက်၊ ဆိတ်၊ နွားအပြင် မိုးရေချိန်ကောင်းမွန်သဖြင့် ငါးနှင့်ဘဲမွေးမြူရေးကိုပါ တိုးချဲ့၍ ကြက်သား၊ ကြက်ဥနှင့် အေးခဲအသားထုတ်လုပ်သည့် MSME လုပ်ငန်းများကို စံပြဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ထို့ပြင် သားငါးမွေးမြူရေးလုပ်ငန်းများ၌ ရောဂါကြိုတင်ခန့်မှန်းခြင်း၊ အစာလိုအပ်ချက် တွက်ချက်ခြင်း၊ အအေးပေးစနစ် စနစ်တကျသုံးစွဲခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနည်းပါးစေရန် စွန့်ပစ်ပစ္စည်းများ စနစ်တကျစီမံခြင်း စသည့် ခေတ်မီမွေးမြူရေးစနစ်များကို လိုက်နာကျင့်သုံးရန်နှင့် တောင်သူများအနေဖြင့် နည်းပညာပလက်ဖောင်းများမှတစ်ဆင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အချက်အလက်နှင့် လမ်းညွှန်ချက်များကို လေ့လာအသုံးပြုနိုင်ရေး ကူညီဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ခရိုင်နှင့် မြို့နယ်များတွင်လည်း စည်ပင်သာယာရေးမြေ၊ ရပ်ကွက်နှင့်လမ်းများ စနစ်တကျရှိပြီး ရေရှည်တည်တံ့ကာ စိမ်းလန်းစိုပြည် သန့်ရှင်းသပ်ရပ်သည့် မြို့ပြစီမံကိန်း (Town Plan) ရေးဆွဲဆောင်ရွက်ရမည်ဖြစ်ကြောင်း။



ရာသီဥတုပြောင်းလဲမှုနှင့် အယ်လ်နီညိုဖြစ်စဉ်ကြောင့် အပူချိန်မြင့်မားခြင်းနှင့် မိုးခေါင်ရေရှားခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် စိုက်ပျိုးရေးနှင့် သောက်သုံးရေလုံလောက်မှုရှိစေရန် စက်ရေတွင်းများ တူးဖော်ခြင်း၊ ရေကန်များအတွင်း ရေကြိုတင်ဖြည့်တင်းခြင်းနှင့် ရေအရင်းအမြစ် ရေရှည်စီမံခန့်ခွဲမှုများကို ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း၊ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဖြင့် ဒေသဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် နှင့် စိုက်ပျိုးမွေးမြူရေးနှင့် သီးနှံအထွက်နှုန်း ကိန်းဂဏန်းအချက်အလက်များကို မြေပြင်အခြေအနေမှန်အတိုင်း တိကျမှန်ကန်စွာ ကောက်ယူတင်ပြရန်လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် တောင်ငူခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ဒေသဆိုင်ရာ အချက်အလက်များ၊ ခရိုင်အတွင်း စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက သီးနှံစိုက်ပျိုးမှု ပန်းတိုင်ရည်မှန်းချက်ပြည့်မီစွာရရှိရေး စီစစ်ဆောင်ရွက်နေမှု အခြေအနေများနှင့် ဒေသတွင်း စားရေရိက္ခာဖူလုံရေး တိုးတက်ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ ဝန်ကြီးဌာနအလိုက် တာဝန်ရှိသူများက ခရိုင်အတွင်း သက်ဆိုင်ရာကဏ္ဍအလိုက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပေးနေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

အထွက်နှုန်းရရှိအောင် ကြိုးပမ်း

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် တောင်ငူမြို့ ထီးလှိုင်လမ်းပေါ်ရှိ စံကွက်ရိတ်သိမ်းပွဲသို့တက်ရောက်၍ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် စပါးရိတ်သိမ်းနေမှု(**အပေါ်ပို့**)နှင့် ဆောင်းသီးနှံစိုက်ပျိုးနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြကာ ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ စိုက်ပျိုးမြေများအတွင်း သီးထပ်စွမ်းအားမြှင့်တင်စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များရွေးချယ်သုံးစွဲ၍ ပန်းတိုင်အထွက်နှုန်းရရှိအောင် ကြိုးပမ်းဆောင်ရွက်ရေးတို့ကိုမှာကြားကာ တောင်သူများ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် တောင်ငူမြို့ ဧီးဒိုင်းကျေးရွာအုပ်စုရှိ ဦးစောအယ်ဒိ၏ အေဒင်မျိုးကြက်မွေးမြူရေးခြံသို့ သွားရောက်ကာ ဒေသကြက်များ မွေးမြူထားရှိမှုနှင့် သားဖောက်လုပ်ငန်းဆောင်ရွက်နေမှုအား ကြည့်ရှုပြီး အစာနှင့်အာဟာရ တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှု၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတို့ကို စနစ်တကျထားရှိဆောင်ရွက်ရေး၊ ဒေသထွက်ထုတ်ကုန်များအား အခြားဒေသများသို့ တိုးချဲ့ထုတ်လုပ်ဖွန့်ဖြူးရောင်းချနိုင်ရေး၊ မွေးမြူရေးမှတ်တမ်းများ ထားရှိရေး၊ အသားထုတ်ကုန် ဈေးကွက်ချိတ်ဆက်မှုမြှင့်တင်ရေးနှင့် ဒေသတွင်းစားနပ်ရိက္ခာဖူလုံ၍ ပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားနိုင်ရေးတို့ကို မှာကြားသည်။

ယင်းနောက် တောင်ငူမြို့ အမှတ် (၂) ရပ်ကွက် အေးမေတ္တာ တန်(၁၀၀) ဆန်စက်သို့ သွားရောက်၍ ဆန်စက်ကြိတ်ခွဲနေမှုနှင့် စွန့်ပစ်စပါးခွံဖြင့် လောင်စာတောင့်ပြုလုပ်နေမှုကိုလည်းကောင်း၊ တောင်ငူမြို့ရှောင်ရထားလမ်းဖောက်လုပ်ခြင်း လုပ်ငန်းစီမံကိန်းသို့ သွားရောက်၍ စက်ယန္တရားကြီးများဖြင့် မြို့ရှောင်ရထားလမ်းဖောက်လုပ်နေမှုကို လည်းကောင်း၊ ကေတုမတီ ငါးမွေးမြူရေး ကုန်ထုတ်သမဝါယမအသင်းလီမိတက်၏ ငါးမွေးမြူရေးလုပ်ငန်းသို့ သွားရောက်၍ မွေးမြူရေးကန်များအတွင်း ငါးမြစ်ချင်း၊ ငါးမုတ်နှင့် ငါးတန်ငါးများ စနစ်တကျမွေးမြူထားရှိမှုတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်အပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မဟင်ကျေးရွာရှိ ဦးဝေလင်းအောင်၏ ဝက်အသားတိုးမွေးမြူရေးခြံသို့ သွားရောက်လေ့လာကြည့်ရှုပြီး ကြီးထွားနှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များရွေးချယ်မွေးမြူရေး၊ ဒေသထွက်ကုန်ကြမ်းများအား တိရစ္ဆာန်အစာအဖြစ် အကျိုးရှိစွာသုံးစွဲနိုင်ရေး မွေးမြူရေးခြံ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ တိရစ္ဆာန်ကူးစက်ရောဂါများ ကြိုတင်ကာကွယ်နိုင်ရန် အလေးထားဆောင်ရွက်ရေး၊ ဒေသအတွင်း အသားဖူလုံရေးနှင့် ပို့လျှံပါက အခြားဒေသများသို့ တိုးချဲ့တင်ပို့ရောင်းချနိုင်ရေး မှာကြားသည်။

ထုပ်ပိုးမှုစနစ် အဆင့်မြှင့်တင်

ထို့နောက် ကေတုမတီမြို့ သဝန်ငယ်ရပ်ကွက်ရှိ ဦးဥာဏ်ဝင်း၏ ပန်းကမ္ဘာစက္ကူစက်ရုံသို့ သွားရောက်ကာ ကုန်ကြမ်းရရှိရေးဆောင်ရွက်နေမှု၊ ပျော့ဖတ်ထုတ်လုပ်နေမှု၊ စက္ကူထုတ်လုပ်နေမှုတို့ကို ကြည့်ရှုလေ့လာပြီး နတ်သျှင်နောင်ရပ်ကွက်ရှိ အညာသားလေး မုန့်ဖတ်ခြောက်လုပ်ငန်းသို့သွားရောက်၍ မုန့်ဖတ်ထုတ်လုပ်နိုင်ရေး ဆန်ကြိတ်ခွဲနေမှု၊ အခြောက်ခံမှု၊ အရည်အသွေးစစ်ဆေးမှုနှင့် ထုပ်ပိုးမှုတို့ကိုကြည့်ရှုကာ ထုတ်လုပ်မှုအဆင့်တိုင်းတွင် သန့်ရှင်းရေး၊ ကျန်းမာရေးနှင့်ညီညွတ်ပြီး ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် ထုပ်ပိုးမှုစနစ်အဆင့်မြှင့်တင်၍ ဈေးကွက်တိုးချဲ့နိုင်ရေး မှာကြားသည်။

ယင်းနောက် ကျွန်းကုန်းကျေးရွာအုပ်စုရှိ ဦးရဲဝင်း၏ ကောင်ရေ ၄၅၀၀၀ ရှိ ဥစားကြက်ခြံနှင့် ခိုင်ရွှေဝါဆီစက်လုပ်ငန်းသို့သွားရောက်၍ ဥစားကြက်မွေးမြူထားရှိမှုနှင့် ဆီထုတ်လုပ်နေမှုတို့ကို လည်းကောင်း၊ အင်ဒိုင်းကျေးရွာရှိ ဦးသန်းထူး၏ ဝါးတူစက်ရုံသို့ သွားရောက်၍ ဝါးတူထုတ်လုပ်နေမှုတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုလွင် ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးရုံး (UNOCHA)၏ အကြီးအကဲ Mr. Justin Brady အား လက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုလွင်သည် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA)၏ အကြီးအကဲဖြစ်သူ Mr. Justin Brady အား ယနေ့ နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန ရုံးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံအတွင်း UNOCHA ၏ လုပ်ငန်းဆောင်ရွက်နေမှု၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနနှင့် UNOCHA အဖွဲ့တို့အကြား လက်မှတ်ရေးထိုးထားရှိသည့် သဘောတူညီမှု စာလွှာ (Letter of Agreement – LoA) ပါ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် LoA သက်တမ်းတိုးမြှင့်ရေး ဆောင်ရွက်နေမှု၊ လူသားချင်းစာနာမှု အကူအညီများ ထောက်ပံ့ရေးလုပ်ငန်းများတွင် ဝန်ကြီးဌာနနှင့် UNOCHA တို့အကြား ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ UNOCHA အနေဖြင့် မြန်မာနိုင်ငံအတွက် လူသားချင်းစာနာမှု အကူအညီ ရန်ပုံငွေရရှိရေး ရင်းမြစ်စုဆောင်းခြင်းနှင့် ရန်ပုံငွေခွဲပြုချက်ရရှိမှု အခြေအနေ၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၏ မိုင်းလုပ်ငန်းစဉ်ဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဘဏ္ဍာရေးဆိုင်ရာ တာဝန်ရှိသူများနှင့် UNOCHA ရုံးမှ ကိုယ်စားလှယ် တစ်ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ဘိုကလေးမြို့နယ် ဧရာကျေးရွာအနီး တရားမဝင်အကောက်ခွန်မဲ့ကုန်ပစ္စည်းများ တင်ဆောင်လာသည့် စက်လှေတစ်စင်းအား ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၆

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင်ကုန်သွယ်မှုများ ဆောင်ရွက်ခြင်းမရှိစေရေးနှင့် တရားမဝင်ကုန်သွယ်မှုများကြောင့် အကောက်ခွန်မဲ့ ပစ္စည်းများမှ နိုင်ငံတော်အခွန်ဘဏ္ဍာအတွက် ထိခိုက်နစ်နာမှုများ မရှိစေရေးတို့အတွက် တရားမဝင်ကုန်သွယ်မှု တားဆီးကာကွယ်နိုင်မှုများအား ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတော်အစိုးရ၏ဦးဆောင်လမ်းညွှန်မှုနှင့်အတူ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများအား ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးကာကွယ် နိမ့်နင်းခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများ အလိုက် တာဝန်ရှိသူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ဧရာကျေးရွာအနီး တရားမဝင် ကုန်ပစ္စည်းများ တင်ဆောင်ထားသည့် စက်လှေတစ်စင်းရောက်ရှိသောင်တင်နေကြောင်း နိုဝင်ဘာလ ၁ ရက်နေ့တွင် တာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့များမှ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါကျေးရွာ၏ အနောက်တောင်ဘက် မိတာ ၂၀၀၀ ခန့်အကွာ ပင်လယ်ပြင်၌ အကောက်ခွန်မဲ့ ကုန်ပစ္စည်းများ တင်ဆောင်ထားသည့် ခိုင်ခိုင်မိုး-၉ အမည်ရှိ အလျား ပေ ၁၀၀၊ အနံ ၂၅ ပေ၊ ရေရှူး ၁၅ ပေခန့်ရှိ စက်လှေ တစ်စင်းအား တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိစက်လှေတွင် စက်လှေပိုင်ရှင်ဖြစ်သူ ဦးဝေမျိုးဟန် (၅၁)နှစ် (၁၈) ဦးကျော်နိုင်စိုး အပါအဝင် လှေလုပ်သား ၁၁ ဦးနှင့် စုစုပေါင်း ၁၂ ဦးတို့အား အကောက်ခွန်မဲ့ မော်တော်ယာဉ်ဆက်စပ်ပစ္စည်းနှင့် လျှပ်စစ်ပစ္စည်းများအပါအဝင် ပစ္စည်းမျိုးစုံ ၂၀ (၁၅၀ တန်ခန့်) အား စစ်ဆေးတွေ့ရှိခဲ့ပြီး ဖမ်းဆီးရမိတရားခံများနှင့် တရားမဝင်ကုန်ပစ္စည်းများအား လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ကာ ပို့ကုန်သွင်းကုန်ဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုလုပ်ငန်းများ တားဆီးကာကွယ်နိုင်ရေးလုပ်ငန်းများကို တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များ၊ ဌာနဆိုင်ရာအဖွဲ့များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်းပါဝင်လျက် နယ်စပ်ဒေသဝင်ပေါက်၊ ထွက်ပေါက်များနှင့် ကမ်းလွှန်ပင်လယ်ပြင်များအထိ အချိန်နှင့်တစ်ပြေးညီ ပိတ်ဆို့စစ်ဆေးခြင်း၊ ရုတ်တရက် ဝင်ရောက်ရှာဖွေခြင်းနှင့် သတင်းပေးတိုင်ကြားချက်များအပေါ် စုံစမ်းစစ်ဆေး၍ သွားရောက်စစ်ဆေး ဖမ်းဆီးခြင်းများကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိပြီး ဖမ်းဆီးရမိတရားခံများနှင့် တရားမဝင် တင်သွင်း/တင်ပို့သည့် ကုန်ပစ္စည်းများ၊ မော်တော်ယာဉ်များ၊ ရေယာဉ်များနှင့် ဆက်စပ်တရားခံများကိုလည်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်းများ အစဉ်တစိုက်ပြုလုပ်လျက်ရှိကြောင်းနှင့် တာဝန်သိပြည်သူများအနေဖြင့်လည်း တရားမဝင် ကုန်သွယ်မှုများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များရရှိပါက နီးစပ်ရာ တာဝန်ရှိသူများထံသို့ သတင်းပေးတိုင်ကြားခြင်းဖြင့် ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းလိုကြောင်း သတင်းရရှိသည်။

(၁၀၀)



❑ *ကျောဖုံးမှ*

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အမှတ် (၁၁) ရပ်ကွက်နေ ဦးထွန်းထွန်းရီ (၆၃) နှစ်သည် နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းက တစ်ရပ်ကွက်တည်းနေ အစ်မဖြစ်သူ၏ နေအိမ်သို့ သွားရောက်စဉ် အမျိုးသားတစ်ဦး လိုက်ပါလာပြီး အသင့်ပါလာသော ဓားဖြင့်ထိုး၍ ထွက်ပြေးသွားခဲ့သဖြင့် ဦးထွန်းထွန်းရီတွင် ဓားဖြင့် ထိုးသွင်းလျက် ဒဏ်ရာတစ်ချက် ရရှိကာ သေဆုံးသွားခဲ့သောကြောင့် အစ်ကိုဖြစ်သူ ဦးချစ်ကိုကို က ဖြစ်ပွားကျူးလွန်သူတရားခံအား ဖော်ထုတ်အရေးယူပေးပါရန် တိုင်တန်းချက်အရ လမ်းမတော်မြို့မ ရဲစခန်း (ပ)၁၀၂/၂၀၂၆၊ ရာဇသတ်ကြီး ပုဒ်မ ၃၀၂ ဖြင့် အမှုရေးဖွင့် ဆောင်ရွက်ခဲ့သည်။

လုံခြုံရေး တပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သူ တရားခံအား ဖမ်းဆီးနိုင်ရေး အခင်းဖြစ်ရပ်မှတ်တမ်းများအား စစ်ဆေးဆောင်ရွက်ခြင်း၊ နယ်မြေသတင်းစုံစမ်းခြင်းများ ဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်သူ တရားခံများ ဖြစ်ကြသည့် လမ်းမတော်မြို့နယ် (၃) ရပ်ကွက်နေ တရားခံ ဆန်းလင်းအောင် (၁၆)ဒိုလေး (၃၉)နှစ်အား ယမန်နေ့ ညနေပိုင်းတွင် ၎င်း၏နေအိမ်၌ ပြစ်မှုကျူးလွန်ရာမှ ရရှိခဲ့သည့် သက်သေခံ ဘဏ်စာအုပ် တစ်အုပ်နှင့်လည်းကောင်း၊ ယနေ့မွန်းလွဲပိုင်းတွင် လသာမြို့နယ် (၆) ရပ်ကွက်နေ တရားခံ ဝေဖြိုးအောင် (၁) ကိုဖြိုး (၄၄) နှစ်အား ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ရေလဲကလေးကျေးရွာလေ့ဆိပ်အနီး၌ လည်းကောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူမီးရထားရပ်ကွက်နေ တရားခံ ဇော်ကြီး (၁) ဇော်မင်းဦး (၄၂)နှစ်အား လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် (၉)ရပ်ကွက် ဗိုလ်အောင်ကျော်လမ်းရှိ "လှိုင်ထိပ်တင်" လက်ဖက်ရည်ဆိုင်အနီး၌ ပြစ်မှုကျူးလွန်စဉ်ရရှိခဲ့သည့် Redmi 9T အမျိုးအစား လက်ကိုင်ဖုန်း တစ်လုံးဖြင့်လည်းကောင်းဖမ်းဆီးရမိခဲ့ပြီး တရားခံ ဆန်းလင်းအောင် (၁)ဒိုလေး၊ ဝေဖြိုးအောင် (၁)ကိုဖြိုး နှင့် ဇော်ကြီး (၁) ဇော်မင်းဦးတို့ သုံးဦး**(အပေါ်ပုံ)**ကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



❍ *ကျောဖုံးမှ*

စီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ အမျိုးသမီး ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများ အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းနှင့် သမဝါယမမန့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ သမဝါယမမန့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနအသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

နိုဝင်ဘာ ၇ ရက်တွင် အမျိုးသားအုပ်စု ပတ်လည်ပွဲစဉ်များအဖြစ် ပညာရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း၊ အားကစားရေးရာဝန်ကြီးဌာနအသင်းနှင့် သာသနာရေးဝန်ကြီးဌာနအသင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းနှင့်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်း၊ သမဝါယမမန့်ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်း၊ အမျိုးသမီး အုပ်စုပတ်လည် ပွဲစဉ်များအဖြစ် ပညာရေးဝန်ကြီးဌာနအသင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုဘော်လီဘော(အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲကို နိုဝင်ဘာ ၅ ရက်မှ ၁၉ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ(B)၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အားကစား ဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

● *ကျောဖုံးမှ*

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၃၁ ရက် နံနက် ၉ နာရီတွင် သတင်းအရ စစ်ကိုင်းမြို့ တကောင်း ရပ်ကွက်အနီး၌ မျိုးနိုင်ဝင်း (၃) ကိုမျိုးမောင်းနှင်ပြီး မခင်မိမိမိုးနှင့် မထက်ထက်တို့နှစ်ဦး လိုက်ပါလာသော PAJERO အမျိုးအစား မော်တော်ယာဉ်ပေါ်မှ စိတ်ကြွဆေးပြား ၁၁ ဒသမ ၃ သိန်း (၎င်းဒေသတန်ဖိုး ငွေကျပ် ၂ ဒသမ ၂၆ ဘီလီယံ) အား ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ ယင်းနေ့တွင် စိတ်ကြွဆေးပြားများ ပို့ဆောင်ပေးသူများဖြစ်သည့် စိုင်းမျိုးနိုင်(၃)ကိုမိုးအား ကျောက်မဲမြို့ ရပ်ကွက် (၉)ရှိ နေအိမ်၌လည်းကောင်း၊ နိုဝင်ဘာ ၃ ရက်တွင် ကော့ကရိတ်မြို့ တံတားကျိုးကျေးရွာအနီး၌ ရဲကိုကိုဝင်းအား စိတ်ကြွဆေးပြားများ သယ်ဆောင်ရာတွင်အသုံးပြုသည့် AD VAN မော်တော်ယာဉ် တစ်စီးနှင့် လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်စစ်ဆေး ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ စိတ်ကြွဆေးပြားများအား ရှမ်းပြည်နယ်(တောင်ပိုင်း) ကျောသီမြို့နယ် ဝမ်ဟိုင်းမှ စစ်ကိုင်းတိုင်းဒေသကြီး ကလေးသို့ သယ်ဆောင်ရောင်းဝယ်ရာတွင် အဓိကစီမံခန့်ခွဲသူမှာ ဝမ်ဟိုင်းရွာနေ ကိုလတ်(၃)အားတို့ (ဖမ်းဆီးရန်ကျန်)ဖြစ်ပြီး ၎င်း၏ စီမံမှုဖြင့် ကျောသီမြို့နယ် ဝမ်ဟိုင်းမှ မန္တလေးသို့ စိုင်းမျိုးနိုင် (၃) ကိုမိုးနှင့် ရဲကိုကိုဝင်းတို့က သယ်ဆောင်ပြီး မန္တလေးမှ ကလေးသို့ မျိုးနိုင်ဝင်း (၃) ကိုမျိုးတို့က ဆက်လက် သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့်၎င်းတို့၏ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေး အတွက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေဖြင့် ဆက်လက်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

◆ *ကျောဖုံးမှ*

ပဒုမ္မာကွင်း၌ ယှဉ်ပြိုင်ခဲ့သည့်ပွဲစဉ်တွင် အမှတ်ပေးဇယား အဆင့် (၃)နေရာမှ Royal Dagon အသင်းက နောက်ကျဂိုးများ သွင်းယူကာ Asia Lion အသင်းကို အနိုင်ရရှိခဲ့သည်။ Asia Lion အသင်းသည် ပွဲအစ ၉ မိနစ်မှာပင် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ပထမပိုင်းတွင် တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ဒုတိယပိုင်းပွဲချိန် ၇၈ မိနစ်တွင် နိုင်ကိုကိုနှင့် ၈၅ မိနစ်တွင် ပါဂျောတို့က Royal Dagon အသင်းအတွက် ချေပဂိုးနှင့် အနိုင်ဂိုး ပြန်လည်သွင်းယူခဲ့ဖြင့် ပွဲပြီးချိန်တွင် Royal Dagon အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

နေမျိုး၊ ဓာတ်ပုံ-MLII

✻ *ကျောဖုံးမှ*

ယခုတစ်ပတ်ပွဲစဉ်များကို နိုဝင်ဘာ ၇ ရက်တွင် ဧရာဝတီယူနိုက်တက်နှင့် မြဝတီ(တောင်ဒဂုံကွင်း)၊ နိုဝင်ဘာ ၈ ရက်တွင် ISPE အသင်းနှင့် သစ္စာအားမာန်အသင်း(သီဟဒီပကွင်း)၊ စစ်ကိုင်းယူနိုက်တက်နှင့် ရန်ကုန်ယူနိုက်တက်(YUSC ကွင်း)၊ နိုဝင်ဘာ ၉ ရက်တွင် ဟံသာဝတီယူနိုက်တက်နှင့် ရန်ကုန်စီးတီး (သီဟဒီပကွင်း)၊ Falcon နှင့် ချင်းလန်းအသင်း(ဗဟန်းကွင်း)၊ နိုဝင်ဘာ ၁၀ ရက်တွင် ရှမ်းယူနိုက်တက်နှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အပတ်စဉ်(၂၂)ပွဲစဉ်များအပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက ရမှတ် ၅၂ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နေပြီး ဒဂုံစတားယူနိုက်တက်က ရမှတ် ၄၉ မှတ်ဖြင့် အဆင့် (၂) နေရာနှင့် ISPE အသင်းက ရမှတ် ၄၇ မှတ်ဖြင့် အဆင့် (၃) နေရာတို့တွင် အသီးသီးရပ်တည် လျက်ရှိသည်။

နေမျိုး၊ ဓာတ်ပုံ-ML

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်
၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၂၆

ဒေါ်ငွေငွေဝင်း နှင့် ဒေါ်ကျန်ဝမ်းလီ (၎င်း၏အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်ငြိမ်းငြိမ်းအေး)
တရားလို တရားပြိုင်

မန္တလေးမြို့ ၊ ချမ်းမြသာစည်မြို့နယ် ၊ ၆၅ လမ်း၊ ၁၀၅ x ၁၀၆လမ်းကြား မြို့သစ်(၁)ရပ်ကွက်နေ ဒေါ်ကျန်ဝမ်းလီ (၎င်း၏အထူးကိုယ်စား လှယ်လွှဲစာရရှိသူ ဒေါ်ငြိမ်းငြိမ်းအေး (ဘ)ဦးအေး) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဒေါ်ကျန်ဝမ်းလီ (၎င်း၏အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်ငြိမ်းငြိမ်းအေး) သင့်အပေါ်၌ တရားလို ဒေါ်ငွေငွေဝင်းက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ် (က)ရပ်ကွက် ၊ အကွက်အမှတ်(ယ – ၃) ၊ ဦးပိုင်အမှတ် – (၉၂) ၊ ဧရိယာ (၀.၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးတင်ထွန်း အမည်ပေါက်ဂရန်မြေကွက်အား ပဋိညာဉ်အတိုင်းမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်(၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၅ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မျိုးမင်းထွန်း)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

ဖခင်အမည်မှန်
စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့၊ အထက(ဝန်းသို) Grade-11 မှ မပြည့်စုံငြိမ်း၏ ဖခင် အမည်မှန်မှာ ဦးဇော်ထိုက် ၉/လဝန(နိုင်)၂၇၄၄၀၉ ဖြစ်ပါကြောင်း။ **ဦးဇော်ထိုက်**

တစ်ဦးတည်းဖြစ်ပါကြောင်း
ရွှေလက်ပံလမ်း၊ လက်ပံကုန်းကျေးရွာ၊ အမှတ်(၅)ရပ်ကွက်၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ မောင်သူရိန်နိုင်(ခ) မောင်စောသူရိန်နိုင် (ဘ)ဦးထွန်းထွန်းနိုင် ၏သား (၁၂/ထတပ(နိုင်)၁၀၃၆၆၀) သည် လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။ **မောင်သူရိန်နိုင်(ခ)**
မောင်စောသူရိန်နိုင်

အမည်မှန်
မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ဖောင်တော်ဦး အထက(တွဲ) ဒုတိယတန်းတွင် ပညာသင်ကြားခဲ့သော (ဘ)ဦးမိုးဇော် ဦး၏သမီး အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မသွန်းဆက်မိုး ဖြစ်ပါကြောင်း။ **မသွန်းဆက်မိုး**

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
ချမ်းမြသာစည်မြို့နယ်တရားရုံးတော်
၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၃၂၀

ဒေါ်မဥ္ဇူတင်အောင် နှင့် ဒေါ်စန်းစန်းဦး
တရားလို တရားပြိုင်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ (၈–၂/၇၆)၊ ၁၁၀(ဒီ)လမ်း၊ (၆၀x၆၁) လမ်းကြား၊ မြို့သစ်(၄)ရပ်ကွက်နေ ဒေါ်စန်းစန်းဦး(ဘ)ဦးတင်ညွန့် ၉/မနတ(နိုင်) ၀၆၂၈၇၄ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်မဥ္ဇူတင်အောင်က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (၈၈–၃)၊ ဦးပိုင်အမှတ်(၁၀၄)၊ ဧရိယာ (၀.၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက် (၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ (၅)ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဇင်မာဝေ)
မြို့နယ်တရားသူကြီး
ချမ်းမြသာစည်မြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေ အမိန့် –၅၊ နည်းဥပဒေ– ၂၀)
ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်
၂၀ ၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်–၃၅၁

ဒေါ်သီတာဦး နှင့် ဦးခင်မောင် (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးစိုးမင်း)
တရားလို တရားပြိုင်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ် (ညည–၂၀)၊ (ဦးပိုင်အမှတ် –၉)၊ ၁၂၁ x ၁၂၂ လမ်းကြား ၊ ၅၇ x ၅၈ လမ်းကြားနေ ဦးခင်မောင် (ဘ) ဦးကာဇင်(၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးစိုးမင်း (ဘ) ဦးဘိုကြီး) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဦးခင်မောင် (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးစိုးမင်း သင့်အပေါ်၌ တရားလို ဒေါ်သီတာဦး က မန္တလေးမြို့ ၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက် ၊ အကွက်အမှတ် (ခခ –၇) ၊ ဦးပိုင်အမှတ်(၁၄)၊ ဧရိယာ(၀.၀၅၅) ဧက အကျယ်အဝန်းရှိ ဦးခင်မောင် အမည်ပေါက်ဂရန်မြေကွက်အား ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ် ရပ်တို့ကိုချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ လ ၁၆ရက်(၁၃၈၈ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ နှစ်၊ နိုဝင်ဘာလ ၅ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မျိုးမင်းထွန်း)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

မွေးသက္ကရာဇ်အမှန်
တောင်ငူမြို့နယ်၊ မူလွန်(မွန်ကုန်း)ကျောင်းတွင် အထွေထွေလုပ်သား တာဝန်ထမ်းဆောင်နေသော စောချား(လ်)မင်း ၇/တငန(နိုင်)၀၉၀၅၈၄ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၀–၁၀–၁၉၆၅ ဖြစ်ပါကြောင်း။

မွေးသက္ကရာဇ်အမှန်
တောင်ငူမြို့နယ်၊ အထက(နတ်စင်ကုန်း)ကျောင်း Grade-9 (A) တွင် ပညာသင်ကြားနေသော (ဘ) ဦးအောင်ငွေလှိုင် ၉/မထလ(နိုင်)၂၅၄၂၃၆ ၏သား မောင်ရှိုင်းဝဏ္ဏအောင် မွေးသက္ကရာဇ်အမှန်မှာ ၂၉–၃–၂၀၁၁ ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း
ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်း/အကွက်အမှတ်(၇/ပဒေသာ)၊ ဦးပိုင်အမှတ် ၃၅၊ မြေဧရိယာ (၀ဒသမ ၁၁၀)ဧကရှိ မြေကွက်အား မြေငှားဂရန်(အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဦးနန္ဒလွင် ၅/မမတ(နိုင်)၀၇၁၂၁၈ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
ချမ်းမြသာစည်မြို့နယ်တရားရုံးတော်
၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၃၁၄

ဦးဝင်းထွဋ်အောင် နှင့် ဦးခင်မောင်
တရားလို တရားပြိုင်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၅၁x၅၂ လမ်းကြား၊ ၁၁၆x၁၁၇ လမ်းကြား၊ အကွက်(မမ–၁၁)၊ ဦးပိုင်(၈၁)၊ မြရည်နန္ဒာရပ်ကွက်နေ ဦးခင်မောင်(ဘ) ဦးဘိုးစိန် ၉/မရမ(နိုင်)၀၅၇၆၁၃ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးဝင်းထွဋ်အောင် က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် (စစ–၁၇)၊ ဦးပိုင်အမှတ်(၅၀)၊ ဧရိယာ (၀.၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၈ရက် (၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင့်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ (၄)ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဇင်မာဝေ)
မြို့နယ်တရားသူကြီး
ချမ်းမြသာစည်မြို့နယ်တရားရုံး

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 9Q/8886 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 62W/51870 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

အများသိစေရန်အသိပေးကြေညာခြင်း
ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ယုဝတီအောင်(၁၂/ဒဂတ(နိုင်)၀၈၂၁၉၄)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေနှင့်ပတ်သက်၍ လူမှုပတ်ဝန်းကျင်အသိုင်းအဝိုင်း နှင့် အီလက်ထရောနစ် ဆက်သွယ်ရေးကွန်ရက်တို့ကို အသုံးပြု၍ Facebook လူမှုကွန်ရက်စာမျက်နှာမှလည်းကောင်း၊ Messenger, Viber, Telegram, Tiktok, Instagram အကောင့်တို့မှတစ်ဆင့် တမင်ရည်ရွယ်၍ ထိခိုက်နစ်နာ စေမည်ကိုသိလျက်နှင့် ကျွန်ုပ်မိတ်ဆွေကို အသရေပျက်စေရန်၊ ကျွန်ုပ်မိတ်ဆွေအား ဂုဏ်သိက္ခာကျဆင်းထိခိုက်စေရန် မဟုတ်မမှန်သတင်းများ လုပ်ကြံဖန်တီး၍ ရေးသားစွပ်စွဲပြောဆိုခြင်း၊ အခြားသူများထံပေးပို့ဖြန့်ဝေခြင်း၊ ကျွန်ုပ်မိတ်ဆွေနှင့် ပတ်သက်သော ကိုယ်ရေးကိုယ်တာကိစ္စရပ်များ၊ ကာအိန္ဒြေကိုထိခိုက်စေသည့် စကားများသုံးနှုန်းပြောဆို၍ ကျွန်ုပ်မိတ်ဆွေ၏ လုပ်ငန်းခွင်နယ်ပယ်တွင်လည်းကောင်း၊ အခြားလူမှုပတ်ဝန်းကျင်တွင်လည်းကောင်း အကောင့်အစစ်/အတုများဖြင့် မဟုတ်မမှန်ရေးသားစွပ်စွဲပြောဆိုခြင်း၊ တစ်ဆင့်ပြန်လည်မျှဝေခြင်း၊ ခြိမ်းခြောက်နှောင့်ယှက်ခြင်းတို့အား မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ပြောဆိုရေးသားပြုလုပ်ဖြန့်ဝေသူ၊ တစ်ဆင့်ပြန်လည်မျှဝေသူများကို ကျွန်ုပ်မိတ်ဆွေအနေဖြင့် တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားရလိမ့်မည်ဖြစ်ကြောင်း အများ သိစေရန် အသိပေးကြေညာအပ်ပါသည်။ **ဒေါ်ယုဝတီအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**

ဒေါ်သက်သက်မွန် — **ဒေါ်ကြည်လပြည့်ဝန်း**
တရားလွှတ်တော်ရှေ့နေ — **တရားလွှတ်တော်ရှေ့နေ**
(စဉ်–၁၀၆၀၅/၂၀၁၅) — **(စဉ်–၁၉၄၆၄/၂၀၂၄)**
တိုက်(၄)၊ အခန်း(၃၁)၊ မြို့ပြအိမ်ရာတောင်ဘက်ခြမ်း၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉ – ၇၉၅၅၃၄၇၅၃၊ ၀၉ – ၇၉၃၃၇၃၂၃၂

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 73W/57738, Turbo Star 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မာမာခိုင် ၁၄/မအန(နိုင်) ၁၇၈၉၈၆ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(ဟသ်ာတ)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 83W/2421, TVS APACHE 200 ယာဉ်လက်ဝယ်ရှိသူ ဦးမြရွှေ ၁၄/ကခန(နိုင်)၀၂၁၄၁၈ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(ဟသ်ာတ)

အများသိစေရန် ကြေညာခြင်း
ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ရန်ကြီးအောင်ရပ်ကွက်၊ အိမ်အမှတ်–(၂၄၂/၇)နေ ဒေါ်နီနီဝင်း ၁/မကန(နိုင်)၂၇၁၂၉၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ဦးအောင်ကိုဟိန်း ၁/မကန(နိုင်)၁၄၀၉၈၆နှင့် ဒေါ်နီနီဝင်း ၁/မကန(နိုင်) ၂၇၁၂၉၇ တို့သည် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ(၉)ရက်တွင် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။ ဒေါ်နီနီဝင်းက ဦးအောင်ကိုဟိန်းအပေါ် တရားမကြီးမှု အမှတ်–၃၀/၂၀၂၆ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရလင်မယားကွာရှင်းစေလိုမှုကို စွဲဆိုခဲ့ပြီး၊ (၃၀–၁၀–၂၀၂၆)ရက်တွင် တရားဝင်လင်မယားကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အမိန့်တစ်ရပ်ကို ဒေါ်နီနီဝင်းမှ ရရှိထားခဲ့ပါသည်။ (၃၀–၁၀– ၂၀၂၆) ရက်မှစ၍ ဦးအောင်ကိုဟိန်း ၁/မကန(နိုင်) ၁၄၀၉၈၆ နှင့် ဒေါ်နီနီဝင်း ၁/မကန(နိုင်)၂၇၁၂၉၇ တို့သည် အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲခြင်းဖြစ်ကြောင်းနှင့် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ဆက်စပ်သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ထို့ကြောင့် နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦးအိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေးစသည့်ကိုယ်ရေးကိုယ်တာကိစ္စများအား ဝင်ရောက်နှောင့်ယှက်ခြင်း၊ စွက်ဖက်ခြင်းများပြုလုပ်ခဲ့ပါလျှင် ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်နီနီဝင်း ၁/မကန(နိုင်)၂၇၁၂၉၇၏ လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်ထက်ထက်ဦး
အထက်တန်းရှေ့နေ(စဉ်–၅၇၂၆၃)
ရှေ့နေများနားနေခန်း
ကချင်ပြည်နယ်တရားလွှတ်တော်ဝင်း
မြစ်ကြီးနားမြို့

အများသိစေရန်ကြေညာခြင်း
လားရှိုးမြို့နယ်၊သံလွင်ရွာ၊ရပ်ကွက်(၅)တွင်နေထိုင်သူဒေါ်မာချိုချိုင်း(ခ) ဒေါ်သီတာဦး(ဘ)ဦးမာကြားချီ(၁၃/လရန(နိုင်)၂၇၇၇၀၁)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်–

လားရှိုးမြို့၊ ရပ်ကွက် (၅+၆+၇ တိုးချဲ့)၊ ဦးပိုင်အမှတ်(၂၄၁)၊ မြေချိန်ဧရိယာ (၀.၀၉၆)ဧက၊ မြေဂရန်လိုင်စင်အမှတ်တွဲအမှတ် ၁၈၉–၅/ ၂၀၀၁–၂၀၀၂(စီ)မှာ ဦးလမာဂမ် (၁၃/လရန(နိုင်)၀၂၂၈၄၈) ဂရန် အမည်ပေါက် လက်ရှိထားပိုင်ဆိုင်ပြီး ၎င်း ဦးလမာဂမ်ထံမှ အထူးကိုယ်စားလှယ်လွှဲစာရသူ ဦးလီချိန်ယူ(ဘ)ဦးလီဟော်ရွှင် (၁၃/လရန(နိုင်)၀၉၃၃၉၉)က အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာကျွန်ုပ်၏ မိတ်ဆွေကလည်း(၃–၁၁–၂၀၂၆)ရက်၌ နှစ်ဦးသဘောတူ အိမ်နှင့်မြေအရောင်းအဝယ်စရန် ငွေပေးစာချုပ် ချုပ်ဆိုခဲ့ပြီးဖြစ်သည်။ ဝယ်သူက ဂရန်မြေကွက် ရောင်းကြေးငွေ အပြေအကျေပေးချေပြီး ဌာနဆိုင်ရာသို့ ဂရန်သက်တမ်းတိုး အမည်ပြောင်း ထပ်မံအသစ်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ(၁၅)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ ခိုင်မာသောစာမှတ်စာတမ်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ — **လွှဲအပ်ညွှန်ကြားချက်အရ**
ဒေါ်မာချိုချိုင်း(ခ)ဒေါ်သီတာဦး — **ဒေါ်နန်းခမ်းလိတ် (LL.B)**
၁၃/လရန(နိုင်)၂၇၇၇၀၁ — **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၀၀၈/၂၀၁၇)**
၆၇(စီ)လမ်း၊၃၇x၃၇(အေ)လမ်းကြား၊
မဟာမြိုင်(အပိုင်း–၃)၊ မဟာအောင်မြေမြို့နယ်၊
မန္တလေးတိုင်းဒေသကြီး။
ဖုန်း -၀၉-၇၈၄၂၇၈၇၄၃၊ ၀၉-၄၂၁၂၀၀၇၀

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း
မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ ကွင်းအမှတ်(၁၀၊ ရာဒါပူ–E)၊ ဦးပိုင်အမှတ်(N၅/၁၈)၊ မြေဧရိယာ(၀.၅၀)ဧကရှိ မြေကွက်သည်မူလက ဦးဂူဂျစ်ဆင်အမည်ဖြင့် မြေခွန်ပြေစာအမည်ပေါက်ထွက်ရှိ ထားသောမြေကွက်ဖြစ်ပြီး၊ မြေခွန်ပြေစာအမည်ပေါက်သူဦးဂူဂျစ်ဆင်(ကွယ်လွန်)၏ ဇနီး ဒေါ်ရိုစီထံမှ ဒေါ်စန္ဒာမင်းက (၁–၆–၂၀၂၂) ရက်စွဲပါနှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ဒေါ်စန္ဒာမင်း အမည်ဖြင့် ၂၀၂၂–၂၀၂၃ ခုနှစ်မှစ၍ မြေခွန်ပြေစာအမည်ပေါက်ထွက်ရှိပြီးဖြစ်သဖြင့် ယခုအခါဒေါ်စန္ဒာမင်း၊ ၉/တကန(နိုင်)၁၁၇၈၉၇ အမည်ဖြင့် မြေငှားဂရန် အသစ်ရရှိရေးအတွက် (၁၀–၈–၂၀၂၆) ရက်စွဲပါကျမ်းကျိန်ဆိုလွှာ အမှတ်(၄၀၇/၂၀၂၆)ကို (၁၂–၈–၂၀၂၆) ရက်စွဲပါကျမ်းကျိန်ဆိုလွှာ မှတ်ပုံတင်အမှတ်(၅၁၂/၂၀၂၆)ပြုဆိုတင်ပြလျက်လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။
မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၂၈ယ/၈၈၄၅၃, ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းထွေး ၁၀/ကမရ(နိုင်)၁၇၅၆၃၁ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊
ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 43W/9728, Honda Click-125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးခိုင် ၉/နထက(နိုင်)၀၀၂၈၀၂ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 74W/85106, TVS(DA ZZ)110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်သူအောင် ၉/အမရ(နိုင်)၁၅၄၉၆၅ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

သဘာဝကပေး ရေချိုအေး၊ ခန်းခြောက်မသွားအောင် ထိန်းသိမ်းပေး။

ကျောက်ဆည်မြို့ မဟာရွှေသိမ်တော်မြတ်စွာဘုရား ရွှေသင်္ကန်းကပ်လှူရန် တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ မဟာရွှေသိမ်တော်မြတ်စွာဘုရားရှပ်ပွားတော်ကြီးနှင့် ဘေးဝဲ/ယာရှိ အရံရုပ်ပွားတော် (၂)ဆူအား ရွှေသင်္ကန်းကပ်လှူရန် (၂လက်မx၂လက်မ) ပတ်လည်အရွက် (၁၀၀)ပါ ရွှေဆိုင်း (၁၀၀)ဆိုင်း ဝယ်ယူရေး တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်၍ ရွှေဆိုင်းတင်သွင်းမည့် ဈေးနှုန်းအဆိုပြုလွှာများအား (၆-၁၁-၂၀၂၆)ရက်မှ (၉-၁၁-၂၀၂၆)ရက် ရုံးချိန်အတွင်း တင်ဒါတင်သွင်းနိုင်ပါသည်။ သို့ပါ၍ ရွှေဆိုင်းတင်ဒါ ပေးသွင်းလိုသူများ အနေဖြင့် လျှောက်လွှာတစ်စောင်လျှင် ငွေကျပ် ၁၀၀၀၀/-ကျပ်ဖြင့် ဝယ်ယူ၍ အောက်ပါအတိုင်း လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

(က)	**ဝယ်ယူမည့်ရွှေဆိုင်း**	-	(၂လက်မx၂လက်မ) မျက်ပါးရွှေဆိုင်း(၁၀၀)ဆိုင်း
(ခ)	**လျှောက်လွှာ တင်သွင်းမည့်ရက်**	-	(၆-၁၁-၂၀၂၆)ရက်မှ (၉-၁၁-၂၀၂၆ရက် (နံနက် ၁၁:၀၀)နာရီထိ
(ဂ)	**ဈေးပြိုင်လေလံ/တင်ဒါ တင်ဒါပွဲပြုလုပ်မည့် ရက်/နေရာ**	-	(၉-၁၁-၂၀၂၆)ရက် မွန်းတည့် (၁၂:၀၀)နာရီ ရွှေသိမ်တော်ဂေါပကရုံးခန်း

၂။ အသေးစိတ်အချက်အလက်များအား တင်ဒါခေါ်ယူရေးအဖွဲ့နှင့် ရွှေသိမ်တော်ဂေါပကအဖွဲ့ထံသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မဟာရွှေသိမ်တော်မြတ်စွာဘုရား
ရွှေသင်္ကန်းကပ်တင်ဒါလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ
ဖုန်း-၀၉-၄၀၂၆၉၉၄၂၉၊ ၀၉-၃၀၆၄၃၆၆၊ ၀၉-၂၆၉၄၅၀၈၂၄

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၆) ရပ်ကွက်၊ သာစည်လမ်းတွင် တည်ရှိသော ဦးကြည်ထွန်း - ဒေါ်အုံးရှင်တို့ ပိုင်ဆိုင်သည့် အမှတ် (၁၃၆၁/ခ) အိမ်ခြံမြေအား ရောင်းချရန်ရှိပါသည်။ အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်၍ကန့်ကွက်လိုသူများအနေဖြင့် ဤကြေညာချက်ပါရှိသည့်ရက်မှ (၁၄) ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးဌေးလှိုင် ၁၂/သကတ(နိုင်)၀၇၃၀၄၂
ဖုန်း-၀၉-၆၉၃၉၅၀၀၆၅၊ ၀၉-၆၆၄၆၅၄၉၇၉

ကန့်ကွက်နိုင်ပါသည်

Swan Gaya Travel & Tour Co.,Ltdအား မစုလှိုင်ထွေး (၁၂/ပဘတ(နိုင်)၀၃၃၃၄၀) Managing Director အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ယခုအခါ မစုလှိုင်ထွေးမှာ ရာထူးမှနုတ်ထွက်ပါသဖြင့် ဒေါ်စောစန္ဒာလင်း(၁၂/သဃက(နိုင်)၁၈၁၅၂၂)မှ Managing Director အဖြစ် တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဒေါ်စောစန္ဒာလင်းမှ Swan Gaya Travel & Tour Co.,Ltd ၏ Managing Director အဖြစ် တာဝန်ထမ်းဆောင်ခြင်းအပေါ် ကန့်ကွက်လိုပါက အထောက်အထားများဖြင့် (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဒေါ်စောစန္ဒာလင်း
Swan Gaya Travel & Tour Co. Ltd,
ဖုန်း-09.969620377

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 16W/69710, Honda Dream C-100 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်နိုင်လတ် ၁၄/ကခန(နိုင်)၁၂၇၈၆၂က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ဟင်္သာတ)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/33664, Canda-125, M/C ယာဉ်လက်ဝယ်ရှိသူ Orchid Queen Co.,ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(သရက်)

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၀၊၈-တောင်ရပ်ကွက်(ယခု)၊ပြွန်-လမ်း၊ အိမ်အမှတ်-၅၅/ဃ(ယခင်)ဆ/၂၉၈-A(ယခု)၊မြေအကျယ်(ဧရိယာ-၉၆၂.၅ စတုရန်းပေ)သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာနမြေစာရင်းမှ ဦးမြင့်လွင်(၁၂/သဃက(နိုင်)၀၁၅၁၉၃)(ဘ) ဦးအောင်ဒင်အား အနေကြာဂရန်ခွင့်ပြုပြီးဖြစ်ပါသဖြင့် ယခု ရောင်းချသူ -ဦးမြင့်လွင်(၁၂/သဃက(နိုင်)၀၁၅၁၉၃) ဆိုသူမှ ဂရန်ဝန်ဆောင်ခပေးသွင်းပါရန်အကြောင်းကြားစာမူရင်းနှင့် တရားဝင်လက်ဝယ်ပိုင်ဆိုင်နေထိုင်ပါသည်ဟု ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်မြင့်သူ(ခ)မင်းသက္က(၉/ညဥန(နိုင်)၂၀၈၃၇၇)မှ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်ကြောင်း အထောက်အထားမူရင်းများနှင့် အတူ(၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

ဒေါ်အေးမြတ်မိုး(LL.B) (တရားလွှတ်တော်ရှေ့နေ)(စဉ်-၁၉၃၄၁)(၂၇-၁၁-၂၀၂၄)
အမှတ်- ၅၆၀၊ မာဃ ၁၀လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ဖုန်း-၀၉- ၄၂၀၀၆၅၈၀၇

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး (ရေအရင်းအမြစ်)ရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ၂၀၂၆ - ၂၀၂၇ ခု ဘဏ္ဍာနှစ်အတွင်း နေပြည်တော်ကောင်စီ ငွေလုံးငွေရင်း ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် လိုအပ်သော ဒီဇယ်ဆီ (ရိုးရိုး) နှင့် Pumping Inverter (8kW) တို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ဌာနမှ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဒုတိယညွှန်ကြားရေးမှူး(ရေအရင်းအမြစ်) ရုံး ၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ နေပြည်တော်၏ ဖုန်း-၀၉-၇၉၇၉၂၃၆၃၃၊ ၀၉-၂၅၁၁၇၈၅၆၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်း၍ ဝယ်ယူနိုင်ပါသည်။

(က)	**တင်ဒါအဆိုပြုလွှာစတင် ရောင်းချမည့်ရက်/အချိန် (Profile အထောက်အထားများ တင်ပြရမည်)**	-	၁၀-၁၁- ၂၀၂၆ ရက် (ရုံးချိန်အတွင်း)
(ခ)	**တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့်ရက်**	-	၁၆-၁၁-၂၀၂၆ ရက်၊ ညနေ ၄:၃၀ နာရီ
(ဂ)	**PO Cheque နှင့် နမူနာ ပစ္စည်းလက်ခံမည့်ရက်နှင့် အချိန်**	-	၁၇-၁၁-၂၀၂၆ ရက်၊ (ရုံးချိန်အတွင်း)
(ဃ)	**နည်းပညာအဆိုပြုလွှာနှင့် ဈေးနှုန်းအဆိုပြုလွှာ ဖွင့်ဖောက်စစ်ဆေးမည့်ရက်နှင့် အချိန်**	-	၁၉-၁၁-၂၀၂၆ ရက်၊ နံနက် (၁၀:၀၀) နာရီ
(င)	**တင်ဒါဖွင့်ဖောက် စစ်ဆေးမည့်နေရာ**	-	ဒုတိယညွှန်ကြားရေးမှူး (ရေအရင်းအမြစ်)ရုံး၊ အောင်သုခကျေးရွာ၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
(ရေအရင်းအမြစ်)၊ နေပြည်တော်

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2P/9237၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ တိုင်းဒေသကြီး
ဦးစီးမှူးရုံး(ပဲခူး)

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6K/ 2020 ၏ အင်္ဂလိပ် ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)

အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းဆွေ(ခ)ဦးချို (၁၂/သဃက(နိုင်) ၁၀၃၀၃၄) ၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာလိုက်သည်မှာ (၅-၁၁-၂၀၂၆) ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၈) ပါ ဒေါ်ဝေမွန်ကျော်ဇော ၏ လွှဲအပ်ညွှန်ကြားချက်အရ ၎င်း၏ရှေ့နေမှ အများသိစေရန် အသိပေးကြေညာခြင်းမှာ မှန်ကန်ခြင်းမရှိပါ ကြောင်း အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁) ရပ်ကွက်၊ (၁၁) လမ်း၊ အမှတ်(၄၁၉/ခ) ဟု ခေါ်တွင်သော မြေကွက်နှင့် မြေကွက်ပေါ်ရှိ နှစ်ထပ် အဆောက်အအုံကို ဒေါ်နီလာဝင်းထံမှ ဒေါ်ဝေမွန်ကျော်ဇောက (၁၅-၂-၂၀၁၈) ရက်က ဝယ်ယူခဲ့ပါသည်ဆိုသည်မှာ မမှန်ပါ။

အဆိုပါ မြေကွက်နှင့် အဆောက်အအုံမှာ ဒေါ်နီလာဝင်း ပိုင်ဆိုင်သည့် ဥပစာဖြစ်ပါသည်။ (၁၀-၇-၂၀၂၅) ရက်နေ့တွင် ဒေါ်နီလာဝင်း ကွယ်လွန်ပြီးနောက် ခင်ပွန်းဖြစ်သူ ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းဆွေ(ခ)ဦးချိုက အမည်ပေါက် ပိုင်ဆိုင်ပြီး အဆိုပါဥပစာတွင် လက်ရှိနေထိုင်လျက်ရှိပါသည်။

သို့ပါ၍ အဆိုပါ ဥပစာနှင့်ပတ်သက်၍ မည်သူမျှရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်းမပြုလုပ်ရန် သတိပေးတားမြစ်လိုက်ပါသည်။ ထိုသို့တားမြစ်ပါလျက် မရိုးမဖြောင့်သောသဘောဖြင့် ပြုလုပ်သူမည်သူကိုမဆို တည်ဆဲဥပဒေများအရ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးသန်းဆွေ (ခ) ဦးချို၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးရဲမျိုးနိုင် (BA (Law) LL.B) တရားလွှတ်တော်ရှေ့နေ (စဉ် - ၂၃၀၃)
အမှတ် - ၈ (မြေညီ) မြင့်မိုရ်လမ်း၊ စမ်း/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း - ၀၉-၄၃၀၃၃၁၉၂

အများသိစေရန် အသိပေးကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့၊ ဆံတော်ရပ်ကွက်၊ ညောင်စင်တန်းလမ်းနေ ဦးအောင်ထွဋ်ပိုင် (ဘ) ဦးသန်းအေး ၇/ပမန(နိုင်)၁၃၁၄၃၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ထွဋ်ပိုင်သည် မိမိ၏လူမှုပတ်ဝန်းကျင် အသိုင်းအဝိုင်း၌ ကောင်းသောဂုဏ်သတင်းဖြင့် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နေထိုင်လျက်ရှိသူတစ်ဦးဖြစ်ပါသည်။ မကြာသေးမီအချိန်က ကျွန်ုပ်မိတ်ဆွေ ဦးအောင်ထွဋ်ပိုင်၏ နာမည်ဂုဏ်သတင်းအား ထိခိုက်နစ်နာ စေမည်ကိုသိရှိပါလျက်နှင့် ကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သိက္ခာကျဆင်းစေရန်၊ အသရေပျက်စေရန်၊ လုပ်ငန်းကိစ္စများအား ထိခိုက်နစ်နာစေရန် ရည်ရွယ်၍ လူပုဂ္ဂိုလ်တချို့မှ မဟုတ်မမှန်သော သတင်းများ လုပ်ကြံဖန်တီးကာ ကျွန်ုပ်၏မိတ်ဆွေအား စိတ်အနှောင့်အယှက်ဖြစ်စေရန် ရည်ရွယ်၍ Online Social Media ဖြစ်သော Tiktok စာမျက်နှာများပေါ်တွင် မမှန်မကန်ဂုဏ်သိက္ခာ ထိခိုက်စေသော အကြောင်းအရာများကို တမင်ရေးသားဆောင်ရွက်နေသူများ ရှိနေကြောင်းသိရှိရ ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ထွဋ်ပိုင်အား ဆိုရှယ်မီဒီယာမှဖြစ်စေ၊ ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို အသုံးပြု၍ဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း၊ မမှန်ကန်သည့်အကြောင်းအရာများကို ရေးသားဖြန့်ဝေခြင်း၊ ထပ်ဆင့်မျှဝေခြင်း၊ ကူးယူဖော်ပြခြင်းများ အပါအဝင် ယင်းကဲ့သို့သော ဥပဒေမဲ့ဆောင်ရွက်ချက်များကို မပြုလုပ်ပါရန်နှင့် အဆိုပါမမှန်မကန်ရေးသားဖြန့်ဝေသူများနှင့် မှတ်ချက်ပေးခြင်း၊ တစ်ဆင့်ဖြန့်ဝေခြင်းများပြုလုပ်ဆောင်ရွက်ထားသူများအပေါ် ယနေ့မှစ၍ တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာဖော်ထုတ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအောင်ထွဋ်ပိုင်၏လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်မြင့်သူဇာဦး(LL.B)(တရားလွှတ်တော်ရှေ့နေ၊ စဉ်-၈၉၉၂)
အမှတ်(၄၁၀-က)၊ တီကျစ်ဆိုလမ်း၊ ဆင်စုရပ်ကွက်၊ ပြည်မြို့။ ဖုန်း-၀၉-၄၃၁၀၄၂၄၈

တစ်ချက်တည်းကျင်းဝင်

ပြည်မြို့၊ သီရိခေတ္တရာဂေါက်ကလပ်၌ ဦးမျိုးဇင်ဦးသည် (22.10.2026)ရက်နေ့တွင် ကစားဖော်များဖြစ်ကြသော ဦးအောင်နိုင်ဦး၊ ဦးညီညီမောင်၊ ဦးစိုးသက်ပိုင်၊ ဦးအောင်သူတို့နှင့်အတူ ဂေါက်သီးရိုက် ကစားကြရာ ဘောလုံးအမှတ် Srlron(2)အား တုတ်နံပါတ် Acer series iron (2) ဖြင့် (185) ကိုက်အကွာဝေး ကျင်းအမှတ်(15)သို့ ရိုက်လိုက်ရာ"တစ်ချက်တည်းကျင်းဝင်" သွားခဲ့ပါသည်။

"ဦးနေဝင်းနှင့် အများသိစေရန်ကြေညာခြင်း"

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စျ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၄၁)၊ ဦးပိုင်အမှတ်(၁၅)၊ ဧရိယာ (၀. ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ဗိုလ်ကြီးနေဝင်း အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်ကို ဦးနေဝင်း(ခ)ဗိုလ်ကြီးနေဝင်း(ဘ)ဦးဘငြိမ်း (၉/ကပတ(နိုင်)၀၃၂၀၆၅)ထံမှ ကျွန်ုပ်အမှုသည်ဖြစ်သည့် ဒေါ်နီလာဝင်း(ဘ)ဦးသိန်း (၉/ပကခ(နိုင်)၀၇၈၇၂၂) က အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် အဆုံးအပိုင် လွှဲပြောင်းဝယ်ယူခဲ့ပြီး လက်ရှိနေထိုင်ပိုင်ဆိုင်လျက်ရှိပါသည်။ အဆိုပါမြေကွက်နှင့်စပ်လျဉ်းပြီး အရောင်းအဝယ်အရပ်ကတိစာချုပ်တွင် သဘောတူညီပါရှိခဲ့သည့်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား ချုပ်ဆိုလိုသည့်အချိန်တွင် ချုပ်ဆိုပေးပါမည်ဟု ဝန်ခံကတိပြုထားခဲ့၍ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ချုပ်ဆိုပေးပါရန် အသိပေး အကြောင်းကြားအပ်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ဆက်သွယ်ခြင်း ချုပ်ဆိုပေးခြင်းမရှိပါက အရောင်းအဝယ်မှတ်ပုံတင် စာချုပ်ကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဦးနေဝင်း(ခ)ဗိုလ်ကြီးနေဝင်း နှင့်တကွ အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်သူ	**လွှဲအပ်ချက်အရ**
ဒေါ်နီလာဝင်း	**ဦးအေးမင်းထွန်း LL.B**
	တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၀၇၁/၂၀၁၆)
	၃၂လမ်း၊ ၆၄x၆၅ကြား၊ ချမ်းအေးသာစံမြို့နယ်၊
	မန္တလေးမြို့။

အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ (ဘ)ဦးသိန်းနိုင်၏သမီး ဒေါ်ခင်မို့မို့ခိုင်(၈/ပခက(နိုင်)၂၈၇၆၈၂)သည် လူမှုပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင် ကောင်းသောဂုဏ်သတင်းဖြင့် ဂုဏ်သိက္ခာရှိစွာရပ်တည် နေထိုင်သူတစ်ဦးဖြစ်ပါသည်။ ဒေါ်ခင်မို့မို့ခိုင်၏ ခွင့်ပြုချက်မရှိဘဲ ၎င်း၏အမည်၊ ဓာတ်ပုံများအားအသုံးပြု၍ ဂုဏ်သိက္ခာကျဆင်းစေသော စကားလုံးများ၊ အသရေပျက်စေသောအသုံးအနှုန်းများဖြင့် ရေးသား၍ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ဖြန့်ဝေခြင်းများ၊ ဒေါ်ခင်မို့မို့ခိုင်အား အထင်အမြင်လွဲမှားစေရန်ရည်ရွယ်၍ အကောင့်အတုများဖန်တီးကာ နှောင့်ယှက်ခြင်းများ ပြုလုပ်မည်ဟုခြိမ်းခြောက်ပြောဆိုလျက်ရှိသောကြောင့် ယခုကြော်ငြာပါသည့်ရက်မှစ၍ ရပ်တန်းမှရပ်ပါရန် အသိပေးကြေညာအပ်ပါသည်။ ထို့ပြင် ဒေါ်ခင်မို့မို့ခိုင်နှင့်ပတ်သက်၍ မည်သူမဆို ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် မမှန်မကန် ကြေညာခြင်း၊ ဖြန့်ဝေခြင်း၊ ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်ခြင်း၊ အသရေပျက်စေခြင်း စသည်တို့ကိုပြုလုပ်လျှင်သော်လည်းကောင်း၊ ဒေါ်ခင်မို့မို့ခိုင်ထံသို့ မည်သည့်နည်းလမ်းနှင့်မဆို ထပ်မံနှောင့်ယှက်လျှင်သော်လည်းကောင်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားရလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ခင်မို့မို့ခိုင်၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အိဖြူနှင်း (LL.B, D.B.L, D.I.P.L)
အထက်တန်းရှေ့နေ (စဉ်-၅၄၅၇၈)
ဖုန်း-၀၉ - ၄၂၀၀၄၇၅၅၅

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ Star City (ကြယ်စင်မြို့တော် အိမ်ရာ) (CL 11) အခန်းအမှတ် (၅၁၇) ၅လွှာ၊ အကျယ်အဝန်းဧရိယာ(၄၈၄) ရှိ ကွန်ဒိုအခန်းနှင့် အဆိုပါကွန်ဒို အခန်းပေါ်တွင် တွယ်ကပ်တပ်ဆင်ထားသည့် ကိုယ်ပိုင်ရေမီတာ၊ ကိုယ်ပိုင်မီးမီတာ၊ ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးဉာဏ်လင်းထွန်း(၁၄/မမန(နိုင်)၁၈၁၁၂၉)မှ လက်ဝယ်ပိုင်ဆိုင်လျက် အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းသောကြောင့် ကျွန်ုပ်တို့မိတ်ဆွေ က အပြီးအပိုင်ဝယ်ယူမည်ဖြစ်သဖြင့် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပေးပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်တင်ဇာနည်နေဝင်း	**ဒေါ်ခင်နီလာအောင်**
(စဉ်-၉၅၇၃)	**(စဉ်-၁၅၉၉၃)**
တရားလွှတ်တော်ရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**

အမှတ်-၆၀/ဒီ၊အေးရိပ်သာ(၂)လမ်း၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊
ဆရာစံရပ်ကွက်၊ဗဟန်းမြို့နယ်၊ကမာရွတ်ခရိုင်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-09-43081694,09-5228165

ပတ်စ်ပို့ပျောက်

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ ၁၂ -ညံကွဲ ၊ မြို့ပတ်လမ်း၊ အောင်ချမ်းသာဘုန်းတော်ကြီးကျောင်းတိုက်နေ (ဘ) ဦးဆန်စော၏သား အရှင်ပဏ္ဍိတ (၇/ပခန(သ)၀၁၁၃၈၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉- ၆၆၅၆၃၉၅၅၁

မိဘအမည်မှန်

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အထက(ခွဲ)(၃)၊ မြဝတီ၊ Grade(4)မှ မောင်ပြည့်ဖြိုးမောင်၏ မိဘအမည်အမှန်မှာ ဦးမင်းနိုင်မိုးနှင့် ဒေါ်သွယ်သွယ် ဖြစ်ပါကြောင်း။

ဦးမင်းနိုင်မိုး နှင့် ဒေါ်သွယ်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/31726 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်လွင် ၇/အတန(နိုင်)၀၈၀၈၀၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(တောင်ငူ)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/17689, Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းသူရိန် ၉/မဟမ(နိုင်)၀၄၃၅၈၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 42W/92038, Kenbo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းသူရိန် ၉/မဟမ(နိုင်)၀၄၃၅၈၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း) မန္တလေးမြို့

ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သီလလမ်း၊ တိုက်အမှတ်(၂၆၀/ခ)၊ (၆)ထပ်တိုက်၏အခန်း(ဒုတိယထပ်/၃လွှာ)၊အကျယ်အဝန်း(၁၈ပေ× ၅၄ပေ)ရှိ တိုက်ခန်းအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးရှုပ (၁၂/ပဇတ(နိုင်) ၀၀၀၆၀၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော (၁) ဦးမြတ်မင်းထက်(၇/ပမန(နိုင်)၂၀၆၁၈၂)နှင့် (၂) ဒေါ်ခိုင်စာလွင်(၁၂/မရက(နိုင်)၁၄၇၉၀၅)တို့ကဝယ်ယူရန်အတွက် စရန်ငွေများပေးအပ်ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးထိန်လင်းသန်း	**လွှဲအပ်ညွှန်ကြားချက်အရ**	**ဒေါ်ပြည့်ပြည့်ဖြိုး**
LL.B, D.B.L, D.I.L, D.M.L		**LL.B, D.B.L, D.I.P.L**
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)		**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၀၄)**

ဖုန်း:- 09- 550 4265 , 09- 4500 171 36 , 09- 42 80 20 369

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး
၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၂၅

၁။ ဦးအောင်စိုးမိုး **နှင့်** ဒေါ်ဝင်းဝင်းမြင့်
၂။ ဒေါ်ဝေဝေလွင်
(တရားလိုများ) **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၆) ရပ်ကွက်၊ ပင်းယ (၁)လမ်း၊ အမှတ် (၁၀၁၉)နေ ဒေါ်ဝင်းဝင်းမြင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌တရားလိုများက "ပဋိညာဉ်အတိုင်းအိမ်နှင့်မြေ အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်အား မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ် စေ(သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ သင့်ကိုယ်စားရုံးတော်အခွင့် အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်ဖြစ်စေ၊ ၎င်းရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ခုနှစ်၊ နိုဝင်ဘာလ (၁၉) ရက် (၁၃၈၈–ခုနှစ်) တန်ဆောင်မုန်းလဆန်း (၁၀)ရက်၊ မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက် အမည်ပါသူ တရားလိုများ၏အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါနေ့တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင်သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ် စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ်သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုပါလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ၊ (၅)ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဝေနှင်းသူ)
မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်– ၅၊ နည်းဥပဒေ– ၂၀)
ပြင်ဦးလွင်ခရိုင်တရားရုံးတော်၌
၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၄၈

ဦးခင်မောင်လေး **နှင့်** ဦးထွန်းညို
တရားလို **တရားပြိုင်**

ဦးထွန်းညို၊ အမှတ် (၇၁/ ဃ)၊ သစ်တောလမ်း၊ ရပ်ကွက်ကြီး(၆)၊ ပြင်ဦးလွင်မြို့ (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ ဦးခင်မောင်လေးက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက် (၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ရက်) မွန်းမတည့်မီ ၉:၃၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်အတွင်း တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သီတာမျိုးသန့်)
ခရိုင်တရားသူကြီး
ပြင်ဦးလွင်ခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံးဥပဒေ အမိန့် – ၅၊ နည်းဥပဒေ ၂၀)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်–၄၂၅

ဦးသောင်းဟန် **နှင့်** ဒေါ်ကျန်ဝမ်းလီ
(၎င်း၏အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်ငြိမ်းငြိမ်းအေး
တရားလို **တရားပြိုင်**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၆၅ လမ်း၊ ၁၀၅x၁၀၆ လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်နေ ဒေါ်ကျန်ဝမ်းလီ (၎င်း၏အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်ငြိမ်းငြိမ်းအေး (ဘ) ဦးအေး) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဒေါ်ကျန်ဝမ်းလီ(၎င်း၏အထူးကိုယ်စားလှယ် လွှဲစာရရှိသူ ဒေါ်ငြိမ်းငြိမ်းအေး) သင့်အပေါ်၌ တရားလို ဦးသောင်းဟန်က မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် (ယ – ၃)၊ ဦးပိုင်အမှတ် – (၉၃)၊ ဧရိယာ (၀.၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးစိုးမြင့် အမည်ပေါက်ဂရန်မြေကွက်အား ပဋိညာဉ်အတိုင်းမှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်၊ (၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင်ထည့် အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မျိုးမင်းထွန်း)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

အမည်မှန်

ဦးဆောင်ဘောမ် ၏သား ကာမိုင်းမြို့၊ အထက(ကာမိုင်း) ကျောင်း၊ Grade–7 မှ မောင်ကိုလန်ဘန်လခုန်ဘောမ် ၏ အမည်မှန်မှာ မောင်ဘောမ်ဆောင် ဖြစ်ပါကြောင်း။

အမည်မှန်နှင့် မိဘအမည်မှန်

ကာမိုင်းမြို့၊ အထက(ကာမိုင်း) ကျောင်း၊ Grade–8 မှ မမေရီ ၏ အမည်မှန်မှာ မဖော်ရန်မေရီ ဖြစ်၍ ၎င်း၏ မိဘအမည်မှန်မှာ ဦးတန်ဂွန်း ၁/ကမတ(နိုင်)၀၀၃၅၈၀ နှင့် ဒေါ်လရှမ်းရွယ် ၁/ကမတ(နိုင်)၀၀၃၅၀၈ ဖြစ်ပါကြောင်း။

အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ဦးသန်းလင်း ၏သမီး ဖားကန့်မြို့ ၊ အထက(ဖားကန့်) ကျောင်း၊ Grade–9 မှ မစုပြည့် ၏ အမည်မှန်မှာ မစုပြည့်လင်း ဖြစ်၍ ၎င်း၏ မွေးသက္ကရာဇ်အမှန်မှာ ၁၆– ၂– ၂၀၁၀ ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း/အကွက်အမှတ်(၃/ပဒေသာ)၊ ဦးပိုင်အမှတ် (၂၃၃)၊ မြေဧရိယာ (၀ဒသမ၁၁၀) ဧကရှိ မြေကွက်အား မြေငှားဂရန် (ဂရန်သစ်)လျှောက်ထားနိုင်ရေး ဦးစောလှနိုင် ၉/ပဥလ(နိုင်)၀၁၂၆၄၄ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့

ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ မာလာလမ်း၊ အိမ်အမှတ်(၁၂၉)၊ (၁၅ပေx၂၅ပေ)ရှိမြေနှင့် ယင်းမြေပေါ်၌ ဆောက်လုပ်ထားသောလူနေအိမ်အဆောက်အအုံအပါအဝင် အဆိုပါအိမ်၊ မြေတို့နှင့် ပတ်သက်စပ်လျဉ်းသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချသူများဖြစ်သည့် ဒေါ်ရင်မော်(MNO–033500)နှင့် ဦးမောင်ယဉ် (၁၂/မရက(နိုင်)၀၄၄၀၀၄)ထံမှ ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေပေးချေပြီးဖြစ်သည်။ အဆိုပါ အိမ်၊ မြေတို့နှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းဖြင့် ကျွန်ုပ်ထံသို့လာရောက်တင်ပြ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဖူးပွင့်သီခိုင်(၅/ကလထ(နိုင်)၃၃၀၈၅၈)၏
လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်ချယ်ရီဝင်း (LL.B , D.B.L)၊ တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၄၀၁)
အမှတ်(၆၇၂)၊သမိုင်း(၇)လမ်း၊(၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်မြို့၊ဖုန်း–၀၉–၄၀၁၅၅၁၆၆၀၊ ၀၉–၄၃၀၀၉၅၁၆

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ အင်းစိန်လမ်း၊ မြေကွက်အမှတ် (၅၉) ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ(၆)ထပ် RC အဆောက်အအုံမှ ရောင်းချသူ ဒေါ်ခင်ဆွေဝင်း (၁၂/အစန(နိုင်)၀၄၄၉၆၇)မှ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသည့် (၃လွှာ၊ A)၊ ခေါင်းရင်းခြမ်း (၁၂ $\frac{3}{4}$x ၅၀)ပေ အကျယ်အဝန်းရှိ တိုက်ခန်းသည် အရှုပ်အရှင်းကင်းရှင်း၍ ရောင်းချသူမှ မိမိတစ်ဦးတည်း၏ သဘောဆန္ဒဖြင့် လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အထက်ပါတိုက်ခန်းအား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည့်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးထက်ဇေဟိန်း(LLB) တရားလွှတ်တော်ရှေ့နေ(စဉ် ၁၉၄၇၇)
အခန်း(၂၁၀၄)၊ အရိုးရောဂါအထူးကုဆေးရုံကြီးဝန်ထမ်းအိမ်ရာ(၂)၊ ဟံသာဝတီလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း–၀၉–၇၇၅၃၄၁၄၄၄

"ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

